# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၆)**


၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၂၀ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆) ၊ အမှတ် (၁၇၁)


# ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး နေပြည်တော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိ


စာ » ၄


## ကျောက်မျက်ရိုင်းများ နှင့် ကျောက်စိမ်း အသားကျောက်များ ပြသရောင်းချ

**နေပြည်တော် မတ် ၁၉**

မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ပြသရောင်းချပွဲကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်း စတင်ကျင်းပသည်။

အဆိုပါ ပြသရောင်းချပွဲသည် ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များကိုသာ ပြသရောင်းချခြင်းဖြစ်ပြီး ကျောက်မျက်အတွဲ ၁၉၅ တွဲနှင့် ကျောက်စိမ်းအတွဲ ၄၄၅၄ တွဲကို ပြသရောင်းချသွားမည်ဖြစ်သည်။

"ကျောက်မျက်ရိုင်းနဲ့ ကျောက်စိမ်းအသားကျောက် တစ်ပိုင်တစ်နိုင်လုပ်ငန်းတွေက နိုင်ငံအတွင်းမှာ ရှိကြတယ်၊ အများအားဖြင့် အဲဒီလုပ်ငန်းလုပ်ကိုင်နေကြသူတွေဟာ လိုင်စင်ရယူပြီးလုပ်ကိုင်နေကြတာဖြစ်ပါတယ်၊ သူတို့က တူးဖော်ရေးအဖွဲ့တွေမဟုတ်ဘဲ အချောထည်လုပ်ငန်းလုပ်ကိုင်ကြသူတွေ ဖြစ်ပါတယ်။ သူတို့တစ်တွေ အချောထည်ထုတ်လုပ်နိုင်အောင် မြန်မာကျပ်ငွေနဲ့ ကုန်ကြမ်းရောင်းချပေးတာဖြစ်ပါတယ်။ အချောထည်ဈေးကွက်ကို ဖော်ဆောင်နိုင်ဖို့ ပြသရောင်းချတာ ဖြစ်ပါတယ်။ ကျောက်စိမ်းကျောက်မျက်အချောထည်တွေ ပြည်တွင်းမှာ ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းမှာ ကျောက်စိမ်းကျောက်မျက်နဲ့ ပတ်သက်တဲ့ အလုပ်အကိုင်တွေ ပိုမိုပေါ်များလာမှာဖြစ်ပါတယ်"ဟု မြန်မာ


*စာမျက်နှာ ၃ ကော်လံ ၁* ❖





# မြန်မာနိုင်ငံ၏ ပထမဆုံးသော မီးအလှပွဲတော်ကျင်းပ

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံးသော မီးအလှပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ယနေ့ညနေ ၅ နာရီမှ စတင်ထွန်းညှိ ကျင်းပလျက်ရှိကြောင်း အဆိုပါပွဲတော်ကို ဦးစီးကျင်းပသည့် DN Development Group မှ သိရသည်။


*စာမျက်နှာ ၃ ကော်လံ ၄* ❍


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နဂါးပွက်တောင်တော် ပြင်ဆင်တည်ဆောက်ပြီးစီးမှု ကြည့်ရှု


စာ - ၃





# ကလေးများနှင့် ကလေးစာပေ

အမေရိကန်ကလေးများ စာဖတ်သည့် အလေ့အထနှင့်ပတ်သက်၍ သုတေသနအဖွဲ့တစ်ဖွဲ့၏ လေ့လာဆန်းစစ်ချက်တစ်ရပ်မှာ စိတ်ဝင်စားဖွယ်ကောင်းကြောင်း မကြာမီက သတင်းတစ်ပုဒ်တွင် ဖတ်ရှုရသည်။ အသက်ခြောက်နှစ်မှ ၁၇ နှစ်အကြားရှိ အမေရိကန် ကလေး ၁၀ ဦးလျှင် ခြောက်ဦးခန့်က ပျော်ရွှင်ခြင်းအလို့ငှာ စာဖတ်ခြင်းဖြစ်သည် သို့မဟုတ် စာဖတ်ရခြင်းကို နှစ်သက်စွဲလမ်းခြင်းကြောင့် စာဖတ်ကြသည်ဟု ဆိုကြောင်း အဆိုပါလေ့လာချက်တွင် ဖော်ပြထားသည်။

၂၀၁၀ ပြည့်နှစ်မတိုင်မီက အမေရိကန်ကလေးငယ် ၆၀ ရာခိုင်နှုန်း စာဖတ်ဝါသနာပါခဲ့ကြသော်လည်း ယခုအခါ ၅၈ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ရာ အသက်အုပ်စုအလိုက် ထပ်မံခွဲခြားကြည့်ပါက အသက် ၁၂ နှစ်မှ ၁၄ နှစ်ကြားအုပ်စုမှာ စာဖတ်နှုန်းကျဆင်းမှု ကြီးကြီးမားမား ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခင်က ယင်းအသက်အုပ်စု၏ ၆၁ ရာခိုင်နှုန်း စာဖတ်ဝါသနာပါခဲ့ကြသော်လည်း ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ၅၀ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း သိရသည်။ သို့ရာတွင် အသက် ၁၅ နှစ်မှ ၁၇ နှစ်ကြားအရွယ်အုပ်စုတွင်မူ စာဖတ်နှုန်းမှာ ယခင် ၅၀ ရာခိုင်နှုန်းမှ ယခု ၅၄ ရာခိုင်နှုန်းသို့ မြင့်တက်လာသည်ဟု ဆိုသည်။

ထူးခြားသည့်အချက်တစ်ရပ်မှာ နည်းပညာထွန်းကား၍ e-book များ တွင်တွင်ကျယ်ကျယ်ဖတ်ရှုနေသည့် အမေရိကန်လူ့အဖွဲ့အစည်းမှ စာဖတ်သူကလေးများ၊ လူငယ်များ၏ ထက်ဝက်ခန့်က စက္ကူပေါ်တွင် ပုံနှိပ်ထားသောစာအုပ်ကိုသာ ပို၍နှစ်သက်သည်ဟု ဆိုခြင်းပင်ဖြစ်သည်။ e-book ဖတ်ရှုနေသူ၏ ၁၆ ရာခိုင်နှုန်းကသာလျှင် ပုံနှိပ်စာအုပ်ထက် ဒစ်ဂျစ်တယ်စာအုပ်ကို ပို၍နှစ်သက်သည်ဟု ဆိုကြသည်။ တစ်ဖန် စာဖတ်သူစုစုပေါင်း၏ သုံးပုံနှစ်ပုံခန့်ကလည်း ပုံနှိပ်စာအုပ်များ ဖတ်ရှုရခြင်းကိုသာ ပို၍ကြိုက်နှစ်သက်သည်ဟုဆိုထားရာ ဒစ်ဂျစ်တယ်စာအုပ်များကြောင့် ပုံနှိပ်စာအုပ်များ အနာဂတ်ပျောက်ရမည်ဟူသည့် ထင်မြင်ယူဆချက်များမှာလည်း မှားယွင်းနေသေးသည်ကို တွေ့ရသည်။

အမေရိကန်နိုင်ငံမှ စာဖတ်သူမိဘများရော ကလေးများပါ အကြိုက်ဆုံးအဖြစ် ရွေးချယ်ကြသောစာအုပ်မှာ ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲများဖြစ်ပြီး ဂျွန်နီဘီဂျုံးစ်၊ ငကြောက်ကလေး၏ ဒိုင်ယာရီ စသည့်စာအုပ်များမှာလည်း လူကြိုက်များသည်ဟု ဆိုသည်။ စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်တစ်ရပ်မှာ မိသားစုဝင်ငွေပမာဏနှင့် စာဖတ်သည့်ဝါသနာတို့ တိုက်ရိုက်အချိုးကျနေခြင်းပင်ဖြစ်သည်။ ဝင်ငွေများများရသူတို့က စာအုပ်များများ ဝယ်ယူဖတ်ရှုလေ့ရှိကြပြီး ဝင်ငွေနည်းသူတို့က စာအုပ်နည်းနည်းသာ ဖတ်ရှုလေ့ရှိကြသည်ဟု အဆိုပါလေ့လာချက်က ဆိုထားသည်။

မည်သို့ပင်ဆိုစေ စာဖတ်ခြင်းအလေ့အထကို ငယ်စဉ်ကပင် ပြုစုပျိုးထောင်ပေးခြင်းအားဖြင့် ကလေးများ စကားပြောနိုင်သည့် စွမ်းရည်၊ စိတ်ကူးဉာဏ်ထက်သန်ကောင်းမွန်မှု၊ အများနှင့်ပေါင်းသင်းဆက်ဆံတတ်မှု၊ အာရုံစူးစိုက်မှုနှင့် ဓလေ့စည်းကမ်းတို့ကို လိုက်နာတတ်မှု၊ စဉ်းစားတွေးခေါ်မြော်မြင်တတ်မှု စသည့် အကျိုးရလဒ်ကောင်းများ ရရှိဖြစ်ပေါ်စေနိုင်မည် ဖြစ်သည်။ အထူးလိုအပ်ချက်မှာ ကလေးများ၏ အသက်အရွယ်အလိုက်၊ ၎င်းတို့၏ အသိဉာဏ်ဖွံ့ဖြိုးမှုအလိုက်၊ ၎င်းတို့နှင့်ကိုက်ညီသည့် စာအုပ်များ၊ ကလေးတို့နှစ်သက်ဖွယ်၊ စွဲလမ်းဖွယ်၊ ဖတ်ချင်စဖွယ်စာအုပ်များ ကလေးတို့နှင့် လက်လှမ်းတစ်မီတွင် အသင့်ရှိနေရေး ဖန်တီးပေးထားရန်နှင့် ကလေးများ စာဖတ်ခြင်းအလေ့အထကို စတင်လက်ဆင့်ကမ်းသူမှာ မိဘများပင်ဖြစ်ပါကြောင်း ကလေးစာပေပွဲတော်များကို ကြိုဆိုဂုဏ်ပြုကာ တင်ပြအပ်ပါသည်။ ။




## ရွှေတိဂုံစေတီတော်မြတ်ကြီး၌ နှစ်ဆန်းတစ်ရက်နေ့တွင် စုပေါင်းသွေးလှူဒါန်းကြမည်

**ရန်ကုန် မတ် ၁၉**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၉)ကြိမ်မြောက် ဒါနဥပပါရမီစုပေါင်း သွေးလှူဒါန်းပွဲကို ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်) တနင်္လာနေ့ နံနက် ၈ နာရီမှစတင်ကာ စေတီတော်ရင်ပြင်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပမည်ဖြစ်သည်။ စေတနာအလျောက် သွေးလှူဒါန်းလိုသူများ စေတီတော်ဂေါပကအဖွဲ့ရုံးသို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **ကိုချစ်**

## ထင်သာမြင်သာပြုပြင်စရာ

# မြို့ပြသို့ကျောင်းတက်နိုင်ရန်နှင့် ဒေသထွက်ကုန်များ ပို့ဆောင်နိုင်ရန် ကျောင်းပြိန်းဆိုင်းခေါင်တံတား ပြုပြင်ပေးရန်မျှော်လင့်

**သီပေါ မတ် ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် တုံစင့်ကျေးရွာအုပ်စု ကျောင်းပြိန်းဆိုင်းခေါင်သစ်သားတံတားသည် သက်တမ်းရှည်ကြာနေပြီး အောက်ခြေပေါင်တန်းများ ဆွေးမြည့်နေခြင်း၊ လက်ရန်းတိုင်များ မရှိတော့ခြင်း၊ အောက်ခင်းကြမ်းပြင်များ ကျိုးပဲ့နေခြင်းနှင့် ချုံနွယ်များ တွယ်ကပ်နေခြင်းတို့ကြောင့် ပြန်လည်ပြုပြင်ပေးရန် လိုအပ်နေကြောင်း တွေ့ရသည်။

အဆိုပါတံတားသည် ချောင်းဆုံ၊ တက်လိုင်၊ ဆွန်လုံ၊ ကျောင်းပြိန်းရွာများနှင့် မြို့ပြသို့ဆက်သွယ်ရန် အဓိကကျသော တံတားဖြစ်၍ ဆွမ်းခံကြွသံဃာတော်များ၊ ကျောင်းသားကျောင်းသူများ ကျောင်းဖွင့်ချိန်အမီ အန္တရာယ်ကင်းစွာ ကျောင်းတက်နိုင်ရေးနှင့် ဒေသထွက်



သီးနှံများ သယ်ယူပို့ဆောင်ရန် အချိန်မီပြုပြင်ပေးနိုင်ရေးအတွက် ဒေသခံများက မျှော်လင့်လိုလားလျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၉-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၁၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၅၅/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၂ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၁ · ၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၈၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၇၅ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ · ၂၈ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နဂါးပွက်တောင်တော် ပြင်ဆင်တည်ဆောက်ပြီးစီးမှု ကြည့်ရှု

**နေပြည်တော် မတ် ၁၉**

အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (မကွေး) အိမ်ရာများ ပထမအကြိမ် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအိမ်ရာ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်သည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ခန္ဓာစွန့်လွှတ်ရသည်များ၊ စစ်မှုထမ်းဟောင်းများနှင့်ပတ်သက်သည့် အခွင့်အရေးများအား နိုင်ငံတော်အပိုင်းမှ ဥပဒေနှင့်အညီ ထည့်သွင်းစဉ်းစား လုပ်ဆောင်နိုင်ရန် တင်ပြဆောင်ရွက်ခဲ့ကြောင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်ရန်အတွက် မြေနေရာရွေးချယ်ရာတွင်လည်း နေထိုင်ရေးအတွက် ရေ၊ မီး အဆင်ပြေမှု သာမက သွားလာရေးအတွက်လည်း ကျောင်း၊ ဆေးရုံ၊ အလုပ်အကိုင်အခွင့်အလမ်း စသည်တို့ကိုပါ ထည့်သွင်းစဉ်းစား၍ တည်နေရာကို ရွေးချယ်ခဲ့ကြောင်း၊ စစ်မှုထမ်းဟောင်းများနှင့် မိသားစုများ နေထိုင်ရေးအတွက် ငွေကြေးသုံးစွဲကုန်ကျမှု မြောက်မြားစွာဖြင့် လုပ်ဆောင်ပေးခြင်းဖြစ်၍ စစ်မှုထမ်းဟောင်းအိမ်ရာများတွင် အမှန်တကယ်နေထိုင်သူများဖြစ်ရန်နှင့် စီးပွားရေးအတွက် အသုံးမချရန် မှာကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အိမ်ရာနေထိုင်ခွင့် လက်မှတ်များနှင့် အခန်းသော့များအား စစ်မှုထမ်းဟောင်းများနှင့် မိသားစု ကိုယ်စားလှယ်များထံ ပေးအပ်သည်။

ယင်းနောက် တာဝန်ရှိသူများက အိမ်ရာတွင်နေထိုင်မည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် ဘုရားဆင်းတုတော်များ၊ စားသောက်ဖွယ်ရာများ၊ မီးဖိုချောင်သုံးပစ္စည်းများကို ပေးအပ်ကြပြီး စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက စစ်မှုထမ်းဟောင်းများအတွက် ပုဆိုးများနှင့် စစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်ခဲ့သည့် ဆောက်လုပ်ရေးကုမ္ပဏီအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ(မကွေး)သည် ပဉ္စမအကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ကာ အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာများအား နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့တို့တွင် အသီးသီးဆောက်လုပ်၍ တိုက်ခန်း ၇၅၀ တွင် စစ်မှုထမ်းဟောင်းများနှင့် မိသားစုများအား နေရာချထားပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား အားပေးစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့သည် မကွေးမြသလွန်စေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ရှိ နဂါးပွက်တောင်တော်သို့ ရောက်ရှိကြကာ ၂၀၁၆ ခုနှစ် သြဂုတ် ၂၄ ရက်က အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့သည့် နေရာများအား တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းပြီး ပြန်လည်ပြင်ဆင် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲ ရွှေစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နဂါးပွက်တောင် ပြင်ဆင်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစဉ်** (သတင်းစဉ်)

---

❖ ***ရွှေဖိုးမှ***

ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ စီမံရေးရာလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသန်းဇော်ဦးက ပြောကြားသည်။

**အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချ**

အဆိုပါ ပြသရောင်းချပွဲတွင် ကျောက်မျက်ရိုင်းစျေးနှုန်းအဆိုပြုလွှာများကို မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် တင်သွင်းကြရမည်ဖြစ်ပြီး မတ် ၂၁ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ ကျောက်စိမ်းအသားကျောက်အတွဲများ ပြသရောင်းချခြင်း အတွဲအမှတ် (၁)မှ (၁၅၀၀)ကို မတ် ၂၁ ရက်တွင် စျေးနှုန်းပေးသွင်းလွှာထည့်သွင်းရမည်ဖြစ်ပြီး ဝယ်ယူခွင့်ရရှိသူများကို မတ် ၂၂ ရက်တွင် လည်းကောင်း၊ အတွဲအမှတ် (၁၅၀၁) မှ (၃၀၀၀) ထိကို မတ် ၂၂ ရက်တွင် စျေးနှုန်းပေးသွင်းလွှာ ထည့်သွင်းပြီး ဝယ်ယူခွင့်ရရှိသူများကို မတ် ၂၃ ရက်တွင် လည်းကောင်း၊ အတွဲအမှတ် (၃၀၀၁)မှ (၄၄၅၄) ထိကို မတ် ၂၃ ရက်တွင် စျေးနှုန်းပေးသွင်းလွှာ ထည့်သွင်းပြီး မတ် ၂၄ ရက်တွင် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုတ်ပြန်ကြေညာရောင်းချပေးသွားမည်ဖြစ်သည်။

**လာရောက်လေ့လာ**

မွန်းတည့် ၁၂ နာရီတွင် အဆိုပါပြသရောင်းချပွဲသို့ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးမင်းသူ၊ ဒေါ်စံပယ်ထွေးနှင့် အဖွဲ့ဝင်များက လာရောက်လေ့လာခဲ့ကြသည်။

**မင်းမင်းဇော်(သတင်းစဉ်)**

**ဓာတ်ပုံ-ခွန်ဝင်းပ**



---



❍ ***ရွှေဖိုးမှ***

"အခုလို မြန်မာနိုင်ငံမှာ ပထမဆုံး မီးအလှပွဲတော် လုပ်ဖြစ်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ တက္ကသိုလ်ဝင်တန်းဖြေပြီးတဲ့ အချိန်မှာ စာမေးပွဲဖြေထားတဲ့ ကလေးတွေရယ်၊ အများပြည်သူလူထုရယ် လာရောက်အပန်းဖြေ အနားယူနိုင်ဖို့နဲ့ အလှဓာတ်ပုံတွေရိုက်ပြီး အမှတ်တရဖြစ်စေဖို့၊ ညနေခင်းစိတ်အေးချမ်းပျော်ရွှင်မှုကို ပေးစေချင်တဲ့အနေနဲ့ လုပ်ဖြစ်ခဲ့တာပါ။ စင်ကာပူပွဲတော်တစ်ခုကို ကျွန်တော်တို့သွားတော့ မြန်မာနိုင်ငံမှာလည်း ဒီလိုမျိုးမီးထွန်းပွဲတော်ကျင်းပရင် ကောင်းမှာပဲလို့ စိတ်ကူးမိခဲ့တယ်။ ဒါကြောင့် တိုင်းဒေသကြီးဝန်ကြီးချုပ်ကြီးဆီ သွားရောက်ရှင်းပြတော့ လုပ်မယ်ဆိုရင်တော့ တက္ကသိုလ်ဝင်စာမေးပွဲတွေပြီးလို့ ကျောင်းပိတ်ရက်ဆိုရင် လုပ်ပါလို့ ခွင့်ပြုခဲ့တာနဲ့ အခုလို လုပ်ဖြစ်ခဲ့တာ ပါ"ဟု မီးအလှပွဲတော်ကို ဦးဆောင်စီစဉ်ကျင်းပခဲ့သည့် DN Development Group မှ ပရောဂျက်ဒါရိုက်တာ ကိုဟိန်းထက်က ပြောသည်။

**အရုပ်ပေါင်း အခု ၆၀ ဖြင့် ဖန်တီး**

ယနေ့စတင်ကျင်းပသည့် မြန်မာနိုင်ငံ၏ ပထမဆုံးမီးအလှပွဲတော်သည် ငါးကေကျယ်ဝန်းပြီး အဆိုပါဧရိယာအတွင်း၌ LED မီးလုံးပေါင်း သန်း ၇၀ ဖြင့် အသည်းပုံ၊ ပန်းအလှပုံ၊ ဆင်ပုံ စသည့် အရုပ်ပေါင်း အခု ၆၀ ကို ဖန်တီးပြုလုပ်ထားသည်ကို တွေ့ရသည်။ အဆိုပါ မီးအလှပွဲတော်တွင် LED မီးသီးပေါင်း သန်း ၇၀ ထွန်းညှိထားသော်လည်း မီးအားကုန်ကျမှု အနေဖြင့် အများကြီးကုန်ကျမှုမရှိဘဲ သုံးထပ်အိမ်တစ်လုံး၌ အသုံးပြုထားသော မီးဓာတ်အားကုန်ကျမှုလောက်သာ ရှိခဲ့ကြောင်း အဆိုပါပွဲတော်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဖွင့်လှစ်ပြသသွားမည်**

အဆိုပါ မြန်မာနိုင်ငံ၏ ပထမဆုံးသော မီးအလှပွဲတော်ကြီးကို ယနေ့ မတ် ၁၉ ရက်မှ ဧပြီ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဝင်ကြေးအနေဖြင့် လူကြီးတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၊ ကျောင်းသားကတ်ပြနိုင်သော ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀ နှုန်း၊ ငါးနှစ်အောက်ကလေးများဆိုလျှင် အခမဲ့ဝင်ရောက်ကြည့်ရှု အပန်းဖြေနိုင်မည်ဖြစ်သည်။ ယနေ့ ပထမဆုံးနေ့တွင် လာရောက်အပန်းဖြေသော ပြည်သူတစ်သောင်းဝန်းကျင်အထိ ရှိခဲ့ပြီး နေ့စဉ် ညနေ ၅နာရီမှ ည ၁၀နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

# ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး နေပြည်တော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိ



**နေပြည်တော် မတ် ၁၉**

ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးသည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

ဧည့်သည်တော်ဖိလစ်ပိုင်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး Mr.Alex Chua နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ညပိုင်းတွင် ဖိလစ်ပိုင်သမ္မတသည် မြန်မာနိုင်ငံရှိ ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရှိ ဖိလစ်ပိုင် အသိုက်အဝန်းနှင့် Horizon Lake View ဟိုတယ်၌ သီးခြားစီတွေ့ဆုံခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မုံရွာ-စစ်ကိုင်း ခရိုင်ချင်းဆက်မြေသားလမ်းကို ကျောက်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် ရှိ မရှိ မေးခွန်းထုတ်

**မုံရွာ မတ် ၁၉**

ရန်ကုန်မြို့ ဓမ္မစေတီဆရာတော်ကြီး ဖောက်လုပ်လှူဒါန်းထားသော စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်တို့ ဆက်သွယ်ထားသည့် မိုင် ၂၀ အရှည် ခရိုင်ချင်းဆက်မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆောင်ရွက်ပေးမည်ဆိုလျှင် လမ်းဘေး ဝဲ၊ ယာကျေးရွာပေါင်း ၁၅ ရွာ၏ ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း မတ် ၁၆ ရက်က သတ္တမမြောက်နေ့အဖြစ်ပြုလုပ်သော တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးအပြီး ကြယ်ပွင့်ပြမေးခွန်းမေးသည့် မုံရွာမြို့နယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်ထံမှ သိရသည်။

ရန်ကုန်မြို့ ဓမ္မစေတီဆရာတော်ကြီး ဖောက်လုပ်လှူဒါန်းပြီးစီးခဲ့သည့် စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်ဆက်ထားသော မြေသားလမ်းမိုင် ၂၀ ခရိုင်ချင်းဆက်လမ်းကို ကျောက်ချောလမ်းဖောက်လုပ်ပေးရန်နှင့် ဖောက်လုပ်ပေးမည်ဆိုပါက အနီးစပ်ဆုံးဘတ်ဂျက်လျာထားမှုကို တင်ပြပေးရန်နှင့် လျာထားဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိကို လွှတ်တော်မှတစ်ဆင့် တိုင်းဒေသကြီးအစိုးရကို မေးမြန်းခဲ့သည်။

"စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်နဲ့ မုံရွာခရိုင် မုံရွာမြို့နယ်၊ အရာတော်မြို့နယ် တို့ရဲ့ သုံးမြို့နယ်အစွန်အဖျားမှာရှိတဲ့ တြိဂံဒေသဟာ မန္တလေး-မြင်းမူ-မုံရွာ ကားလမ်းနဲ့ မုံရွာ-အရာတော်-ရွှေဘို ကားလမ်းတွေနဲ့ အလှမ်းကွာဝေးတဲ့ဒေသတွေဖြစ်ပါတယ်။ ဒါ့ကြောင့် ဒေသခံတွေ ဖွံ့ဖြိုးမှုနောက်ကျ ကျန်နေတာကို တွေ့နေရပါတယ်။ ဒါကိုသိတဲ့ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်က ဓမ္မစေတီနာယကဆရာတော်က ဒေသဖွံ့ဖြိုးရေးအထောက်အကူဖြစ်စေဖို့ မြေသားလမ်းကိုဖောက်လုပ်ပြီး လမ်းတစ်လျှောက်က ရေကျော်တွေ၊ ချောင်းကူးတံတားတွေတည်ဆောက်ဖို့အတွက် အလှူရှင်တွေက ငွေကျပ်သိန်း ၁၀၀၀ ကျော် အကုန်အကျခံကာ အကျယ်ပေ ၅၀ နဲ့ အရှည်မိုင် ၂၀ မြေသားလမ်းကြီးကို ဖောက်လုပ်တည်ဆောက်ထားပြီးဖြစ်ပါတယ်။ အဲဒီလမ်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံဖောက်လုပ်ပေးမယ်ဆိုရင် လမ်းတစ်လျှောက်က ရွာ ၁၅ ရွာရဲ့ဒေသဖွံ့ဖြိုးရေးကို အများကြီးအထောက်အကူပြုစေမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ပြောကြားသည်။

ဒေါ်အောင်ကြည်၏ လွှတ်တော်မှတစ်ဆင့် မေးမြန်းမှုကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ဖြေကြားရာတွင် တင်ပြထားသော ရန်ပုံငွေကျလာပါက ကတ္တရာလမ်းကို အဆင့်မြှင့်ပေးသွားရန် အစီအစဉ်ရှိကြောင်း ဖြေကြားခဲ့သည်။ ဆရာတော်နှင့် အလှူရှင်များကဖောက်လုပ်သည့် မြေသားလမ်းမသည် စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် အရာတော်-ထီးဆောင်းကားလမ်းပေါ်ရှိ ငကင်း-မင်းရွာနှင့် မုံရွာ-အရာတော်-ရွှေဘိုကားလမ်းပေါ်ရှိ ကျောက္ကာရွာကို ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်သည်။ ယခုမြေသားလမ်းကို ကျောက်ချောလမ်းခင်းပါက ကုန်တင်ယာဉ်များ၊ ဝန်တင်ယာဉ်များအတွက် သွားလာရန် ၆၅ မိုင်ဖြတ်လမ်းအဖြစ် စစ်ကိုင်း-မုံရွာကို အချိန်တိုအတွင်းသွားလာနိုင်မည်ဖြစ်ပြီး ခရီးသွားသူများအတွက် ခရီးတို၊ စရိတ်သက်သာ၊ အန္တရာယ်ကင်းစွာ သွားလာခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# JICA နှင့် ပူးပေါင်းဆောင်ရွက်သော ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် သီးနှံစေ့အရည်အသွေးစစ်ဓာတ်ခွဲခန်း အကောင်အထည်ဖော်



**ပြည် မတ် ၁၉**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သော ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) အတွင်း အကျိုးအမြတ်ဖြစ်ထွန်းစေမည့် ရေသွင်းစိုက်ပျိုးရေးစနစ်ဖော်ဆောင်ရေးစီမံကိန်း၏ ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် သီးနှံစေ့ အရည်အသွေးစစ်ဓာတ်ခွဲခန်းဖွင့်လှစ်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ အဆိုပါ ဓာတ်ခွဲခန်းအဆောက်အအုံရှေ့၌ မတ် ၁၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် စီမံကိန်းမန်နေဂျာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်က တိုင်းဒေသကြီး (အနောက်ခြမ်း) အတွင်းရှိ စိုက်ပျိုးရေးနှင့် သီးနှံဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူဦးကြီးများ၏ သီးနှံများစိုက်ပျိုးရာတွင်လည်းကောင်း၊ ကြိတ်ခွဲရောင်းချရာတွင်လည်းကောင်း သီးနှံအရည်အသွေးများ အဆင့်မြင့်မားလာစေရန်နှင့် အကျိုးအမြတ်များ ဖြစ်ထွန်းလာစေရန် JICA နှင့်ပူးပေါင်း၍ ယခုကဲ့သို့ ရေသွင်းစိုက်ပျိုးရေးစနစ်ဖော်ဆောင်ရေး စီမံကိန်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် သီးနှံစေ့အရည်အသွေးစစ် ဓာတ်ခွဲခန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းမြင့်က စိုက်ပျိုးရေးကဏ္ဍတွင် မျိုးစေ့နှင့် သီးနှံစေ့အရည်အသွေးထိန်းသိမ်းခြင်း၏ အရေးပါမှုအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ JICA မှ ဂျပန်ပညာရှင်က ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ၌ ဆောင်ရွက်သည့် ယခုစီမံကိန်းသည် ဒေသတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းကို စိတ်ပါဝင်စားစွာ လုပ်ကိုင်နေသော Stakeholder များအားလုံး အကျိုးအမြတ်များ ပိုမိုဖြစ်ထွန်းရရှိစေရန်နှင့် ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် သီးနှံများ၏အရည်အသွေး တိုးတက်လာစေရန် အဓိကထားရည်ရွယ်ကြောင်း၊ ရေသွင်းစိုက်ပျိုးခြင်းဖြင့် ရေကို အကျိုးရှိစွာ အသုံးပြုခြင်း၊ သင့်လျော်သော ထွန်ယက်စိုက်ပျိုးနည်းများကို ကူးပြောင်းခြင်း၊ မျိုးစေ့ပွားခြင်းစနစ်ကို တည်ထောင်ခြင်း၊ ဈေးကွက်နှင့် ဖြန့်ဖြူးရေးစနစ်ကို ပိုမိုချောမွေ့အောင် ဆောင်ရွက်ခြင်း အစရှိသည်တို့နှင့်ပတ်သက်၍ ယင်းဓာတ်ခွဲခန်းမှ လိုအပ်သောပံ့ပိုးကူညီမှုများ၊ သတင်းအချက်အလက်များနှင့် နည်းပေးလမ်းညွှန်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် တောင်သူများက ဓာတ်ခွဲခန်းအတွင်း ပြသထားသောသီးနှံစေ့များနှင့် ဓာတ်ခွဲခန်းသုံးကိရိယာများကို လေ့လာကြည့်ရှုကြသည်။ အဆိုပါ စီမံကိန်းနယ်မြေသည် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုဆည်ရေသောက်စနစ်များအတွင်း၌ တည်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အထွေထွေရောဂါကု ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့၏ (၁၉) ကြိမ်မြောက် အထွေထွေရောဂါကု ဆရာဝန်ညီလာခံကို ရန်ကုန်မြို့ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ညီလာခံ၌ခင်းကျင်းပြသမည့် ဆေးနှင့် ဆေးပစ္စည်းကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးလိုပါသဖြင့် မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ် ၂၄၉၊ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ) သို့ ဆေးနှင့် ဆေးပစ္စည်းကိုယ်စားလှယ်များအားလုံးတက်ရောက်ကြရန် အသိပေးထားကြောင်း သိရသည်။

**ဗထူး**

# မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့၌ ရဲတပ်ဖွဲ့ဝင်များက သောက်သုံးရေလှူဒါန်း

**နေပြည်တော် မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စီရင်စုကျေးရွာရှိ အိမ်ခြေ ၉၀၊ အိမ်ထောင်စု ၉၀ တို့အတွက် မတ် ၁၈ ရက် နံနက် ၈ နာရီခွဲမှ ၁၀ နာရီ ခွဲအထိ ကျောက်ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက သောက်သုံးရေ ဂါလန် ၅၅၀၀ ခန့်ကို သွားရောက်လှူဒါန်းခဲ့ကြောင်းသိရသည်။

အလားတူ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ပေါက်တောကျေးရွာရှိ သီရိမင်္ဂလာဘုန်းကြီးကျောင်း၌ မြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းသန်းဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက သောက်သုံးရေဂါလန် ၄၈၀၀ ခန့်ကို သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုရဲ**



# မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာနယ်ဇင်းဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပပြီးစီး

**ရန်ကုန် မတ် ၁၉**
မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ကြီးမှူးကျင်းပသော မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာနယ်ဇင်းဈေးရောင်းပွဲတော် ဒုတိယနေ့အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

နံနက်ပိုင်း စာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ပါမောက္ခ ဒေါက်တာမောင်မောင်စံနှင့် ဦးဇေယျာလှိုင်တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင် ဦးအောင်လှထွန်းက **"မြန်မာနိုင်ငံနှင့် နိုင်ငံတကာသတင်းမီဒီယာများ"** စာတမ်း၊ ဦးချစ်နိုင် (စိတ်ပညာ)က **"သတင်းစာဆရာကောင်း ဖြစ်နည်း"** စာတမ်းနှင့် ဒေါ်သင်းသင်းသာက **"မြန်မာသတင်းလောကနှင့် အမျိုးသမီးများ"** စာတမ်းတို့ကို ဖတ်ကြားကြသည်။

မွန်းလွဲပိုင်း စာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဒေါက်တာဇော်သန်းနှင့် ဦးခိုင်မြတ်ကျော်တို့က ဆောင်ရွက်ကြပြီး ဦးဟန်ညွန့် (ဦးဟန်ညွန့်-ဥပဒေ)က **"သတင်းမီဒီယာသမားများ သိထားသင့်သည့် ဥပဒေအချို့"** စာတမ်း၊ ဒေါက်တာတင်ထွန်း(သထုံတင်ထွန်း)က **"နိုင်ငံရေးနှင့် သတင်းစာဆရာ၏ မဟာဗျူဟာရည်မှန်းချက်"** စာတမ်းနှင့် ဦးဇေယျနှင့် ဦးမျိုးကိုမျိုးတို့ ရေးသားသော **"မြန်မာမီဒီယာနှင့် မြန်မာနိုင်ငံရေး"** စာတမ်းကို ဦးဇေယျက ဖတ်ကြားကာ ညနေပိုင်းတွင် စာတမ်းဖတ်ပွဲ အောင်မြင်စွာပြီးစီးသည်။

နှစ်ရက်တာကျင်းပသည့် စာတမ်းဖတ်ပွဲတွင် မတ် ၁၈ ရက်က စာတမ်းခြောက်စောင်၊ မတ် ၁၉ ရက်တွင် စာတမ်းခြောက်စောင် စုစုပေါင်းစာတမ်း ၁၂ စောင်ကို ဖတ်ကြားခဲ့သည်။

စာတမ်းဖတ်ပွဲနှင့်အတူ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ ရုပ်သံထုတ်လွှင့်မှုစသည့် ပြခန်းပေါင်း ၆၀ ကျော်တို့က **"စာနယ်ဇင်းဈေးရောင်းပွဲတော်"**အဖြစ် ပါဝင်ပြသရောင်းချခဲ့ရာ စာပေချစ်သူများ နှစ်သက်ရာဝယ်ယူအားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# သင်္ကြန်အကြိုကာလ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေး အသိပညာပေးဟောပြော

**နေပြည်တော် မတ် ၁၉**
နေပြည်တော်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ညွှန်ကြားမှုဖြင့် နေပြည်တော် အမှတ်(၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ကြီးနှင့် ပျဉ်းမနားမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဌေးတို့က သင်္ကြန်အကြိုကာလ၊ သင်္ကြန်ကာလအတွင်း၌ ယာဉ်အန္တရာယ်နှင့် ပြစ်မှု မှုခင်းများကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့်ပတ်သက်ပြီး ရပ်ရွာနေပြည်သူများအား လက်ကမ်းစာစောင်ဝေငှပြီး အသိပညာပေးဟောပြောပွဲကို မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီခန့်က ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာရှိ ဘုရားလေးဆူဓမ္မာရုံ၌ ကျင်းပခဲ့ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမင်းဇော်ဦးနှင့် ရာအိမ်မှူးများအပါအဝင် ကျေးရွာနေပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**



# ခိုးဆိုးနှိုက်လုယက်မှုများ မဖြစ်ပွားစေရေး ညအခါလှည့်ကင်းယာဉ်ဖြင့် အထူးဆောင်ရွက်

**နေပြည်တော် မတ် ၁၉**
နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင် ခိုးဆိုးနှိုက်လုယက်မှုစသော မှုခင်းများ မဖြစ်ပွားစေရန်အတွက် နေပြည်တော် ရဲတပ်ဖွဲ့မှူးကြီးမှ ဦးဆောင်၍ နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်တွင် ညအခါများ၌ အဆက်မပြတ် ဆိုင်ကယ်ရှေ့ပြေးယာဉ်၊ မီးတန်းမော်တော်ယာဉ်များဖြင့် လှည့်ကင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မတ် ၁၈ ရက် ညနေ ၅ နာရီမှ ည ၁၀ နာရီထိ ဒက္ခိဏခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ခင်ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဆိုင်ကယ်ရှေ့ပြေးယာဉ်နှစ်စီး၊ မီးတန်းမော်တော်ယာဉ်များဖြင့် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန် (၁) နိုင်ငံတော်ဧည့်ဂေဟာ Junction Centre/ Capital- စီလမ်းဆုံ စုပေါင်းစစ်ဆေးရေးဂိတ်၊ မြို့မဈေး- MICC 2/ MICC 1 တတိုင်းမွှေးအဝိုင်း၊ ကံ့ကော်ပန်းအဝိုင်းလမ်းကြောင်းအတိုင်း လှည့်ကင်းယာဉ်များဖြင့်လှည့်လည်ကာ မသင်္ကာဖွယ်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား ရပ်တန့်၍ စစ်ဆေးမေးမြန်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**




**❁ ကျောဖုံးမှ**

လေးချီနောက်ဆုံးပွဲဖြစ်သည့် ဆလိုင်းချမ်းမြေ့ကို(ထွန်းသွင်)နှင့် စိုးဝင်းသန်း(ရန်စစ်ငြိမ်း)တို့ပွဲသည်လည်း လေးချီပြည့် ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံးအနိုင်မပေါ် ခဲ့ပေ။ ပြည်ပငါးချီ စိန်ခေါ်ပွဲဖြစ်သည့် စောထူးဇော်(မြန်မာ)နှင့် ဟန်ချိုင်း(ထိုင်း)တို့ပွဲတွင် စောထူးဇော် အရှုံးအနိုင်ပေါ် အဖြေထုတ်ရန် ကြိုးစားသော်လည်း ဟန်ချိုင်းပါးနပ်စွာဖြင့် ရှောင်တိမ်းကာ ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး သရေယူခဲ့သည်။ တစ်ဖန် ကြယ်စင်ဖြိုး(မြန်မာ)နှင့် သောမတ်ဟန်ဘာကာ(ဩစတြေးယား)တို့ပွဲတွင်လည်း ကြယ်စင်ဖြိုး ပွဲစသည်နှင့် ပင့်၊ ထောက်၊ ဝိုက်လက်သီးတွဲလုံးများနှင့်အတူ ခြေကန်ချက်များဖြင့် ပွဲသိမ်းနိုင်ရေး ကြိုးစားခဲ့သော်လည်း အချည်းအနှီးသာဖြစ်ခဲ့ပြီး သရေကျခဲ့ပြန်သည်။ ရှမ်းကို(မြန်မာ)နှင့် စင်ရိုင်း(ထိုင်း)တို့ပွဲတွင် ပထမအချီနှင့် ဒုတိယအချီတို့၌ စင်ရိုင်း(ထိုင်း)က ချမ်းကို(မြန်မာ)အား ပညာသားပါပါ အရှောင်အတိမ်းဖြင့် အသာစီးယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သော်လည်း တတိယအချီ ၂ မိနစ်ကျော်တွင် ရှမ်းကို ဝိုက်လက်သီးထိကာ အနားတောင်းခဲ့ရသည်။ အနားတောင်းပြီး ပွဲပြန်အတည်တွင် ရှမ်းကို ထောက်တံတောင်ကြောင့် အမှတ်စဉ်အရေအတွက်ခံခဲ့ရပြီး ပြန်အထတွင် ရှမ်းကို လက်သီးတွဲလုံးများကြောင့် ကြမ်းပြင်သို့ပြန်ကျခဲ့သဖြင့် အမှတ်စဉ်နောက်တစ်ကြိမ် အရေအတွက်ခံရကာ အနားထောင်းတစ်ကြိမ်၊ အမှတ်စဉ်နှစ်ကြိမ်အရေအတွက်ခံရသဖြင့် ခုံဒိုင်ချုပ်က ရိုးရာလက်ဝှေ့စည်းကမ်းနှင့်အညီ ရှမ်းကိုအား အလဲထိုးဖြင့် အနိုင်ပေးခဲ့သည်။

ရိုးရာလက်ဝှေ့ကို အားကျကာ ကစ်ဘောက်စင်လောကမှ ရိုးရာလက်ဝှေ့ဘက်သို့ ကူးပြောင်းလာသော ဂျပန်လက်ဝှေ့သမား ဒိုင်ခိခါနဲကို (ဂျပန်)နှင့် မာတင်(အင်္ဂလန်)တို့ပွဲတွင် ပွဲစသည်နှင့် ခါနဲကိုက မြန်မာလက်ဝှေ့သမားများနည်းအတိုင်း တရစပ်လိုက်လံထိုးသတ်ခဲ့သဖြင့် မာတင် (အင်္ဂလန်) ပွဲစပြီးအချိန်အနည်းငယ်အတွင်းမှာပင် အနားတောင်းလိုက်ရသည်။ အနားတောင်းပြီး ပွဲပြန်အတည်တွင်ယခင်အရှိုက်ကို ချက်ကောင်းမိထားသော မာတင်သည် ပြိုင်ဘက်အားနည်းချက်ကိုသိကာ အရှိုက်ကိုပင် အခွင့်ကောင်းယူအသုံးချခဲ့သဖြင့် မာတင် ကြမ်းပြင်သို့လဲကျကာ အရှုံးပေးလိုက်ရသည်။ နောက်ဆုံးပွဲစဉ်ဖြစ်သည့် စောဂေါ်မူဒို(မြန်မာ)နှင့် အိကျူစံ(ထိုင်း)တို့ပွဲတွင် အဓိကပွဲစဉ်တစ်ပွဲဖြစ်သည်နှင့်အညီ ပညာစုံထုတ်ကာ ငါးချီပြည့်သည်အထိ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့်ပြီးဆုံးခဲ့သည်။ ယနေ့ကျင်းပခဲ့သောLethwei Fight 2 ပြိုင်ပွဲတွင် ရိုးရာလက်ဝှေ့ချစ်ပြည်သူများ လာရောက်ကြည့်ရှုအားပေးခဲ့သလို ပြည်ပနိုင်ငံခြားသား အများစုလည်း ယခင်ပြိုင်ပွဲများထက် လာရောက်အားပေးကြည့်ရှုမှုများခဲ့သည်ကို တွေ့မြင်ခဲ့ရသည်။

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ကျိုင်းတုံမြို့၏ ရိုးရာအစဉ်အလာတစ်ခုဖြစ်သော စော်ဘွားဈေးနေ့ကျင်းပ

**ကျိုင်းတုံ မတ် ၁၉**
ကျိုင်းတုံဒေသ၏ ရိုးရာအစဉ်အလာတစ်ခုအဖြစ် မတ် ၁၇ ရက် နံနက်ပိုင်းက စော်ဘွားဈေးနေ့ကျင်းပရာ လာရောက်လည်ပတ် ဈေးဝယ်သူများဖြင့် စည်းကားခဲ့သည်။

"အခုမှ တစ်ခါပဲကြုံဖူးတာ တိုးလို့မရအောင် စည်ကားတယ်၊ ပျော်စရာလည်း ကောင်းတယ်"ဟု ကျောင်းဆရာမတစ်ဦးက ပြောသည်။

အေဒီ(၁၃၆၈)ခုနှစ်မှ အစပြုခဲ့သော စော်ဘွားဈေးမှာ ယနေ့တိုင်အောင် တစ်နှစ်လျှင်တစ်ရက် ကျိုင်းတုံ၌ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပါလျံတံခါးလမ်းခွဲများတွင် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို နံနက် ၆ နာရီခန့်မှ မွန်းတည့်ချိန်အထိ ခင်းကျင်းရောင်းချကြသည်။ ကျိုင်းတုံမြို့မဈေးပိတ်၍ ဈေးအတွင်းမှဆိုင်များသာမက အပြင်အိမ်ဆိုင်များကလည်း လာရောက်ရောင်းချကြသည်။ ပြည်တွင်း၊ ပြည်ပဧည့်သည်များ လာရောက်လည်ပတ်၍ ဒေသခံများက အောင်မြေနတ်နန်းအတွင်းရှိ နတ်စင်တွင် ဖယောင်းတိုင်၊ အမွှေးတိုင်များ ပူဇော်ခြင်း၊ စော်ဘွားစောဝံသတ္တဗန္ဓုရာဇာ၏ အုတ်ဂူကို ကန်တော့ခြင်းများဆောင်ရွက်ပြီး စော်ဘွားဈေးကို လည်ပတ်ကြသည်။


စော်ဘွားဈေးနေ့တွင် လူသုံးကုန်၊ စားသောက်ကုန်များ ရောင်းချခြင်းအပြင်၊ ရှမ်းယဉ်ကျေးမှုအဖွဲ့၊ ရှမ်းချယ်ရီရိုးရာ တေးဂီတအဖွဲ့တို့က တေးသံသာများဖြင့် ကပြဖျော်ဖြေကြသည်။ ညပိုင်းတွင် ပါလျံတံခါးအနီးတွင် ရှမ်းယဉ်ကျေးမှုအဖွဲ့များက ဖျော်ဖြေခြင်း၊ ရှမ်းချယ်ရီအလှမယ်များက ရှမ်းရိုးရာ အဝတ်အစားတို့ဖြင့် ဝတ်ဆင်ပြသခြင်း၊ တေးသီချင်းဖျော်ဖြေခြင်းတို့ ပြုလုပ်မည်ဖြစ်ကြောင်း ကျိုင်းတုံ လူမှုကူညီရေးအသင်းမှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**



# ပင်လယ်သဘာဝသန္တာကျောက်တန်းများ(CORAL) ဝိုင်းဝန်းထိန်းသိမ်းကြစို့

■ ကျော်စိုး (ကော့သောင်း)၊ ဓာတ်ပုံ- ကျော်ဟန်(ဟိုတယ်ခရီး)

**တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကော့သောင်းဒေသသည် သဘာဝပထဝီအနေအထားအရ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်း၊ နူးညံ့သည့် သဲဖြူကမ်းစပ်များရှိသည့် ကျွန်းများ၊ အမျိုးစုံလင်လှသော သဘာဝပေါက်ပင်များ၊ ဒီရေတောများ၊ ကုန်းနေ ရေနေသတ္တဝါများ၊ ငှက်မျိုးစိတ်များ၊ ပင်လယ်ရေအောက် သန္တာကျောက်တန်းများ ပေါကြွယ်ဝသဖြင့် ထူးခြားသော သဘာဝ အရင်းအမြစ်များ ပိုင်ဆိုင်လျက်ရှိပါသည်။**




နိုင်ငံတော်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုတွင် လာရောက်လည်ပတ်ကြသည့် ပြည်တွင်း ပြည်ပ ခရီးသွားများ အားလုံးက ကော့သောင်းခရိုင် ကျွန်းစုများတွင် စိမ်းလန်းထူထပ်သည့် အမြဲစိမ်း(Ever Gree Forest) သစ်တောကြီးများ၊ ကမ္ဘာ့ရှားပါး ကုန်းနေ၊ ရေနေ ဇီဝမျိုးစုံ မျိုးကွဲများ၊ အဏ္ဏဝါရေအောက် သန္တာကျောက်တန်း ရေမှော်ပင်အလှများစွာဖြင့် သဘာဝအလှမပျက် တည်ရှိနေပေရာ ထိုင်းနိုင်ငံ ဖူးခက်ဒေသထက် များစွာသာလွန်ကောင်းမွန်ကြောင်း မှတ်ချက်ပြု စကားသံကြားဖူးသည်။

သဘာဝခရီးသွားလုပ်ငန်း ဈေးကွက်အား အဓိက ဆွဲဆောင်မှုတွင် ပင်လယ်ရေအောက် သန္တာကျောက်တန်း ရေမှော်ပင် (CORAL) များ သဘာဝအလှ မပျက်ယွင်းမှုသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ပေသည်။

သန္တာကျောက်တန်းများ(CORAL) ဖြစ်တည်လာစေရန် လုပ်ဆောင်ပေးသည့် သေးငယ်သည့် သန္တာကောင်လေးများသည် ဆီလင်တာရေးတား မျိုးပေါင်းစုတွင် အန်သိုဇိုအာ မျိုးပေါင်းပါဝင်သည်။ ပူနွေးသည့် သမုဒ္ဒရာ ရေတိမ်ပိုင်းတွင် နေထိုင်ကျက်စားလေ့ရှိသည်။ မူလအစ မိခင်သန္တာကောင်သည် ရေထဲတွင် လွတ်လပ်စွာသွားလာကျက်စားရာမှ အချိန်အတိုင်းအတာတစ်ခုတွင် ကျောက်တုံး သို့မဟုတ် အခြားသန္တာအသေကောင်များ၏ အရိုးပေါ်တွင် ငြိတွယ်ကာ တစ်နေရာမှတစ်နေရာသို့ လှုပ်ရှားသွားလာခြင်းမပြုတော့ဘဲ ရေအောက်အပင်ကဲ့သို့ တည်ငြိမ်၍ လက်တံကဲ့သို့ အာရုံမှင်များ တဖြည်းဖြည်းထွက်ပေါ်လာပြီး လက်လှမ်းမီရာ သက်ရှိသတ္တဝါကလေးများအား ဖမ်းယူစားသုံးပြီး ထုံးဓာတ်ထုတ်ကာ ကြီးထွားရှင်သန်လာ၍ သန္တာကျောက်တန်းများ(CORAL) များ ဖြစ်တည်လာကြသည်။

အချို့သော (CORAL) များသည်တစ်ကောင်တည်း သက်ထက်ဆုံးနေတတ်ကြသော်လည်း အများစုမှာ ကုဋေပေါင်းထောင်သောင်းမက စုရုံးနေထိုင်တတ်ကြသဖြင့် တစ်ကောင်နှင့်တစ်ကောင် ခွဲခြားမရနိုင်တော့ပေ။ မိခင် (CORAL) မှ အဖူးလေးများ၊ ခွက်ကဲ့သို့ ကိုယ်ထည်များ၊ အာရုံမှင်များ ထွက်ပေါ်လာခြင်း အဖူးများမှ အဖူးအသစ်များ ထပ်မံထွက်ပေါ်လာခြင်းဖြင့် အဆက်မပြတ်ပေါက်ပွားကြီးပြင်းကာ တစ်ကောင်နှင့်တစ်ကောင်ဆက်၍ နှစ်ပေါင်းများစွာကြာသောအခါ မိသားစုကြီးသဖွယ် ဖြစ်တည်လာခြင်းဖြစ်သည်။ ကုဋေပေါင်းများစွာသော မိခင် (CORAL) များမှ ကုဋေပေါင်းများစွာ ဥများ ဥချရာမှ ပေါက်ပွားလာသည့် (CORAL) များပင်လယ်အတွင်း မျောပါရင်း ငြိတွယ်ချင်ရာတွင်ငြိတွယ်၍ ရာစုနှစ်ပေါင်းများစွာ အကြာတွင် အသစ်အသစ်သော (CORAL) များ ဖြစ်တည်လာကြခြင်းဖြစ်သည်။ (CORAL) များသည် အချို့မှာ အရွက်သဏ္ဌာန် ၊ အိုးကြီးများသဏ္ဌာန်၊ ဆတ်ချိုများသဏ္ဌာန်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး အရောင်အသွေးအမျိုးမျိုးဖြင့် အလွန်လှပသော သမုဒ္ဒရာဥယျာဉ်ကြီးသဖွယ် ဖြစ်တည်လာခြင်းဖြစ်သည်။

(CORAL) များသည် ပင်လယ်သယံဇာတ မျိုးဆက်မပြတ်ရေး ငါးများပေါက်ပွားကြီးပြင်းရာ စားကျက်အဖြစ် အပြန်အလှန်အမှီသဟဲပြုရာ သဘာဝခရီးသွားလုပ်ငန်း၏ အဓိကသော့ချက် ပြယုဂ်လည်းဖြစ်သည်။ ကော့သောင်းခရိုင်အတွင်းရှိ ပင်လယ်ကျွန်းများတစ်ဝိုက်တွင် ငါးမျိုးစိတ် ၄၂ မျိုး၊ ကဏန်းမျိုးစိတ် ၄၂ မျိုး၊ အခွံမာခရုမျိုးစိတ် ၅၀ ၊ ခုံးယောက်မျိုးစိတ် ၄၁ မျိုး ၊ ပင်လယ်မျှော့ ၃၅ မျိုး၊ ရေမှော် ၇၃ မျိုး ၊ ရေညှိ ၁၁ မျိုးနှင့် ရေမှုံရေမွှားပိုးကောင်မျိုးစိတ် ၃၃၃ မျိုးတို့ ရှင်သန်ပေါက်ပွားကျင်လည်နေထိုင်ကြောင်း သုတေသနစာတမ်းများအရ လေ့လာသိရှိရသည်။



ကော့သောင်းဒေသ ကျွန်းများသို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်း ပြည်ပခရီးသွားများသည် သမုဒ္ဒရာဥယျာဉ်ကြီးအတွင်း သဘာဝအလျောက် ဖြစ်ပေါ်ပေါက်ရောက်နေသည့် ပုံသဏ္ဌာန်စုံ၊ အရောင်အသွေးစုံ (CORAL) များအား ရေငုပ် (snorkeling) လုပ်ကာ လိုက်လံကြည့်ရှုမှတ်တမ်းတင်လိုသည့် အာသီသဖြင့် လာရောက်ကြသူ အများစုဖြစ်ကြောင်း သိရသည်။

ဤသို့ ရာစုနှစ်ပေါင်းများစွာ အချိန်ယူ ဖြစ်တည်လာခဲ့ရသည့် (CORAL) များရှိရာ ပင်လယ်ကျွန်းများတစ်ဝိုက် အသိပညာဗဟုသုတ နည်းပါးသည့် ရေလုပ်သားများ၊ ဝိသမစီးပွားရေးသမားများတချို့က ဝါလတ် (ခေါ်) တရွတ်ဆွဲငါးဖမ်းပိုက်ဖြင့် ရေတိမ်ပိုင်းတွင် ငါးဖမ်းခြင်း၊ ဗုံးခွဲငါးဖမ်းခြင်း ၊ ငါးဖမ်းလှေ ကျောက်ချရပ်နားခြင်းနှင့် ပင်လယ်အတွင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် ရေအောက်သဘာဝ(CORAL) အလှများနှင့် ရေနေ ရှားပါးသတ္တဝါမျိုးစိတ်တချို့ပျက်စီးပျောက်ကွယ်မည့် ကြီးစွာသော စိန်ခေါ်မှုတစ်ရပ် ရင်ဆိုင်နေရပြီဖြစ်သည်။

**ဝါလတ် (ခေါ်) တရွတ်ဆွဲ ငါးဖမ်းပိုက်ဖြင့် ရေတိမ်ပိုင်းတွင် ငါးဖမ်းခြင်း၊ ဗုံးခွဲငါးဖမ်းခြင်း ၊ ငါးဖမ်းလှေ ကျောက်ချရပ်နားခြင်းနှင့် ပင်လယ်အတွင်း စည်းကမ်းမဲ့အမှိုက် စွန့်ပစ်မှုများကြောင့် ရေအောက် သဘာဝ(CORAL) အလှများ နှင့် ရေနေ ရှားပါးသတ္တဝါမျိုးစိတ် တချို့ပျက်စီးပျောက်ကွယ်မည့် ကြီးစွာ သော စိန်ခေါ်မှုတစ်ရပ် ရင်ဆိုင်နေရ**

ယနေ့ Globalization ခေတ်တွင် ပြိုင်ဆိုင်မှု လွန်စွာအဆင့်မြင့်မားလာခြင်းများနှင့်အတူ နိုင်ငံတော်အတွက် ကန့်သတ်မဲ့ဝင်ငွေများစွာ ဝင်ရောက်လာမည့် မီးခိုးတိတ်စက်ရုံများဖြစ်သည့် ပင်လယ်ကမ်းရိုးတန်းဒေသ သဘာဝခရီးသွားလုပ်ငန်းကဏ္ဍ၏ အသက်သွေးကြော (CORAL) များ မျိုးသုဉ်းမပျောက်ကွယ်ရေး ဒေသခံဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကုမ္ပဏီတချို့မှ အသိပညာပေးမှုလုပ်ငန်းများ တစ်နိုင်တစ်ပိုင် ဆောင်ရွက်လျက်ရှိသော်လည်း အကျိုးသက်ရောက်မှုနည်းလျက်ရှိနေပေရာ ခရီးသွားဧည့်သည်များ အလွှာမှသည် အခြေခံပင်လယ်ရေလုပ်သားများ ၊ ပင်လယ်ကမ်းစပ်ကျေးရွာနေပြည်သူများအလွှာထိတိုင် အသိပညာပေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ကြစေရန် တိုက်တွန်းရေးသားအပ်ပါသည်။

## နွေစပါးသီးနှံများပျက်စီးခဲ့သော တောင်သူများအား ထောက်ပံ့ငွေပေးအပ်

**တောင်သာ မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်ကြောင့် နွေစပါးသီးနှံများ ပျက်စီးခဲ့သော တောင်သူများထံသို့ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၉ ရက် နံနက် ၁၀ နာရီက ကျောဇီရှေ့တန်းစခန်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဖုန်းမောင်တို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တောင်သူများနှင့်တွေ့ဆုံ၍ နွေစပါးသီးနှံများ ပျက်စီးခဲ့သော တောင်သူငါးဦး၏ သီးနှံပျက်စီးမှု ကေသုံးကေအတွက် တစ်ကေလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၇၅၀၀၀၀ ကို စိုက်ပျိုးရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ခဲ့ရာ ကွင်းဆင်း၍ တောင်သူတစ်ဦးချင်း လက်ဝယ်အရောက်ပေးအပ်ကြကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## နေ့ပိုင်းကုန်သေတ္တာတင်ယာဉ်များ အချိန်တိုးသွားလာခွင့်ပြုရာတွင် သွင်းကုန်သယ်ယူခြင်းများသာသက်ဆိုင်

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီးမှ ထုတ်ပြန်သော အကြောင်းကြားစာအရ နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအတွင်း ကုန်သေတ္တာယာဉ်နှင့် ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာခွင့်တွင် ဆိပ်ကမ်းများသို့တင်ပို့မည့် ကုန်ပစ္စည်းများအား တင်ဆောင်လာသော အဝင်ကုန်သေတ္တာတင်ယာဉ်နှင့် ကုန်တင်ယာဉ်များ ကမ်းနားလမ်းနှင့် ဘုရင့်နောင်လမ်းမကြီးများအား နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအတွင်း ဖြတ်သန်းသွားလာခွင့်ပြုထားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်သေတ္တာယာဉ်နှင့် ကုန်တင်ယာဉ်များအား ညအချိန် ချောမွေ့စွာပြေးဆွဲရေး စီမံချက်တွင် အရှေ့ဘက်လမ်းကြောဖြစ်သော ဗိုလ်တထောင်ကမ်းနား ကွန်ကရစ်လမ်းထိပ်မှ မဟာဗန္ဓုလတံတားကိုဖြတ်၍ သာကေတရှုခင်းသာလမ်း၊ ရတနာလမ်း၊ ရောဝဏ်လမ်း၊ မောင်းမကန်လမ်း၊ အမှတ် ၂ လမ်းမကြီး ပြည်ထောင်စုလမ်း၊ ဗိုလ်မှူးဗထူးလမ်း၊ သုခမ္မာလမ်း၊ ခရေပင်လမ်းများကို ကုန်သေတ္တာတင်ယာဉ်နှင့် ကုန်တင်ယာဉ်များ (ဝန်မပါ) နှင့် ဆိပ်ကမ်းများသို့တင်ပို့မည့် ကုန်ပစ္စည်းများအား ခရေပင်လမ်း၊ သုခမ္မာလမ်း၊ ဗိုလ်မှူးဗထူးလမ်း၊ ပြည်ထောင်စုလမ်း၊ ဗိုလ်တထောင်ကမ်းနားကွန်ကရစ်လမ်းကြောင်းအတိုင်း ကုန်သေတ္တာတင်ယာဉ်နှင့် ကုန်တင်ယာဉ်များအား (ဝန်ဖြင့်)နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအတွင်း ဖြတ်သန်းမောင်းနှင်ခွင့်ပြုထားခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ ပို့ကုန် လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံ ကုန်သေတ္တာအသင်းတို့မှ မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များဖြစ်သည့် ဆန်နှင့် ပဲမျိုးစုံအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်တင်ပို့နေသည့် ကာလဖြစ်၍ ဈေးကွက်လိုအပ်ချက်အတိုင်း အချိန်မီတင်ပို့ရန် လိုအပ်ချက်အရလည်ကောင်း မကြာမီသင်္ကြန်ကာလကျရောက်တော့မည်ဖြစ်၍ ပိတ်ရက်များတွင် ရပ်ဆိုင်းထားရမည့် လုပ်ငန်းများအတွက် ယခုအချိန်တွင် အထူးကိစ္စတစ်ရပ်အနေဖြင့် တွန်းအားပေး၍ ဆောင်ရွက်ရန် လိုအပ်ချက်အရလည်းကောင်း၊ ကမ်းနားလမ်းနှင့် ဘုရင့်နောင်လမ်းမကြီးများအား နေ့အချိန် ကုန်သေတ္တာနှင့် ကုန်သေတ္တာတင်ယာဉ်များ ဖြတ်သန်း အသုံးပြုခွင့်ပြုရန် တင်ပြခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ကမ်းနားလမ်းမကြီးများအား နံနက် ၁၁ နာရီမှ ညနေ ၃ အတွင်း ဆိပ်ကမ်းများမှအထွက် ကုန်သေတ္တာယာဉ်နှင့် ကုန်တင်ယာဉ်များအား ဖြတ်သန်းမောင်းနှင်းခွင့်ပြုကြောင်း၊ ထိုသို့ခွင့်ပြုမှုအပေါ် ယာဉ်ကြောကျပ်တည်းမှု မဖြစ်ပေါ်စေရေး ဆောင်ရွက်သွားရန်ညွှန်ကြားထားသည်။

မတ် ၁၆ ရက်မှစ၍ ခွင့်ပြုထားသော နေ့ပိုင်းအချိန်များတွင် အနောက်ဘက်လမ်းကြောဖြစ်သော ကမ်းနားလမ်းနှင့် ဘုရင့်နောင်လမ်းမကြီးများပေါ်တွင် ဆိပ်ကမ်းများမှ အထွက်သာမက ဆိပ်ကမ်းသို့အဝင် ကုန်သေတ္တာယာဉ်နှင့် ကုန်တင်ယာဉ်များကိုပါ ဖြတ်သန်းသွားလာနေသည်ကို စတင်မြင်တွေ့ရသည်ဟု ယင်းလမ်းမကြီးနှစ်လမ်းပေါ်တွင် သွားလာနေသူများက ပြောဆိုသည်။

**ခင်ဆိုင်**

# ဒုတိယအကြိမ် ဘာသာပေါင်းစုံသီလရှင်များအား သီလရှင်ဝတ်စုံ ၁၀၀၀ စုပေါင်းလှူဒါန်း



**ရန်ကုန် မတ် ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့မြို့မကျက်သရေဆောင် မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး၌ မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက ဗုဒ္ဓဓိတာ ဝိမုတ္တဓမ္မအသင်းကဦးစီး၍ ဒုတိယအကြိမ် ဘာသာပေါင်းစုံ သီလရှင်များအား သီလရှင်ဝတ်စုံ ၁၀၀၀ စုပေါင်းလှူဒါန်းပွဲ ကျင်းပသည်။

**အနုမောဒနာတရားနာယူ**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များဖြစ်ကြသည့် ဗုဒ္ဓဓိတာ ဝိမုတ္တဓမ္မအသင်းမှ အသင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာဗုဒ္ဓဘာသာ သီလရှင်အပါး ၉၄၀၊ တရုတ်သီလရှင် ၁၀ ပါး၊ ခရစ်ယာန်သီလရှင်အပါး ၅၀ တက်ရောက်ခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသ (ဆင်မင်းဆရာတော်ကြီး)ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အနုမောဒနာ တရားနာယူကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် အလှူရှင်များက ကြွရောက်လာကြသော ဘာသာပေါင်းစုံသီလရှင်အပါး ၁၀၀၀ တို့အား သီလရှင်ဝတ်စုံများ ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# တတိယအကြိမ် ကလေးစာပေထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

## မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ဂျပန်နိုင်ငံရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးပေါင်းဖွင့်

**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association - SVA) တို့ပူးပေါင်းစီစဉ်ကာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ ကူညီပံ့ပိုးမှုဖြင့် "တတိယအကြိမ် ကလေးစာပေ ထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အော့ကစ်ဟိုတယ်ခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)၊ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA) မှ ဒါရိုက်တာ မစ်အာကီနာကာဟာရာနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် မစ္စတာ ကီတာအီဝါဆေးတို့က အမှာစကားပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ချိုချိုတင် (မစန္ဒာ) နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ ဂျပန်နိုင်ငံမှ သင်တန်းဆရာ အနုပညာရှင်ဆရာကြီး မစ္စတာ ယာဘေးနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဆက်လက်၍ အနုပညာရှင်ဆရာကြီး မစ္စတာ ယာဘေးက မိတ်ဆက်စကား ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၉ ရက် ယနေ့မှ ၂၄ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ကျင်းပမည်ဖြစ်ပြီး ကလေးစာပေနှင့် သက်ဆိုင်သည့် အယ်ဒီတာများ၊ စာရေးဆရာများ၊ ပန်းချီပညာရှင်နှင့် ကာတွန်းပညာရှင်များ၊ ဆရာဆရာမများ၊ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့( မြန်မာနိုင်ငံ) ရုံးခွဲများမှ ဝန်ထမ်းများစုစုပေါင်း ၂၂ ဦး တက်ရောက်ကာ ကလေးများအတွက် "သိပ္ပံနည်းကျ၊ ဝတ္ထု၊ ပြဇာတ်" ဘာသာရပ်ကို စာတွေ့လက်တွေ့ဆောင်ရွက်ကြမည်ဖြစ်သည်။

**မြတ်စိုး(လှိုင်)**




# မင်းပြားမြို့တည်နှစ် (၁၅၀) ပြည့်အထိမ်းအမှတ် ပွဲတော်ဆိုင်ရာ စာနယ်ဇင်းတွေ့ဆုံပွဲကျင်းပ

**စစ်တွေ မတ် ၁၉**

ရခိုင်ပြည်နယ် မင်းပြားမြို့တည်နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်ပွဲတော်ဆိုင်ရာ စာနယ်ဇင်းတွေ့ဆုံပွဲအခမ်းအနားကို မတ် ၁၈ ရက်က စစ်တွေမြို့ရှိ နိုဘယ်လ်ဟိုတယ်၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပွဲတော်ကျင်းပရေး ဦးဆောင်ကော်မတီဝင်များက ပွဲတော်နှင့် ပတ်သက်သည့် စီစဉ်ထားပုံများ၊ ပွဲတော်အတွင်းဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ ပွဲပြီးနောက် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသော မီဒီယာများ၏မေးမြန်းခြင်းများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

မင်းပြားမြို့တည်နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်ပွဲတော်ကို မတ် ၂၄ ရက်မှ မတ် ၂၆ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလတွင် ဘာသာရေးဆိုင်ရာပွဲတော်များ၊ စာပေဟောပြောပွဲများ၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲများနှင့် အခြားအားကစားပွဲများ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ၊ ရခိုင်သုတပဟေဠိပြိုင်ပွဲ၊ ရခိုင်ရိုးရာပဒေသာကပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းစိုး(ပြန်/ဆက်)**

# ၁၀ နှစ်တာကာလအတွင်း မီးလောင်ဆုံးရှုံးမှုများကြောင့် လူမှုဘဝများနစ်နာခဲ့ရ

**မကွေး မတ် ၁၉**

မကွေးတိုင်းဒေသကြီးတွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်း မီးလောင်သည့်အကြိမ်ရေ ၉၉၅ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးဘေးသင့်ပြည်သူ ၂၀၁၁၆ ဦး ၊ သေဆုံးသူ ၁၃၉ ဦး၊ ဒဏ်ရာရသူ ၁၈၅ ဦးနှင့် ဆုံးရှုံးမှုတန်ဖိုးကျပ်သိန်းပေါင်း ၁၄၄၃၉ သိန်းကျော်ရှိခဲ့ကြောင်းသိရပြီး ၁၀ နှစ်တာကာလအတွင်း မီးလောင်ဆုံးရှုံးမှုများကြောင့် ပြည်သူတို့၏ လူမှုဘဝများမှာ များစွာနစ်နာခဲ့ရကြောင်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုဖြစ်စဉ်များတွင် မီးဖိုမီးကြောင့် ၃၀၆ ကြိမ်၊ ပေါ့ဆမီး ၄၀၈ ကြိမ်၊ လျှပ်စစ်မီး ၁၁၉ ကြိမ် ၊ မသမာသူ ရှို့မီးအကြိမ် ၁၀၀၊ တောမီး ၄၉ ကြိမ်၊ အလိုအလျောက် မီး ၁၂ ကြိမ်၊ မိုးကြိုးပစ်မီးတစ်ကြိမ်တို့ဖြစ်ပွားခဲ့ပြီး တိရစ္ဆာန် ၁၀၈၆ ကောင် သေဆုံးခဲ့ရသည်။ ၁၀ နှစ်တာကာလအတွင်း ၂၀၀၉ ခုနှစ်မှာ အကြိမ်ရေ ၄၀ ဖြင့် မီးလောင်မှု အနည်းဆုံးနှစ်ဖြစ်ပြီး ၂၀၁၅ ခုနှစ်မှာ အကြိမ်ရေ ၁၉၅ ကြိမ်ဖြင့် မီးလောင်မှု အများဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

"မီးဘေးအန္တရာယ်တွေကို ကာကွယ်ဖို့ ခေတ်မီအသုံး အဆောင်ပစ္စည်းတွေ ရှိသင့်သလောက် ရှိနေပါပြီ။ မီးသတ်တပ်ဖွဲ့ကို လေ့ကျင့်သားပြည့်ဝအောင် စီမံထားပြီး အလွှာပေါင်းစုံမှာ ပညာပေးတာတွေ၊ သရုပ်ပြလေ့ကျင့်တာတွေကို ဆောင်ရွက်နေပါတယ်။ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ဆုံးရှုံးမှုနည်းအောင် ၊ မဆုံးရှုံးရအောင် ကာကွယ်ပေးသွားမှာပါ" ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဝင်းစိန်က ဆိုသည်။

မကွေးတိုင်းဒေသကြီး၌ မီးလောင်မှုကြောင့် ၂၀၀၇ ခုနှစ် တွင် ကျပ်သိန်းပေါင်း ၃၈၄၆ သိန်းကျော် ၊ ၂၀၁၆ ခုနှစ်တွင် ကျပ်သိန်းပေါင်း ၂၇၆၆ သိန်းကျော်နှင့် ၂၀၁၂ ခုနှစ်တွင် ကျပ်သိန်းပေါင်း ၂၄၉၅ သိန်းကျော်ဆုံးရှုံးခဲ့ရပြီး ၁၀ နှစ်တာကာလအတွင်း ဆုံးရှုံးမှုအများဆုံးကြုံတွေ့ခဲ့ရသည့် နှစ်များဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

"မိမိအတွက်၊ မိမိကိုမှီခိုနေသူတွေအတွက်၊ မိမိပိုင်အဆောက်အအုံ၊ ပရိဘောဂ ၊ စက်ပစ္စည်း၊ ကုန်ပစ္စည်း စတဲ့ အရင်းအနှီးတွေကို အာမခံအကာအကွယ်ယူထားတာဟာ ကြီးမားတဲ့ဆုံးရှုံးမှုတွေကို လျော့ပါးစေတယ်ဆိုတာ သိကြပါတယ်။ ဒါပေမယ့် အာမခံထားဖို့အစီအစဉ်ကတော့ ဦးစားပေးအဆင့်မှာ မရှိသေးဘူး။ ငွေပိုကုန်တယ်လို့ မှတ်ယူနေကြတယ်" ဟု တိုင်းဒေသကြီး စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးဇော်မင်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

မီးလောင်မှုအများဆုံးကာလများမှာ မတ်လနှင့် ဧပြီလများဖြစ်ပြီး ၂၀၁၅ ခုနှစ် မတ်လတွင် ၄၁ ကြိမ်၊ ဧပြီလတွင် ၂၆ ကြိမ်နှင့် ၂၀၁၆ ခုနှစ် မတ်လတွင် ၂၅ ကြိမ်၊ ဧပြီလတွင် ၃၉ ကြိမ်တို့ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် ခရိုင်ငါးခုရှိပြီး ၂၀၁၅ ခုနှစ်တွင် မီးလောင်မှုအများဆုံးမှာ ပခုက္ကူခရိုင်နှင့် ဒုတိယအများဆုံး သရက်ခရိုင် ၊ ၂၀၁၆ ခုနှစ်တွင် မီးလောင်မှုအများဆုံးမှာ မကွေးခရိုင်နှင့် ဒုတိယအများဆုံး ပခုက္ကူခရိုင်တို့ဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှတ်တမ်းများအရ သိရသည်။

**ဇေယျာတု(မကွေး)**



# သန်လျင်၌ မီးလောင်

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အမှုထမ်းရပ်ကွက် ရွှေဝါလမ်းအောက်ဘက်ရှိ အိမ်ရှင် ဦးဝင်းမြင့်၏ ပျဉ်ထောင်တိုက်ခံအိမ်၌ မတ် ၁၉ ရက် ည ၁၀ နာရီခွဲက ပန်ကာမီးကြိုးမှ တစ်ဆင့် ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားရာ ရပ်ကွက်နေပြည်သူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ငြှိမ်းသတ်လျက်ရှိကြောင်း ကနဦးသတင်းအရ သိရသည်။

**သန်းဝင်း(သန်လျင်)**

# ရန်ကုန်စာအုပ်လမ်းမှာ ရေးသူ ဖတ်သူတွေ့ဆုံ

**ရန်ကုန် မတ် ၁၉**

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ယနေ့(တနင်္ဂနွေနေ့)တွင် ၂၂ ရက်မြောက်နေ့အဖြစ် ဆက်လက်ဖွင့်လှစ်ရာ စာအုပ်စာပေချစ်မြတ်နိုးသူများ၊ ရောင်းသူ ဝယ်သူ ထုတ်လုပ်သူများ၊ ရေးသူ ဖတ်သူများဖြင့် ညနေပိုင်းစာအုပ်ဈေးတန်းပိတ်ချိန်ထိရှိခဲ့ကြောင်း တွေ့ရသည်။

ယနေ့တွင် ဝန်ကြီးများရုံးဘက်ခြမ်း စာအုပ်ဈေးတန်းရှေ့၌ ရေးသူ ဖတ်သူ တွေ့ဆုံပွဲအဖြစ် စာရေးသူ အင်းစိန်အောင်စိုးနှင့် စာဖတ်သူများ ရေးသူ ဖတ်သူ ဆွေးနွေးပွဲအဖြစ် တွေ့ဆုံသည်။

ရေးသူဖတ်သူ တွေ့ဆုံပွဲတွင် စာရေးသူ အင်းစိန်အောင်စိုးက ၎င်းရေးသားသည့် "အုတ်ရိုးအတွင်း သံဆူးကြိုးဝင်းမှ လူဆိုးများ" စာအုပ်အပေါ် လက်မှတ်ရေးထိုး လက်ဆောင်ပေးအပ်ပြီး အဆိုပါစာအုပ်ပါအကြောင်းတို့ကို ဆွေးနွေးပြောကြားကာ စာဖတ်သူများ၏ သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးသည်။

အဆိုပါရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ပွင့်လင်းရာသီ စနေ-တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ညနေ ၆ နာရီထိ စာပေတိုက်များ၊ စာအုပ်အရောင်းဆိုင်ကြီးများက စာအုပ်အဟောင်း၊ အသစ်မျိုးစုံတို့ကို ခင်းကျင်းရောင်းချပေးလျက်ရှိရာ မည်သူမဆို လွတ်လပ်စွာ လာရောက်ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

**ကိုချစ်**

# အောင်စည်ဟိန်း ပြည်လုံးချမ်းသာ ဆုတောင်းပြည့်စေတီတော် အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူပူဇော်



**ဇေယျာသီရိ မတ် ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ အုပ်စု ဝန်ပြန်ကျေးရွာ နေမျိုးနွယ် ပရိယတ္တိစာသင်တိုက်အတွင်း တည်ထား ကိုးကွယ်မည့် အောင်စည်ဟိန်း ပြည်လုံး ချမ်းသာ ဆုတောင်းပြည့်စေတီတော် မြတ်ကြီး ဒုတိယအကြိမ် အလယ်ဌာပနာ တော်သွင်းခြင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနား ကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာသည့် ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဲကြီး ပရိယတ္တိစာသင်တိုက်မှ အဂ္ဂမဟာ ပဏ္ဍိတ - အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသ အမှူးပြုသော ဆရာတော်သံဃာတော်များက ပရိတ် တရားတော်များကို ရွတ်ဖတ်ပူဇော် ကြသည်။

ဆက်လက်၍ စေတီတော်အတွင်း ဌာပနာသွင်းလှူပူဇော်မည့် ဗုဒ္ဓရုပ်ပွား တော်များနှင့် လက်ဝတ်ရတနာပစ္စည်း မျိုးစုံတို့ကို စေတီတော်၏ အလယ်ဌာပနာ တိုက်သို့ လက်ဆင့်ကမ်းပင့်ဆောင်ပြီး ဌာပနာအတွင်း သွင်းလှူပူဇော်ကြသည်။

ထို့နောက် စေတနာရှင်အလှူရှင် များက လှူဒါန်းမှုအစုစုတို့အတွက် ဝဲကြီးပရိယတ္တိစာသင်တိုက် ဆရာတော် ထံမှ အနုမောဒနာတရားများ နာကြား ကာ ရေစက်သွန်းချ အမျှပေးဝေ ကြသည်။

အောင်စည်ဟိန်းပြည်လုံးချမ်းသာ ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ယနေ့ကျင်းပသည့် အခမ်းအနားနှင့်ပတ် သက်ပြီး " ဒီနေ့မှာ စေတီတော်မြတ်ကြီးရဲ့ ဒုတိယအကြိမ် အလယ်ဌာပနာသွင်းလှူ ပူဇော်မင်္ဂလာအခမ်းအနား ပြုလုပ် ကျင်းပတယ်။ အဓိကကတော့ ပြည်သူ တွေ လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်သော ကောင်းကျိုးချမ်းသာကို ရစေချင်တဲ့ အကျိုးငှာရည်ရွယ်ပြီးတော့ စေတီတော် မြတ်ကြီးကို အခုလိုတည်ထား ကိုးကွယ် တာဖြစ်ပါတယ်။ ဌာပနာပစ္စည်းတွေကို စိတ်အားထက်သန်စွာ လာရောက် လှူဒါန်းကြတာ တွေ့ရတော့ အလွန်ပဲ ဝမ်းသာပီတိဖြစ်မိပါတယ်။ မကြာခင်မှာ လည်း စေတီတော်ကြီးရဲ့အထက် ဌာပနာ ကို သွင်းလှူပူဇော်သွားမှာပါ" ဟု ဝဲကြီး ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသက မိန့်ကြားသည်။ **သတင်းနှင့်ဓာတ်ပုံ-မောင်မွှေး**

## ဘုန်းတော်ကြီးသင် ပညာရေးကျောင်း တည်ဆောက်ရန် အလှူငွေပေးအပ်

**မန္တလေး မတ် ၁၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် တည် ဆောက်လျက်ရှိသော မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက နိုင်ငံ တော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင် ခန်းမ မန္တလေးတိုင်း ဒေသကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားပြီး အလှူရှင် ၂၃ ဦးတို့က အလှူတော် ငွေကျပ် ၇၀၈ သိန်း လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘွဲ့တံဆိပ်တော်ရဆရာတော်အား ကြိုဆိုပူဇော်

**မုဒုံ မတ် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က တပေါင်းလပြည့် (မတ် ၁၂ ရက်)နေ့တွင် နေပြည်တော်၌ သာသနာတော်ဆိုင်ရာ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်းခံယူတော်မူခဲ့သည့် မွန်ပြည်နယ် မုဒုံမြို့ ဂျုံးဂျုံးကျတောရ ပရိယတ္တိစာသင်တိုက် ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိဝဏ္ဏသည် ဘွဲ့တံဆိပ်တော် အဆောင်အယောင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် မတ် ၁၆ ရက် ညပိုင်းတွင် မုဒုံမြို့ ဂျုံးဂျုံးကျတောရကျောင်းတိုက်သို့ ပြန်လည်ကြွရောက်တော်မူသည်။

"အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိဝဏ္ဏအား ရန်ကုန်-မော်လမြိုင်-မုဒုံ ကားလမ်း တစ်လျှောက်ရှိ မွန်ပြည်နယ်-သထုံ-ပေါင်-မော်လမြိုင်နှင့် မုဒုံမြို့တို့မှ မြို့ပေါ်နှင့် ရပ်ကွက်/ ကျေးရွာများမှ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ၊ ဘာသာရေးအသင်းအဖွဲ့များက ဘာသာရေးထုံးတမ်း စဉ်လာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကြိုဆိုပူဇော်ခဲ့ကြ သည်။ သာသနာတော် ဆိုင်ရာ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးအား တပည့်ဒါယကာ၊ ဒါယိကာမများက ထပ်ဆင့်ချီးကျူးပူဇော်ပွဲကို ကဆုန်လဆန်း ၅ ရက် (မေ-၁၀)ရက် (တနင်္ဂနွေနေ့)တွင် မုဒုံမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်(မုဒုံ)**

# ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ပရဟိတစိတ်ဓာတ်ဖြင့် ဆောင်ရွက်နေသူတစ်ဦး

**ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို မြို့နယ်ပေါင်းရှစ်မြို့နယ်ဖြင့် ဖွဲ့စည်းထားရှိသည်။ ယခင်မြို့ဟောင်း လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်းသုံးမြို့နယ်အပြင် ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ဇေယျာသီရိ၊ ဇမ္ဗူသီရိမြို့နယ်တို့၍ မြို့နယ်ငါးမြို့နယ် ပါဝင်ဖွဲ့စည်း ထားခြင်းဖြစ်သည်။ ယင်းတို့အနက် ဇမ္ဗူသီရိမြို့နယ်သည် ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်၊ ကျေးရွာလေးရွာတို့ဖြင့် ဖွဲ့စည်းပြီး နိုင်ငံ့ ဝန်ထမ်းများ အများဆုံးနေထိုင်သည့် မြို့နယ်တစ်မြို့နယ်လည်းဖြစ်သည်။ ယခုအခါတွင် လူမှုရေးကို အကျိုးပြုဆောင်ရွက်နေသော နိုင်ငံ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် ပရဟိတလူမှုရေးအသင်းအဖွဲ့များလည်း ဖွဲ့စည်းပေါ်ပေါက်လာသလို တစ်ဦးချင်း တစ်ယောက် ချင်း မိသားစုတစ်ခုကနေ ပရဟိတအကျိုးကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်လာသည်ကိုလည်း တွေ့မြင်ရသည်။**



အလှစိုက်ပန်းပင်များကို ပြုပြင်နေသည့် ကိုသန့်ဇင်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက် ချယ်ရီ အိမ်ရာသည် တိုက်အလုံးပေါင်း ၁၁၅ လုံးရှိသည့်အနက် တိုက် အမှတ်(၅၃၅၅)အခန်း(၃၁)တွင်နေထိုင်သူ ကိုသန့်ဇင် လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ယာဉ်မောင်း(၄)အဆင့်ရှိသူက ၎င်းနေထိုင်သည့်တိုက် အတွင်း၊ အပြင် ပတ်ဝန်းကျင်စိမ်းလန်း စိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးကို နေ့စဉ် နံနက်ရုံး မသွားမီ တစ်ကြိမ်၊ ရုံးဆင်းပြီးတစ်ကြိမ် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တိုင်း တစ်ဦးတည်း ပရဟိတစိတ်ဓာတ် ပြည့်ဝစွာ လုပ်ကိုင်ဆောင်ရွက်လာခဲ့သည်မှာ ၂၀၁၂ ခုနှစ်မှစ၍ ယနေ့အထိ ငါးနှစ်တိတိ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

"ကျွန်တော် ၂၀၀၅ ခုနှစ်ကစပြီး နေပြည်တော်ကို ရောက်ပါတယ်။ အရင်က မင်္ဂလာသိဒ္ဓိရပ်ကွက် (ကံ့ကော် အိမ်ရာ)မှာနေခဲ့တယ်။ အဲ့ဒီမှာနေကတည်းက ကျွန်တော် နေထိုင်တဲ့တိုက်၊ ပတ်ဝန်းကျင်သာယာလှပရေးကို ဆောင်ရွက် ခဲ့တဲ့အပြင် ကျောက်မျက်ရှေ့ ပြည်ကြီး ဥသျှောင်လမ်းမဘေး ကျွန်းပင်တွေ၊ အရိပ်ရသစ်ပင်တွေကိုလည်း စိုက်ပျိုးထိန်းသိမ်း လာခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ ဒီဝဏ္ဏသိဒ္ဓိရပ်ကွက်ကို ပြောင်းရွှေ့ခဲ့တယ်" ဟု ကိုသန့်ဇင်က ပြောသည်။ ယခုလက်ရှိ ကိုသန့်ဇင်၏ ပရဟိတ စိတ်ကူးစိတ်သန်းကောင်းလေးများကို လက်တွေ့အကောင်အထည်ဖော်လာခဲ့သည့် ဆောင်ရွက်ချက် များမှာ ၎င်းနေထိုင် သည့်တိုက်မှစ၍ လုကလျာလမ်းမကြီးနှင့် လုထိပ်ခေါင်လမ်းမ ကြီး လမ်းဘေးဝဲယာတို့တွင် နေ့စဉ်အမှိုက် များ ရှင်းလင်းခြင်း၊ အလှစိုက်ပန်းပင်များကို စိုက်ပျိုးပြုပြင်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းတို့ကို ပြုလုပ်ခဲ့သည်မှာ ပေအားဖြင့် တိုင်းတာကြည့်လျှင် ပေပေါင်း ၁၀၀၀၀ ခန့်ရှိမည်ဖြစ်သည်။ ဗိုလ်ကတော်မျက်ခုံးပင် ပေ ၄၀၀၀ ခန့်၊ ခရာဝါနှင့် စိန်ပန်းပင် ၆၀၀ ခန့်၊ ရွက်လှပန်းပင်မျိုးစုံနှင့် အလှစိုက် ပန်းအိုးအလုံး ၅၀ အပြင် ၎င်းနေထိုင်သည့် တိုက် အမှတ် (၅၃၅၅) ပတ်ဝန်းကျင်၌ မြန်မာ့ရတနာတန်းဝင်ကျွန်းပင် ၁၁၃ ပင်တို့ကိုလည်း လက်ရှိ စိုက်ပျိုးထားပြီးဖြစ်သည်။ ထို့အပြင် ဝဏ္ဏသိဒ္ဓိရပ်ကွက် ချယ်ရီ အိမ်ရာ၏ ချယ်ရီဈေးသို့ အများပြည်သူ ဈေးသွားဈေးပြန်များ ညနေနေညိုချိန် ကျန်းမာရေးအတွက် လမ်းလျှောက်သူများ အမောအပန်းဖြေရန်အတွက် မိမိ၏ ချွေးနှဲစာစုဆောင်းငွေ ဖြင့် အကုန်အကျခံကာ ပြုလုပ်ထားသည့် သံခုံငါး လုံး၊ အုတ်ခုံ ၁၅ လုံးတို့ကိုလည်း လုကလျာလမ်းနှင့် လုထိပ်ခေါင်လမ်းပေါ် တို့၌ တွေ့မြင်ရမည်ဖြစ်သည်။

"ကျွန်တော်အခုလို ဆောင်ရွက်နေတာ ဘာကိုမှ မျှော်လင့်လို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဝန်ထမ်းမြို့တော်ကို သန့်ရှင်းသာယာပြီး မြို့နယ်အင်္ဂါရပ်နှင့်အညီ ပြည့်စုံချင်တဲ့ ဆန္ဒနဲ့ ဆောင်ရွက်တာပါ။ ကျွန်တော်အခုလို ဆောင်ရွက်တဲ့ အတွက်ကြောင့် အမှိုက်ပစ်တဲ့သူတွေလည်း နည်းသွားခဲ့ပါ တယ်။ ကျွန်တော့်ကို ကူညီကြတယ်လို့ မြင်ပါတယ်။ ကျွန်တော် လှူဒါန်းစီစဉ်ပေးထားတဲ့ ခုံလေးတွေမှာ လမ်းသွားလမ်းလာ ဈေးသွားဈေးပြန် ပြည်သူတွေ သက်သောင့်သက်သာနားနေ တာကို တွေ့ရတော့ ကျွန်တော်အမောပြေပါတယ်" ဟု ကိုသန့်ဇင်က ပြောသည်။

ရပ်ကွက်အတွင်းနေထိုင်သူ ကိုညွန့်လွင်က "ကိုသန့်ဇင်လို စေတနာသဒ္ဓါတရားနဲ့ လုပ်ဆောင်နိုင်တဲ့ လူမျိုးရှားပါတယ်။ တိုက်တစ်တိုက်မှာ ဒီလိုလူတစ်ယောက်စီရှိရင် မြို့တော်အင်္ဂါရပ် နဲ့ညီတဲ့ မြို့တော်တစ်ခုမကြာခင်ဖြစ်လာမှာပါ" ဟု မှတ်ချက်ပြု ပြောကြားသည်။ ယခုအခါတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်(ချယ်ရီအိမ်ရာ)၏ ထူးခြားချက်တစ်ခုမှာ ဌာနပေါင်းစုံမှ ဝန်ထမ်းများဖြင့် အခြေပြုဖွဲ့စည်းထားသည့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များ စုစည်းရာနေရာဒေ သတစ်ခုလည်းဖြစ်ကြောင်း သိရသည်။ မြတ်ပါရမီ လူမှုကူညီ ရေးအသင်း၊ ပေးဆပ်သူများနာရေးကူညီရေးအသင်း၊ ဖြူစင် သန့်ရှင်း သန့်ရှင်းရေးဆောင်ရွက်မှုအသင်းတို့သည်လည်း မိမိတို့အသင်းမှု များချမှတ်ပြီး ဆိုင်ရာပရဟိတလုပ်ငန်းများကို လူမျိုးဘာသာ မရွေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် ဝဏ္ဏ သိဒ္ဓိရပ်ကွက်အတွင်းရှိ မြတ်ပါရမီလူမှုကူညီရေး အသင်း စာကြည့်တိုက်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်လုံးဆိုင်ရာ သုတ အလင်းစာကြည့်တိုက်တို့သည်လည်း အများပြည်သူအသိ ပညာရရှိရေးအတွက် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ စာပေရေးရာ ဆွေးနွေးပွဲများလည်း ရံဖန်ရံခါ ပြုလုပ်နိုင်ကြောင်း သိရသည်။ ယခုကဲ့သို့ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သန့်ရှင်း ရေးနှင့်သာယာလှပရေးအတွက် အများကောင်းကျိုးကို နေ့စဉ် နှင့်အမျှ လုပ်အားဒါနဖြင့်လည်းကောင်း၊ မိမိတတ်နိုင်သည့် ချွေးနှဲစာ စုဆောင်းငွေဖြင့်လည်းကောင်း ဆောင်ရွက်နိုင် ခြင်းအပေါ် အများပြည်သူဝမ်းသာကြည်နူးသာဓုခေါ်ဆိုနိုင် ကြပါစေရန် ရေးသားတင်ပြအပ်ပါသည်။ **ကိုပေါက်(ဥက္ကာမြေ)**



အပန်းဖြေစရာ ထိုင်ခုံများ

# မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်

**ငါန်းဇွန် မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တက်ရောက်အားပေးဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် အဆောက်အအုံသစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေအရာရှိက ရုံးသစ်ဖွင့်လှစ်နိုင်ခြင်းအတွက်ကျေးဇူးတင်စကားပြောကြားကာ မြင်းခြံခရိုင် ဥပဒေအရာရှိက ဥပဒေရုံးဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြစ်ကြီးငါးသွယ်ကုမ္ပဏီမှ ဥပဒေရုံးသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား တိုင်းဒေသကြီး ဥပဒေအရာရှိထံလွှဲပြောင်းပေးအပ်၍ အဆောက်အအုံသစ်ဖွင့်ပွဲအထိမ်းအမှတ်အလံများပေးအပ်ခဲ့သည်။ ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။ ယခုဆောက်လုပ်ခဲ့သည့် မြို့နယ်ဥပဒေရုံး အဆောက်အအုံသစ်သည် အလျားပေ ၄၀၊ အနံ ၂၈ ပေ၊ အမြင့် ၁၂ ပေရှိ အာရ်စီတစ်ထပ်အဆောက်အအုံဖြစ်ပြီး မြစ်ကြီးငါးသွယ်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံသစ်ဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသည့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




# ညောင်တုန်းမြို့ ၂၁ လမ်း မြစ်ကမ်း ဒုတိယအကြိမ် ထပ်မံပြိုကျမှုဖြစ်

**ညောင်တုန်း မတ် ၁၉**

ညောင်တုန်းမြို့ပန်းလှိုင်မြစ်အတွင်း ရေကြောင်းများပြောင်းလဲလာခြင်း၊ ရေနက်အိုးများတည်ရှိနေခြင်း၊ ရေကြောင်းထိုးနေခြင်းများကြောင့် ညောင်တုန်းမြို့ ၂၁ လမ်းမြစ်ကမ်း၌ မတ်လ ၁၈ ရက် မွန်းလွဲ ၂ နာရီက ဒုတိယအကြိမ် ထပ်မံကွဲအက်နိမ့်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**



ညောင်တုန်းမြို့သည် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံ၌ တည်ရှိသောမြို့ဖြစ်ကာ ၁၉၈၅ ခုနှစ်ခန့်က ညောင်တုန်းမြို့ တစ်ဖက်ကမ်း ရန်ကင်းစံရာဘက်ကမ်းတွင် သောင်ထွန်းပြီး ညောင်တုန်းဘက်အခြမ်း ကျွန်းထိပ်ပိုင်း၌ ကမ်းပြိုခဲ့မှုများကြောင့် ၁၉၈၆-၁၉၈၇ ခုနှစ်က ညောင်တုန်းမြို့ ၁၂ လမ်းတည့်တည့်တွင် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆက်သွယ်စီးဆင်းနိုင်ရန် ရေခေါ်တူးမြောင်းဖောက်လုပ်ခဲ့ရာမှ ညောင်တုန်းမြို့ တည့်တည့်သို့ ရေကြောင်းထိုးမှုကြောင့် ၁၉၈၈ ခုနှစ်မှစ၍ မြစ်ကမ်းပြိုမှု ဆိုးဆိုးရွားရွားဖြစ်ခဲ့ရသည်။

ညောင်တုန်းမြို့ မြစ်ကမ်းပြိုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို နှစ်စဉ် ငွေကုန်ကြေးကျမြောက်မြားစွာ အကုန်အကျခံဆောင်ရွက်ခဲ့သည့်အပြင် လွန်ခဲ့သောနှစ်ကလည်း ရေကာတာမြှင့်တင်ခြင်းလုပ်ငန်းနှင့် ၉ လမ်းမှ ၁၂ လမ်းအထိ မြစ်ကမ်းပြိုထိန်းသိမ်းရေးအတွက် အကြီးစားတည်ဆောက်ကာကွယ်ထိန်းသိမ်းရေးဆောင်ရွက်ခဲ့သဖြင့် ရေဘေးအန္တရာယ်ကင်းဝေးခဲ့ရသည်။

ညောင်တုန်းမြို့မြစ်ကမ်းတွင် စိတ်ချရသောနေရာများ၌ တည်ငြိမ်လျက်ရှိသော်လည်း အချို့သောနေရာများတွင် ကမ်းဘေးများ၌ ရေနက်အိုးများဖြစ်တည်နေခြင်း၊ ရေစီးကြောင်းများနှင့် ကမ်းခြေနီးကပ်နေခြင်းများကြောင့် မြစ်ကမ်းအခြေများ လှိုက်စားနေခြင်း၊ အက်ကြောင်းများဖြစ်နေခြင်းများ ဖြစ်ပေါ်နေခဲ့ရာမှ ညောင်တုန်းမြို့ ၂၁ လမ်းကမ်းခြေတွင် ဒုတိယအကြိမ် ထပ်မံကွဲအက်နိမ့်ကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မြစ်ကမ်းပြိုမှုထပ်မံဖြစ်ပွားမှုကို ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ ဒေါ်နီနီမိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ညောင်တုန်းမြစ်ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းများအမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် တင်ပြခဲ့ကြောင်း သိရသည်။

ညောင်တုန်းမြို့မြစ်ကမ်းပါးပြိုမှု ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၉၀၀၀ လျာထားကာ တင်ဒါခေါ်ယူဆောင်ရွက်ရန် စီစဉ်လျက်ရှိသော်လည်း မိုးရာသီမရောက်မီ၊ မြစ်ရေမတက်မီဆောင်ရွက်မှသာ အဆင်ပြေမည်ဖြစ်သဖြင့် ယခုထက်တိုင်ဆောင်ရွက်ခြင်းမရှိသေးသဖြင့် မြို့လူထုက ပိုမိုစိုးရိမ်ပူပန်နေခြင်းဖြစ်ကြောင်း သိရသည်။

"ညောင်တုန်းမြစ်ကမ်းက နှစ်စဉ်စိုးရိမ်နေရတဲ့ ရေကာတာပါ။ ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ဇန်နဝါရီလကတည်းက စည်းဝေးဆုံးဖြတ်ချက်နဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးရန်ပုံငွေက ငွေထုတ်ခွင့်ပြုပြီး ရေလွှဲတန်းများ၊ ရေကတုတ်များ ပြုလုပ်ကာကွယ်ဖို့ စီစဉ်ခဲ့ပေမယ့် ယခုထက်တိုင် တာဝန်ရှိသူတွေက ဆောင်ရွက်မှုမရှိသေးတာဟာ ဝမ်းနည်းဖွယ်ကောင်းပါတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမိုးက ပြောသည်။

**နေလင်း(ညောင်တုန်း)**

# ကျောက်တန်း၌ ရေကြီးနစ်မြုပ်၍ ပျက်စီးသွားသည့် လယ်ယာမြေများအတွက် ထောက်ပံ့ငွေပေးအပ်



**ကျောက်တန်း မတ် ၁၉**

၂၀၁၆- ၂၀၁၇ ခုနှစ် စပါးစိုက် မိုးရာသီတွင် ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တူးမြောင်းကျေးရွာမှ တောင်သူ ၁၃ ဦးအား ထောက်ပံ့ကြေးငွေ တစ်ဧကငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၁၃၉ ဧကအတွက် ထောက်ပံ့ကြေးငွေပေါင်း ၁၃၉၀၀၀၀ပေးအပ်ထောက်ပံ့ခြင်း အခမ်းအနားကို ယနေ့နံနက်က ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကျောက်တန်းမြို့နယ် အမှတ်( ၁ )ကိုယ်စားလှယ် ဦးဇော်မိုးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းထူး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထိန်လင်းဟန်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဌာနမှူး ဦးကျော်ဦး၊ တံတားမြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာနမှူး ဦးနေမျိုးအောင်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များနှင့် တူးမြောင်းကျေးရွာမှတောင်သူများ တက်ရောက်ခဲ့ကြသည်။

ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် လယ်ယာမြေများအတွက် မျိုးစပါးဝယ်ယူရန် ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တောင်သူ ၁၃ ဦးအား တစ်ဦးချင်းစီ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုးဝင်း(ကျောက်တန်း)**




# သစ်တောဦးစီးဌာနမှ ထိန်းသိမ်းသင့်သော သစ်တောမြေအား စီးပွားရေးလုပ်ငန်းရှင်များလက်ဝယ်သို့ လွှဲပြောင်းခွင့်ပြုပေးခဲ့မှုအား ဆန္ဒဖော်ထုတ်

**ဂွ မတ် ၁၉**

သံတွဲခရိုင် ဂွမြို့နယ် ရွှေကွင်းဦးကျေးရွာနေ ဦးထွန်းဝေဦးဆောင်သော အင်အား ၁၀၀ ခန့်သည် မတ် ၁၉ ရက် နံနက် ၈ နာရီမှ ၉ နာရီ မိနစ် ၂၀ ခန့်အထိ သစ်တောဦးစီးဌာနမှ ထိန်းသိမ်းသင့်သော သစ်တောမြေအား စီးပွားရေးလုပ်ငန်းရှင်များလက်ဝယ်သို့ လွှဲပြောင်းခွင့်ပြုပေးခဲ့သော သစ်တောဌာနဝန်ထမ်းများအား အရေးယူပေးနိုင်ရန်ရည်ရွယ်ချက်များဖြင့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းကို ဗိုလ်ချုပ်လမ်းနှင့် ဦးဥတ္တမလမ်းဆုံစုရပ်၌ စတင်စုဝေးကာ ဗိုလ်ချုပ်လမ်းမကြီးအတိုင်း လမ်းလျှောက် ဆန္ဒဖော်ထုတ်ခဲ့ကြပြီး ကင်းရုံးရပ်ကွက် ဖောင်တော်ဆိပ်အရောက်တွင် အေးချမ်းစွာလူစုခွဲခဲ့ကြကြောင်း သိရသည်။

အဆိုပါ စီတန်းလှည့်လည်ရာတွင် အလေ့ကျပေါက်နေသည့် ပျဉ်းကတိုးတောအား စိုက်ခင်းအဖြစ်မှ ဖယ်ရှားပေးရေး နိုင်ငံတော်ကဆောင်ရွက်ပေးရေး၊ မစိုက်ဘဲ စိုက်ယောင်ဆောင်ကာ သစ်ထုတ်နေမှုအား တားဆီးပေးရေး၊ သစ်ပင်ကြီးများ ထူထပ်စွာပေါက်ရောက်နေသည့် သစ်တောမြေအား စိုက်ခင်းမြေအဖြစ်ခွင့်ပြုပေးသူများအား အရေးယူပေးရေး စသည့်ဗီနိုင်းပိုစတာများ ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မတ် ၁၉**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၂၃ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၂၀ လက်မ၊ တီးတိန်မြို့ ခန္တီးမြို့နှင့် ပင်လယ်ဘူးမြို့တို့တွင် ၀ ဒသမ ၀၈ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ပူးပေါင်းဆောင်ရွက်ခြင်းသာ အကောင်းဆုံး ရွေးချယ်မှုဖြစ်ကြောင်း တရုတ်သမ္မတ ပြောကြား

**ပေကျင်း မတ် ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ရက်တေလာဆန်တို့သည် တနင်္ဂနွေနေ့တွင် တရုတ်နိုင်ငံပေကျင်းမြို့ရှိ Great Hall ၌ တွေ့ဆုံခဲ့ကြကြောင်း သိရသည်။ ထိုသို့ တွေ့ဆုံခဲ့စဉ်အတွင်း သမ္မတရှီက တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံလုံးအတွက် အကောင်းဆုံးသော ရွေးချယ်မှုမှာ ပူးပေါင်းဆောင်ရွက်ခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။



တရုတ်နှင့် အမေရိကန်ဆက်ဆံရေးမှုသည် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်စေမည့် အရေးကြီးသည့် ရလဒ်ကောင်းများ ပေါ်ထွက်လာနိုင်မည့် အခွင့်အလမ်းများစွာရှိကြောင်း သမ္မတက ပြောကြားခဲ့သည်။

တရုတ်နှင့် အမေရိကန်၏ ဆက်ဆံရေးကို ပိုမိုခိုင်မာတည်ငြိမ်မှုရှိစေရန်မှာ ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာကဏ္ဍများတွင် အပြန်အလှန်ဖလှယ်မှုများစွာ ပြုလုပ်သွားရန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုချဲ့ထွင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတရှီသည် အမေရိကန်သမ္မတဒေါ်နယ်ထရန့်ကိုလည်း တရုတ်နိုင်ငံသို့ အလည်အပတ်လာရောက်ရန် ကြိုဆိုကြောင်း ဖော်ပြခဲ့သည်။

(ဆင်ဟွာ)

# တရုတ်နိုင်ငံအရှေ့ပိုင်းတွင် လှေနှစ်စင်းနစ်မြုပ်၊ ရှစ်ဦးပျောက်ဆုံးလျက်ရှိ

**ဟန်ကျို့ မတ် ၁၉**

တရုတ်နိုင်ငံအရှေ့ပိုင်းတွင် တနင်္ဂနွေနေ့က ရေယာဉ်နှစ်စင်းနစ်မြုပ်ခဲ့မှုကြောင့် သင်္ဘောသားနှစ်ဦး သေဆုံးကာ ရှစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

ရှာဖွေကယ်ဆယ်ရေးအဖွဲ့သားများသည် နစ်မြုပ်မှုဖြစ်ပွားခဲ့သည့် ငါးဖမ်းလှေတစ်စင်းပေါ်မှ သင်္ဘောသားခြောက်ဦးကို ရှာဖွေနေဆဲဖြစ်သည်။ ယင်းငါးဖမ်းလှေသည် တရုတ်နိုင်ငံအရှေ့ပိုင်း စီကျန်းပြည်နယ်အတွင်းရှိ ပင်လယ်ရေပိုင်နက်တွင် နစ်မြုပ်သွားခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရေကြောင်းအာဏာပိုင်များက ပြောကြားခဲ့သည်။

လူ ၁၁ ဦးလိုက်ပါလာသည့် ငါးဖမ်းလှေသည် နံနက် ၅ နာရီတွင် ရှုလန်ဂူကျွန်းအနီးတစ်ဝိုက်တွင် နစ်မြုပ်သွားခြင်းဖြစ်ကြောင်းပင်လယ်ရေကြောင်း သွားလာမှု ဘေးကင်းလုံခြုံရေးဆိုင်ရာ စီမံကွပ်ကဲမှုအဖွဲ့မှပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

လတ်တလောတွင်ကယ်ဆယ်ရေးအဖွဲ့များသည် လူငါးဦးကို ကယ်ဆယ်နိုင်ခဲ့သည်။ နောက်ထပ်ရေယာဉ်တစ်စင်းမှာမူ တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန်းပြည်နယ် ကျန်ကျိုးမြို့ ရေပိုင်နက်အတွင်း နစ်မြုပ်သွားခြင်းဖြစ်သည်။ ရေယာဉ်သည် နံနက်အစောပိုင်းတွင် ကျောက်ဆောင်တစ်ခုနှင့်တိုက်မိပြီးနောက် နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# မူးယစ်ဆေးဝါးရောင်းဝယ်သူနှစ်ဦးကို ဟားမတ်စ်တရားရုံးတော်က သေဒဏ်ချ

**ဂါဇာစီးတီး မတ် ၁၉**

ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့ကစီမံကွပ်ကဲလျက်ရှိသည့် စစ်ဘက်ဆိုင်ရာ တရားရုံးတော်က တနင်္ဂနွေနေ့တွင် တရားမဝင်မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုများ ပြုလုပ်သူနှစ်ဦးကို သေဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါစီရင်ချက်ချမှတ်မှုသည် ပါလက်စတိုင်းတရားစီရင်ရေးအဖွဲ့က မူးယစ်



ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာပြစ်မှုအတွက် ပထမဆုံး ချမှတ်လိုက်သည့် သေဒဏ်ချမှတ်မှုဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ဆေးခြောက်နှင့် တားမြစ်ထားသည့် အကိုက်အခဲပျောက် ဆေးဝါးမျိုးစုံတို့သည် ဂါဇာကမ်းခြေဒေသအတွင်းသို့ အရှိန်အဟုန်ဖြင့်ဝင်ရောက်လျက်ရှိကြောင်း မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုကျူးလွန်သူများအား ပိုမိုတင်းကျပ်သည့်အပြစ်ပေး ဆောင်ရွက်မှုများ ပြုလုပ်ရန်ကြိုးပမ်းနေသည့် အစ္စလာမ္မစ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် ဟားမတ်စ်အာဏာပိုင်များက ပြောကြားခဲ့သည်။

ပြစ်မှုကျူးလွန်သူနှစ်ဦးသည် ဆေးခြောက်၊ ဘိန်းဖြူနှင့် မူးယစ်ဆေးဝါးများကို အီဂျစ်နယ်စပ်အောက်ရှိ ဥမင်လှိုဏ်ခေါင်းမှတစ်ဆင့် ဖြတ်ကျော်သယ်ဆောင်နေစဉ် ၎င်းတို့အား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ ပြစ်မှုကျူးလွန်မှုသည် ပါလက်စတိုင်း၏အမျိုးသားလုံခြုံရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာခြိမ်းခြောက်ခံရမှုတစ်ခုဟု ရှုမြင်သုံးသပ်ကြောင်း တရားရုံးတော်ကပြောကြားခဲ့သည်။ တရားခံနှစ်ဦးအနက် တစ်ဦးကို သေနတ်ဖြင့် ပစ်သတ်၍ အဆုံးစီရင်မည်ဖြစ်ပြီး ကျန်တစ်ဦးကို ကြိုးပေးကွပ်မျက်မည်ဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)

# ဒုံးကျည်အင်ဂျင်စမ်းသပ်မှု အောင်မြင်ကြောင်း မြောက်ကိုရီးယားကြေညာ

**ပြုံယမ်း မတ် ၁၉**

တိုက်ချင်းပစ်ဒုံးကျည်များအတွက် အင်အားပြင်းအင်ဂျင်သစ်စမ်းသပ်မှု အောင်မြင်ခဲ့ပြီဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ပြောကြားခဲ့သည်။

တိုက်ချင်းပစ်ဒုံးကျည် အင်ဂျင်စမ်းသပ်မှုကို တနင်္ဂနွေနေ့တွင် မြောက်ကိုရီးယားနိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။ စမ်းသပ်မှုကို စနေနေ့က အနောက်မြောက်ပိုင်း တန်ချန်းရီရှိ ဆိုဟဲဂြိုဟ်တုလွှတ်တင်ရေးစခန်း၌ စမ်းသပ်အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယား၏ ဒုံးကျည်အင်ဂျင်စမ်းသပ်အောင်မြင်မှုကို အာဏာရကိုရီးယားအလုပ်သမားပါတီမှထုတ်ဝေသည့် ရိုဒေါင်ဆင်မန်သတင်းစာ၏ ရှေ့ဖုံးစာမျက်နှာတွင် ဖော်ပြခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်နှင့်တောင်ကိုရီးယားနိုင်ငံက လတ်တလောဆောင်ရွက်နေသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မခံမရပ်နိုင်ဖြစ်ခဲ့ပြီး ယင်းကိစ္စကို တုံ့ပြန်သည့်အနေဖြင့် ဒုံးကျည်စမ်းသပ်ထုတ်လုပ်မှုဆိုင်ရာနည်းပညာကို အောင်မြင်အောင် လုပ်ဆောင်လိုက်ခြင်းဖြစ်ကြောင်း သတင်းထွက်ပေါ်မှုများရှိခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံအပေါ် ကျင့်သုံးလျက်ရှိသည့် သမ္မတထရန့်၏မူဝါဒကို ပြန်လည်စဉ်းစားသုံးသပ်ရန် အမေရိကန်အစိုးရအဖွဲ့အား ဖိအားပေးလိုက်ခြင်းဖြစ်သည်ဟုလည်း အချို့က သုံးသပ်ခဲ့ကြသည်။

(အင်န်အိတ်ချ်ကေ)

# ဆီးရီးယားအချက်အချာ ဟွမ်စ်မြို့ သူပုန်ကင်းစင်နယ်မြေဖြစ်တော့မည်

**ဟွမ်စ် မတ် ၁၉**

ဆီးရီးယားနိုင်ငံ၏ အချက်အချာနယ်မြေတစ်ခုဖြစ်သည့် ဟွမ်စ်မြို့တွင်အစိုးရအဖွဲ့နှင့် ပြုလုပ်ခဲ့သည့် သဘောတူညီမှုအရ ပြီးခဲ့သည့်စနေနေ့က သူပုန်အဖွဲ့နှင့် ၎င်းတို့၏ မိသားစုဝင်များပါဝင်သည့် ပထမအသုတ်သည် မြို့တွင်းမှ စတင်ရွှေ့ပြောင်း ထွက်ခွာမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ရာ ဟွမ်စ်မြို့သည် မကြာမီအချိန်အတွင်း သူပုန်ကင်းစင်သည့် နယ်မြေဒေသအဖြစ်သို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

အယ်လ်ဝိုင်ယာ အိမ်နီးချင်းဒေသဝင်ပေါက်တွင် အစိုးရတပ်ဖွဲ့ဝင်အင်အားစုများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရုရှားတပ်မတော်အဖွဲ့ဝင်များနှင့်အတူ လက်နက်ကိုင်သူပုန်များနှင့်၎င်းတို့၏ မိသားစုဝင်များအား ရွှေ့ပြောင်းသယ်ဆောင်ပေးမည့် ဘတ်စ်ကားများသည် အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေခဲ့ကြသည်။ အယ်လ်ဝိုင်ယာဒေသသည် သူပုန်အဖွဲ့များ နောက်ဆုံးထိန်းချုပ်ခဲ့သည့် အိမ်နီးချင်းနယ်မြေတစ်ခုဖြစ်သည်။

သူပုန် ၄၂၃ ဦးနှင့် ၎င်းတို့၏ မိသားစုဝင်များဖြစ်သည့် အရပ်သား ၁၀၆၅ ဦးတို့ကို စနေနေ့က အယ်လ်ဝိုင်ယာဒေသသို့ ကယ်ဆယ်ရွှေ့ပြောင်းမှု ပြုလုပ်ခဲ့ပြီး ဟွမ်စ်မြို့အနောက်ဘက် ဆင်ခြေဖုံးရှိ သူပုန်ဦးရေ ၁၀၀၀၀ နှင့် မိသားစုများကို ကယ်ဆယ်ရွှေ့ပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အစိုးရအဖွဲ့အာဏာပိုင်များ၏ ပြောကြားချက်အရ လက်ရှိကယ်ဆယ်ရွှေ့ပြောင်းနေသူများသည် အစိုးရနှင့်အတူ ပြန်လည်စုစည်းညီညွတ်ရေးဖြစ်စဉ်တွင် အတူတကွပါဝင်ရန် ငြင်းဆန်ခဲ့ကြသည့် သူပုန်အဖွဲ့များမှဖြစ်ပြီး ၎င်းတို့အား အလက်ပိုမြောက်ပိုင်း ဂျရာဘူလတ်စ်မြို့အတွင်းရှိ သူပုန်အဖွဲ့များတပ်စွဲလျက်ရှိသည့် ဧရိယာများသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကနဦးပြုလုပ်ခဲ့သည့် ကယ်ဆယ်ရွှေ့ပြောင်းမှုများကို ကုလသမဂ္ဂ၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ပြီး နောက်ဆုံးကယ်ဆယ်ရွှေ့ပြောင်းမှုကို ရုရှား၏ကြားဝင်စေ့စပ်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ကုလသမဂ္ဂ ပါဝင်ပတ်သက်ခြင်းမရှိပေ။

(ဆင်ဟွာ)



# ပြည်ပဈေးကွက်သို့ အရည်အသွေးမှန်ကန်စွာတင်ပို့ပြီး ဈေးကွက်သစ်များ ထပ်မံချိတ်ဆက်နိုင်ရေးဆွေးနွေး

**ရန်ကုန် မတ် ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရေဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သဲကုန်းကျေးရွာရှိ တောင်သူ ဦးထွန်းသွင် ပိုင်ဆိုင်သည့် ဧက ၃၀၀၊ နွေစပါး၊ မျိုးစပါး၊ မတ်ပဲ စိုက်ပျိုးထားရှိမှု၊ ကန်ကြီးထောင့်မြို့နယ်၊ မာလာကုန်းကျေးရွာရှိ တောင်သူ ဦးမောင်မောင်၊ ဦးစိန်မောင်တို့၏ မတ်ပဲစိုက်ခင်းရိတ်သိမ်းနေမှုတို့အား ကြည့်ရှုအားပေးပြီး ဆွေးနွေးမေးမြန်းကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များ၊ တောင်သူများ၊ ဌာနဆိုင်ရာများအား တွေ့ဆုံပွဲသို့ တက်ရောက်ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုဖြည့်ဆည်းပေးရာတွင် နိုင်ငံတော်၏ အခန်းကဏ္ဍကို ပြန်လည်စုဖွဲ့ခြင်းနှင့် မြန်မာနိုင်ငံ၏ လူသားအရင်းအနှီးအခြေခံကို တည်ဆောက်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေဝတီတိုင်းဒေသကြီးအတွင်း၌လည်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် (Public Private Partnership) ဆိုသော အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းပါဝင်ဆောင်ရွက်မှုသာ အောင်မြင်တိုးတက်မည် ဖြစ်ကြောင်း၊ အစိုးရပိုင်းမှဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စများရှိသလို ပုဂ္ဂလိက ကဏ္ဍမှလည်း ကြိုးပမ်းဆောင်ရွက်ရမည့် လုပ်ငန်းများရှိပါကြောင်း၊ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှုသာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ရေဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၊ ညီနောင်အသင်းများဖြင့် တွေ့ဆုံမှုကိုအခြေပြု၍ လိုအပ်ချက်များကို ဝိုင်းဝန်းအဖြေရှာပြီး၊ မိမိတို့ဝန်ကြီးဌာနကလည်း တတ်နိုင်သည့် အပိုင်းမှကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ မိမိတို့ကဏ္ဍအလိုက် အခက်အခဲများ၊ အကြံပြုလိုသည်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ရေဝတီတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်နှင့် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးနှင့် ရေဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်တို့က ဌာနအလိုက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် လုပ်ငန်းရှင်များက လုပ်ငန်းအလိုက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများက ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညနေ ၅ နာရီတွင် ပုသိမ်မြို့ ကျောက်ငူရပ်ကွက် ငဝန်မြစ်ကမ်းရှိ Golden Rice Co.,Ltd ၏ ပေါင်းဆန်စက်ရုံသို့ရောက်ရှိပြီး ဥရောပဈေးကွက်သို့တင်ပို့မည့် အဆင့်မြင့်ပေါင်းဆန်ကြိတ်ခွဲထုတ်လုပ်မှုနှင့် ဆန်သိုလှောင်ထားရှိမှုအား စစ်ဆေးကြည့်ရှုပြီး ပြည်ပဈေးကွက် ပိုမိုရရှိရေး၊ အရည်အသွေးမှန်ကန်စွာ တင်ပို့ ခြင်းဖြင့် ဈေးကွက်သစ်များ ထပ်မံချိတ်ဆက်နိုင်ရေး ကိစ္စများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက် အားဆေးများထောက်ပံ့



**မကွေး မတ် ၁၉**

မကွေးတိုင်းဒေသကြီးအစိုးရ တင်ဒါပိုလျှံငွေကျပ်သန်း ၁၀၀ ဖြင့် နှစ်နှစ်အောက်ကလေး အာဟာရဆိုင်ရာ အလေ့အကျင့်ကောင်းများ ပျိုးထောင်မှုသင်တန်းပေးခြင်းနှင့် ဆေးဝါးများထောက်ပံ့ခြင်းကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၀ တွင် အနာဂတ်ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် ကြီးထွားဖွံ့ဖြိုးမှုတို့အတွက် အကောင်းဆုံး အကျိုးရလဒ်ရရှိရန် ရွေးချယ်ပံ့ပိုးကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးငယ်များ၏ ကြီးထွားဖွံ့ဖြိုးမှုတွင် အရေးပါဆုံး ထိရောက်မှုအရှိဆုံးနှင့် အကျိုးအများဆုံးအချိန်ဖြစ်သည့် နှစ်နှစ်အောက်ကလေးများတွင် အာဟာရ ပြည့်ဝမှုတစေရန်ရည်ရွယ်၍ လူထုအတွင်းတွင် နှစ်နှစ်အောက်ကလေးများအား စနစ်တကျ အစာကျွေးမွေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း သင်တန်းနှင့် ကိုယ်ဝန်ဆောင် မိခင်များနှင့် ငါးနှစ်အောက်ကလေးများအတွက် အာဟာရဓာတ်အထောက်အပံ့ရစေရန် အားဆေးများ အခမဲ့ဖြန့်ဝေပေးခြင်းများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၀ တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံပံ့ပိုးထောက်ပံ့မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ လုပ်ငန်များ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ "ငဖဲမြို့နယ်တွင် အသက် နှစ်နှစ်အောက်ကလေး အာဟာရဆိုင်ရာ အလေ့အကျင့်ကောင်းများ ပျိုးထောင်မှု သင်တန်းပေးခြင်းနှင့် ကိုယ်ဝန်ဆောင် မိခင်လောင်းများနှင့် ကလေးများအတွက် ဆေးဝါးများ ထောက်ပံ့ခြင်းနှင့်စပ်လျဉ်းပြီး "မြန်မာနိုင်ငံတွင် ငါးနှစ်အောက်ကလေး သေဆုံးမှုရဲ့ ၅၅ ရာခိုင်နှုန်းဟာ အာဟာရ မပြည့်ဝခြင်းနဲ့ ဆက်စပ်နေပါတယ်။ ငါးနှစ်အောက် ကလေးသုံးယောက်မှာ တစ်ယောက်နှုန်း အရပ်ပုနေကြပြီး ထိုသို့အရပ်ပုရခြင်းမှာလည်း စားသောက်မှု၊ ဝလေ့ပုံစံမှားယွင်းမှုများကြောင့် အဓိကဖြစ်ပွားရခြင်းဖြစ်ပါတယ်။ ကလေးများဟာ မွေးစမှ အသက်နှစ်နှစ်အတွင်း ကာလ ရက်ပေါင်း ၁၀၀၀ တွင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ကြီးထွားလာသည်သာမက စိတ်ပိုင်းဆိုင်ရာမှာလည်း လျင်မြန်စွာ ဖွံ့ဖြိုးလာပါတယ်။ ဒီလိုကြီးထွားဖွံ့ဖြိုးမှုကြောင့် ကလေးအတွက် အာဟာရဓာတ် လိုအပ်မှုပမာဏလည်း များလာသကဲ့သို့ မိခင်နို့ကိုသာမက ဖြည့်စွက်စာအမျိုးမျိုး ကိုပါ စနစ်တကျ ကျွေးမွေးတတ်ဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် ကိုယ်ဝန်ဆောင်မိခင်များနဲ့ ငါးနှစ်အောက်ကလေးများအတွက် အာဟာရဓာတ်အထောက်အပံ့ရစေရန် အားဆေးများကိုလည်း အခမဲ့ဖြန့်ဝေပေးနေပါတယ်" ဟု မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထင်ကျော်က ပြောသည်။ **သန်းနိုင်ဦး(ငဖဲ)**

# မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင် ဆုချီးမြှင့်ပွဲကျင်းပ

**မော်လမြိုင် မတ် ၁၉**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် (၄၇) နှစ်မြောက် မွန်ပြည်နယ်နေ့ ပြည်နယ်ဂုဏ်ဆောင် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၁၉ ရက် နံနက် ၈ နာရီက ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော မွန်ပြည်နယ်နေ့ သဝဏ်လွှာအား ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ဖတ်ကြားကာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဂုဏ်ဆောင်ဆုနှင့် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



မတ် ၁၈ ရက် ညက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ကျင်းပခဲ့သော ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ဗီယက်နမ်အလှမယ် မင်းသမီး ငုရင်ထရန်ဟုရန်မေ (ဝဲပုံ) နှင့် ထိုင်းမင်းသမီးနဝမ် (ယာပုံ) တို့ မြန်မာဝတ်စုံလေးများ ဆင်မြန်းပြီး တက်ရောက်အားပေးခဲ့စဉ်

ဓာတ်ပုံ - ရွှေအင်းသားခင်မောင်ဝင်း



# ပွဲရုံဝင်းအတွင်း နေ့ပိုင်း၌ နောက်တွဲပါကုန်တင်ယာဉ်များ ဒဏ်ကြေးငွေကြိုတင်ပေးဆောင်၍ စည်းကမ်းဖောက်နေ

**ရန်ကုန် မတ် ၁၉**

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းတွင် မတ် ၁၈ ရက် နေ့လယ်ပိုင်းက ဒဏ်ကြေးငွေ ကြိုတင်ပေးဆောင်ပြီး နေ့ပိုင်းကန့်သတ်အချိန်အတွင်း နောက်တွဲပါကုန်တင်ယာဉ်များ ဝင်ရောက်ကြကြောင်း သိရသည်။

ယာဉ်ပိတ်ဆို့မှုလျော့ပါးရန် ယာဉ်ကိုယ်ထည်ရှည်လျားသောနောက်တွဲပါ ကုန်တင်ယာဉ်ကြီးများ နေ့ပိုင်းတွင် ဝင်ရောက်ခြင်းများကို တားမြစ်ကာ ဒဏ်ငွေကျပ် ၃၀၀၀၀ သတ်မှတ်ထားသော်လည်း ကန့်သတ်ချိန်အတွင်း ၂၂ ဘီး နောက်တွဲပါ ကုန်ကားကြီးဖြင့် ကုန်ချခြင်း၊ ကုန်တင်ခြင်းတို့ ပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။

တားမြစ်ကန့်သတ်ထားသော နေ့ပိုင်းအချိန်အတွင်း ဒဏ်ငွေကြိုတင်ပေးဆောင်ကာ သယ်ဆောင်လာသော ကုန်ချခြင်းနှင့် ပြန်လည်ကုန်တင်ဆောင်ခြင်း ယာဉ်အသွားအလာအဆင်မပြေမှုများ ကြုံတွေ့ရသည်ဟု ယာဉ်လုပ်သားတစ်ဦးက ပြောသည်။

**ခင်ဆိုင်**

# စလင်း၌ ခရမ်းချဉ်သီး၊ ကြက်သွန်နှင့် အာလူးဈေးကျဆင်း

**စလင်း မတ် ၁၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ဒေသထွက် ခရမ်းချဉ်သီး၊ ကြက်သွန်နီ၊ အာလူးဈေးများ တစ်နေ့တခြားကျဆင်းနေသည်။ ဒေသထွက်သီးနှံဖြစ်သော ခရမ်းချဉ်သီးများ လှိုင်လှိုင်ပေါ်နေပြီဖြစ်၍ ခရမ်းချဉ်သီး လက်ကားဈေး ပြား ၆၀ မှ ပြား ၈၀ အထိ ကျဆင်းနေပြီး လက်လီအဖြစ် ၁ ပိဿာလျှင် ငွေကျပ် ၁၀၀ ရောင်းချလျက်ရှိသည်

အာလူးဈေးမှာလည်း လောက်စလုံးအရွယ် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀ နှင့် အရွယ်အစားအလိုက် အမြင့်ဆုံး ငွေကျပ် ၈၀၀ အထိရှိသည်။ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ မှ ၇၅၀ အထိရှိသည်။ ခရမ်းချဉ်သီးဈေးကျနေသော်လည်း အရောင်းမလိုက်ဘဲ ခရမ်းချဉ်သီးအခြောက်လှန်းလိုသူနှင့် ခရမ်းချဉ်သီးယိုထိုးလိုသူများသာ ငါးပိဿာနှင့်အထက် ဝယ်ယူနေကြောင်းနှင့် ယမန်နှစ်က ခရမ်းချဉ်သီး တစ်ပိဿာ ပြား ၅၀ အထိ ကျဆင်းဖူးကြောင်းသိရသည်။

**စစ်ကြည်(စလင်း)**

# ဘားအံမြို့၌ ကလေးစာပေပွဲတော်ဖွင့်ပွဲကျင်းပ ကလေးများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

**ဘားအံ မတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ မတ် ၁၉ ရက်က ကျင်းပရာ ကလေးများပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလေးစာပေပွဲတော်အား ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်ဆင့်၊ ကင်းထောက်နှင့် ထူးချွန်ကျောင်းသား ကျောင်းသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နည်းပညာဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်စနစ်တွင် ကလေးများ စာပေဖတ်ရှုလာအောင်၊ စာကြည့်တိုက်ဝန်းကျင်တွင် မွေ့လျော်အောင် စည်းရုံးဆောင်ရွက်သွားရန်၊ ကလေးမိဘများက ကလေးများအနာဂတ်တိုးတက် ကောင်းမွန်လာစေရေး၊ ကလေးများဖွံ့ဖြိုးတိုးတက်စေရေး၊ ကလေးစာပေနှင့် ကလေးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏ အနာဂတ်အပေါ် သက်ရောက်မှုများစွာ ရှိလာနိုင်သည့်အတွက် ဝိုင်းဝန်းကူညီ ဖော်ဆောင်ပေးကြစေလိုကြောင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူးက ကလေးစာပေပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။





ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကလေးစာပေပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

"ကလေးစာပေပွဲတော်မှာ ကလေးတွေအတွက် သက်ဆိုင်ရာအလှူရှင်တွေက မုန့်မျိုးစုံ၊ အချိုရည်မျိုးစုံနဲ့ အခြားအာဟာရဖြစ် အစားအစာများကို အခမဲ့ကျွေးမွေးတဲ့အတွက် ကလေးတွေ ပျော်ရွှင်စေကာ တစ်ဖက်မှာလည်း ကလေးတွေ မိမိတို့ကြိုက်နှစ်သက်တဲ့ ပြိုင်ပွဲတွေ၊ ကစားနည်းတွေကို စိတ်ကြိုက် လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်တဲ့အတွက် ဉာဏ်ရည်ဉာဏ်သွေးနဲ့ စိတ်ဓာတ်ရေးရာတွေ တိုးတက်မြင့်မားလာမှာဖြစ်ပါတယ်"ဟု ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက ပြောသည်။

အလားတူ ကလေးစာပေပွဲတော်ကျင်းပနေသည့်ကာလအတွင်း နေ့စဉ်ည ၇ နာရီအချိန်မှစ၍ စာပေဟောပြောပွဲများကိုလည်း ထည့်သွင်းကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

**ထိန်လင်းအောင်**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မတ် ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက် နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၆၄ စီး၊ သွင်းကုန်အစီး ၇၆၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၁ စီး၊ သွင်းကုန် ၁၆၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မတ်လ ၁၈ ရက်နေ့ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၀ ဒသမ ၁၃ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ရေးစခန်းက တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးကျပ် ၂၃ ဒသမ ၃၇ သန်းခန့် စုစုပေါင်း ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၃၉၃ ဒသမ ၅၀ ခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။



ကီလိုဂရမ် ၇၀၀၀ ခန့်ရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးနှစ်တုံးကို တွေ့ရစဉ်

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၈ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စု လမ်းမကြီး မိုင်တိုင်အမှတ် ၁၉၅ မိုင် ၅ ဖာလုံအနီး အနောက်ဘက် နှစ်မိုင်ခန့်အကွာ တောတွင်းတစ်နေရာတွင် Mitsubishi Fuso ၁၂ ဘီးယာဉ်တစ်စီးအား မသင်္ကာဖွယ် ရပ်တန့်ထားကြောင်း သတင်းရရှိ၍ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဖရဲသီးများဖြင့် ဖုံးအုပ်ထားသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးနှစ်တုံး ကီလိုဂရမ် ၇၀၀၀ ခန့် ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၃၅၀ ခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရမည်းသင်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားလိုင်း တိုးချဲ့တပ်ဆင်ပေး

**ရမည်းသင်း မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိရွာများမှ ဓာတ်အားလိုင်း နှစ်မိုင်ပတ်လည် ကျေးရွာခုနှစ်ရွာအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း အသုံးပြုစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါကျေးရွာများမှာ ရမည်းသင်းမြို့နယ် ရှမ်းဘုရားရွာ-ရင်ဂါတ်ကုန်းရွာ-ဆည်ကန်ရွာ-ကန်ဦးရွာတို့သို့ ၁၁ ကေဗွီဓာတ်အားလိုင်း နှစ်မိုင်သွယ်တန်းခြင်း၊ ရမည်းသင်းမြို့နယ် မြို့လှကျေးရွာမှ အင်းပေါင်ရွာ ၁၁ ကေဗွီ ဓာတ်အားလိုင်း နှစ်မိုင်သွယ်တန်းခြင်း၊ ကြံပင်ကျေးရွာမှ အရှေ့အုတ်ဖိုရွာသို့ ၃၃ ကေဗွီဓာတ်အားလိုင်းနှစ်မိုင်နှင့် ၃၃ ကေဗွီဓာတ်အားခွဲရုံ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်း၊ ကြက်လျှာကျေးရွာမှ မာလီကုန်းရွာ ၁၁ ကေဗွီ ဓာတ်အားလိုင်း တစ်မိုင်သွယ်တန်းခြင်း၊ ရမည်းသင်းမှ ကန်ဆွယ်ကျေးရွာ ၁၁ ကေဗွီ ဓာတ်အားလိုင်း နှစ်မိုင် သွယ်တန်းခြင်းတို့ကို မတ် ၁၄ ရက် နံနက် ၉ နာရီမှ စတင်၍ ခရိုင်လျှပ်စစ် ရုံး လက်ထောက်မန်နေဂျာ ဒေါ်ချိုချိုတင် (အင်/ယာ)၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညွှန့်ဝင်းနှင့် တာဝန်ကျလျှပ်စစ်လိုင်း မင်းတို့သည် လုပ်ငန်းများဆောင်ရွက်နေစဉ် နည်းပညာဆိုင်ရာ (Quality Control) သတ်မှတ်စံချိန်စံညွှန်း အရည်အသွေး အတိုင်းအတာများ ပြည့်မီညီညွတ်ရေး၊ သတ်မှတ်ရက်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းလိုအပ်ချက်များ ပြင်ဆင်ရန် ကုမ္ပဏီတာဝန်ရှိသူအား ညွှန်ကြား၍ လုပ်ငန်းခွင်သို့ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**



# ပြည်တွင်းရေကြောင်းခရီးသည်တင်ရေယာဉ်များ ပြေးဆွဲမှုအန္တရာယ်ကင်းရှင်းရေး ဆွေးနွေး

**ပုသိမ် မတ် ၁၉**

ပြည်တွင်းရေကြောင်း ခရီးသည်တင်ရေယာဉ်များ ပြေးဆွဲမှုအန္တရာယ်ကင်းရှင်းရေး ကြိုတင်လုပ်ငန်းစီမံဆောင်ရွက်မှုများကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရေယာဉ်များ စနစ်တကျပြေးဆွဲရေး၊ ကြီးကြပ်မှုလုပ်ငန်းကော်မတီဝင်များ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်မောင်းနှင်သူများ၊ ပုသိမ်မြို့ပေါ်ရှိ ရေကြောင်းရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို မတ် ၁၇ ရက်က ပုသိမ်မြို့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဗဟိုအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများဌာနခွဲ(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးက ရေကြောင်းခရီးသည်တင်ရေယာဉ်များ ပြေးဆွဲမှုအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ရေယာဉ်ကိုယ်ထည်ကြံ့ခိုင်မှု၊ စက်ပိုင်းဆိုင်ရာ ယာဉ် မောင်းများ ရေဘေး၊ လေဘေး ကျွမ်းကျင်တတ်မြောက်အောင်မြင်သူများဖြစ်ရေး၊ ရေယာဉ်ပိုင်ရှင်များက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ မြို့နယ် ရေယာဉ်များစနစ်တကျပြေးဆွဲ ရေးကြီးကြပ်မှုလုပ်ငန်းကော်မတီမှ ချမှတ်သောစည်းမျဉ်း၊ စည်းကမ်းများညီနှိုင်းတိုင်ပင် လိုက်နာမှုရှိရေး ဆွေးနွေးသွားခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ရေယာဉ်စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးမင်းသိန်းနှင့် တိုင်းဒေသကြီးအတွင်း ဖွဲ့စည်းပြီးခဲ့သော မြို့နယ် ၁၈ မြို့နယ် လုပ်ငန်းကော်မတီဝင်များနှင့် ရေယာဉ်ပိုင်ရှင်များက ဒေသအလိုက် ရေယာဉ်ပြေးဆွဲမှု စနစ်တကျရှိရေးဆောင်ရွက်ရာ၌ အခက်အခဲ ကြုံတွေ့ရမှုများ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ပုသိမ်လှကြည်**

# အုတ်တင်ယာဉ် အရှိန်လွန်တိမ်းမှောက်၊ တစ်ဦးသေဆုံးပြီး လိုက်ပါလာသူများဒဏ်ရာရ

**ရေတာရှည် မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင် (၁၄/၇) နှင့် (၁၅/၀) အကြား ဇရဲပေါက်ကျေးရွာအဝင်ဆိုင်းဘုတ်အနီး၌ မတ် ၁၉ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ဖြစ်စဉ်မှာ ရိုးမဖြတ်ကျော်ကားလမ်းအတိုင်း ၉ ဥ/----ခြောက်ဘီးယာဉ်မှာ အရှေ့မှ အနောက်သို့ အုတ်ခဲများတင်ဆောင်၍ မင်းသူဝင်း (၂၇နှစ်) မြို့မြေရပ်ကွက် မြို့လှနေသူမောင်းနှင်၍ ရှေ့ခေါင်းခန်း၌ ဦးမြင့်အောင်(၅၅ နှစ်) မြို့မြေရပ်ကွက် မြို့လှ မြို့နေသူလိုက်ပါပြီး ယာဉ်နောက်ခန်းတွင် တစ်ရွာတည်းသားများဖြစ်ကြသည့် ထွန်းထွန်းထွေး(၂၉ နှစ်)၊ လင်းထက် သော်(၁၄ နှစ်)၊ ဟာမင်း(၃၀ နှစ်) မတုတ်(၄၃ နှစ်) တို့လိုက်ပါလာသည့်ယာဉ်သည် အခင်းဖြစ်ပွားသော ကုန်းဆင်းလမ်းအရောက် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ လိုက်ပါလာသူများအနက် ဟာမင်း (၃၀နှစ်)သည် ရရှိသောဒဏ်ရာများဖြင့် နေရာ၌သေဆုံးသွားခဲ့ပြီး ကျန်သူများအားလုံး ဒဏ်ရာများရရှိခဲ့၍ ဆွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# စိတ်ကြွရူးသွပ်ဆေးများနှင့် ကျောက်မျက်ရတနာများဖမ်းဆီးရမိ

**ထားဝယ် မတ် ၁၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် မလွဲတောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးအောင်ထွန်း ဦးဆောင်၍ စစ်ဆေးရေးဂိတ်မှ ရဲအုပ်ခင်မောင်ချင်းနှင့်အဖွဲ့သည် မတ် ၁၈ ရက်က ရေးမြို့မှ ထားဝယ်မြို့သို့ မောင်းနှင်လာသောယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

တင်မိုးလွင် မောင်းနှင်လာသော မော်တော်ယာဉ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၅၀၊ မြန်မာငွေကျပ် ၅၉၀၀၀၊ ဆင်းကတ်ပါ ဟန်းဖုန်းနှစ်လုံး၊ KBZ Bank ငွေလွှဲဖြတ်ပိုင်း သုံးရွက်၊ ကမ္ဘာ့ရတနာဘဏ်၊ ပုလောဘဏ်ခွဲမှ ကျပ် ၅၀၀၀၀၀၀ ပါ ငွေလက်ခံပြေစာတစ်ရွက်၊ ကျောက်မျက်ပိုင်းဖြတ်စ ၂၇ ခု၊ ဦးတိုပွားရုပ်ကျောက်စိမ်းပိုင်းတစ်ခု၊ မယ်တော်ရုပ်ပုံကျောက်မျက်ပိုင်းတစ်ခု၊ ငါးရုပ်ပုံကျောက်စိမ်းပိုင်းသုံးခု၊ ကနုတ်ပုံရုပ်ကျောက်စိမ်းပိုင်းနှစ်ခု၊ နဂါးရုပ်ပုံကျောက်စိမ်းပိုင်းတစ်ခု၊ အချောသွေးပြီး ပုံစံငါးခုတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်နှင့်ပတ်သက်၍ တင်မိုးလွင်ကို ကလိန်အောင်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ယာဉ်မောင်းအိပ်ငိုက်၍ အမြန်လမ်းရဲနွယ်တံတားအောက်သို့ ယာဉ်တစ်စီးထိုးကျတိမ်းမှောက်

**ကျောက်တံခါး မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန်- နေပြည်တော်အမြန်လမ်းမိုင်တိုင်အမှတ် (၈၃/၅ နှင့် ၆ )အကြား၌ မတ် ၁၉ ရက် ညနေ၃ နာရီက ယာဉ်မောင်းအိပ်ငိုက်၍ ယာဉ်တစ်စီးအမြန်လမ်း ရဲနွယ်တံတားအောက်သို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ယာဉ်မောင်း ဦးဝင်းနိုင်ဦး(၅၅ နှစ်) ဓာတုကလျာလမ်း တောင်ငူမြို့နေသူ မောင်းနှင်လာသောယာဉ် အမှတ် EE/---- ဘာရီနာယာဉ်သည် ယာဉ်မောင်းအိပ်ငိုက်၍ လမ်း၏ယာဘက်၌ရှိသော တံတားကို ကာရံထားသည့် ဘာရီယာတုံးအား ဝင်တိုက်မိပြီး ရဲနွယ်တံတားအောက်သို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်း ဦးဝင်းနိုင်ဦးတွင် ဒဏ်ရာများရရှိကာ မြို့ချောင်းတိုက်နယ်ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ယာဉ်မှာ ပျက်စီးဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းက ယာဉ်မောင်းအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရ သည်။

**ခင်ကို(ကျောက်တံခါး)**

# မြိတ်မြို့၌ ဂက်စ်အိုးဘားဖွင့်ရာမှ မီးလောင်

**မြိတ် မတ် ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ထားဝယ်စုရပ်ကွက် C လမ်းရှိ ဒေါ်သူဇာဝင်း ပိုင်ဆိုင်သော လင်းလင်းအောင် ကြေးအိုးဆိုင်၌ မတ် ၁၈ ရက် နံနက် ၈ နာရီ မိနစ် ၅၀ ခန့်က စားဖိုမှူးလက်ထောက်အဖြစ် လုပ်ကိုင်နေသူ ဦးစိုးထွန်းက ဂက်စ်အိုးဘားကို ရဲဒင်းဖြင့်ရိုက်ဖွင့်ရာမှ အနီးရှိ မီးဖိုမှတစ်ဆင့်ကူးစက်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် ကြေးအိုးဆိုင်ရှိ ဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့် ငြိမ်းသတ်မှုကြောင့် မီးငြိမ်းခဲ့ပြီး စားဖိုမှူးလက်ထောက်နှစ်ဦး မီးဟပ်ခံရပြီး(မစိုးရိမ်ရ)ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဆုံးရှုံးမှုမရှိကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။ **(ခရိုင် ပြန်/ဆက် )**

# ရေးမြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ရေး မတ် ၁၉**

မွန်ပြည်နယ် ရေးမြို့ သီရိခေမာရပ်ကွက် မြို့တော်ဦးပိုင်း တနင်္သာရီလမ်းမကြီး၌ သားဇော် (ခ) ဇော်မိုးထက် ဝပ်ရှော့စက်ပြင်နေအိမ်ဆိုင်ခန်းသို့ မတ် ၁၉ ရက် နံနက် ၃ နာရီ ၁၀ မိနစ်က မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။ အဆိုပါနေအိမ်အောက်ထပ်၌ အိမ်ရှင် သားဇော် (ခ) ဇော်မိုးထက်နှင့် မူးယစ်ဆေးဝါးသုံးစွဲရန်ရောက်ရှိနေသော သီဟ၊ သားသားဇော်၊ ကျော်ကိုကိုလွင် (ခ) ဂျလကစ်နေသူတို့လေးဦးအားတွေ့ရှိရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၈ ပြား ကာလတန်ဖိုး ငွေကျပ် ၃၉၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ရေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေမျိုးထွန်း (ရေး)**





**ရွှေဥက္ကလာရေသန့်စက်ရုံမှအလိုရှိသည်**

ယာဉ်မောင်း (၁)ဦး -ကျား (၅)ဦး -မ (၃)ဦး
နယ်ဝန်ထမ်းဦးစားပေးမည်-နေရန်-စားရန်စီစဉ်ပေးမည်။
အမှတ်(၁၉)၊သုနန္ဒာလမ်းနှင့်ဘုမ္မာလမ်းထိပ်၊
ည+၄ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်
ဖုန်း-၀၉-၅၁၆၂၅၀၆၊ ၀၉-၄၄၈၀၀၂၆၂၄

**ဝါရင့်ဆရာ/ဆရာမကြီးများသင်မည်**

စီးပွားရေးတက္ကသိုလ်
**MBA/DMA ဝင်ခွင့်**
နှင့် Master ဘွဲ့ဝင်ခွင့်များအတွက်
GMAT, Reasoning & English
အတန်းသစ် 23 March 2017စမည် (တစ်လခွဲ)
မည်သည့်ဘွဲ့ရမဆိုလျှောက်ထားနိုင်သည် Fees 55000ks
ORION Business School
အမှတ်-၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (အုံ့စင်တာအနီး)။ 09-5115997

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၂၈၉၊ ဧရိယာ ၀ဒသမ၁၅၀ဧကရှိ ဒေါ်မြင့်မြင့်သန်းအမည်ပေါက် ပါမစ်မြေကွက်၊ အရပ်အခေါ်-အမှတ်(၂၇၅)၊ ချယ်ရီ(၃)လမ်း၊ FMI City၊ လှိုင်သာယာမြို့နယ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်သန်း ၁၂/မရက(နိုင်)၀၃၆၈၅၄ ထံမှ ကျွန်မ၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါပြီး ၁၄ ရက်အတွင်း အထောက်အထားမူရင်း ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဝင်းမြင့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၄၂)
အမှတ်-၁၁၀၀၊ ခရေလမ်း၊ ၃၈ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၂၀၈၅၈

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၄ယ/၂၀၀၇၅ ယာဉ်လက်ဝယ်ရှိသူ Kaung Thit Lwin Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)၊ မအူပင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2K/6512 TOYOTA PASSO KGC 30 HATCH BACK (4x2)ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၁၂/ဥကမ(နိုင်)၀၀၄၀၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3C/3434 Toyota Mark II J2X 110 Saloonယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မေပြုံး ၁၂/မရက(နိုင်)၀၉၉၈၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4K/9484 Toyota Hilux VIGO P/U (4x2) (Open Cab) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမြင့် ၁၂/ပဘတ(နိုင်)၀၂၄၉၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5C/4134 Toyota Hilux Sport rider, Station Wagon(4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီချို ၁၃/ပတယ(နိုင်)၀၀၀၈၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးမိုးကျော် ၁၂/တမန(နိုင်)၀၇၁၆၅၉၏ S201P. 0066868 Export Certificate စာရွက်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၅၈၂၄၈၊ ၀၉-၄၂၀၇၈၇၀၅၅**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်၏ သော့တွဲ ၁၃-၃-၁၇ ရက် (တနင်္လာနေ့)တွင် ကျပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၅၁၆၀၁၅၁၊ ၀၉-၇၆၅၁၆၀၁၅၁၊ ၀၉-၉၇၇၁၇၇၀၀၇**
**ဦးအောင်ကျော်စန်း**

**ညှိနှိုင်းဈေးဖြင့်မြေရောင်းမည်**

ပြင်ဦးလွင်မြို့၊ အိမ်တော်လမ်း၊ ၀ဒသမ၇၂ ဧကရှိ မြေကို ညှိနှိုင်းဈေးဖြင့်ရောင်းမည်။ (ပတ်ဝန်းကျင်ကောင်း နေရာကောင်း ဟိုတယ်များရှိ)

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၅၀၀၂၇၇၇၄၊ ၀၉-၈၆၀၀၁၉၀၊ ၀၉-၇၇၇၇၀၀၅၂၇၊ ၀၉-၇၇၇၇၀၀၇၆၃**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

***ယမန်နေ့မှအဆက်***

(ဇ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပုဒ်မခွဲ(ဆ)အရ သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးဌာန သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ခြင်းခံရသည့် ဆေးဝါးသုံးစွဲသူအားတာဝန်ယူကုသပေးရမည်။

(ဈ) ပုဒ်မ ၉(ဇ)အရ ဆေးကုသမှုခံယူပြီးသူများအား ၎င်းတို့၏ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုကိုခံယူစေရေးအတွက် ပြန်လည်ထူထောင်ရေးသင်တန်းသို့ တက်ရောက်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှလူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးပို့ရမည်။

၁၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၀ ကို ပယ်ဖျက်ရမည်။

၁၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၁ ၏ နောက်၌ ပုဒ်မ ၁၁ (က)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

**၁၁ (က)။** ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများသည် ကာကွယ်ရေး၊ ကုသရေး၊ စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုအဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆန့်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ စာချုပ်များတွင် ပါဝင်သည့်ရည်ရွယ်ချက်များ၊ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစေရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်။

၁၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၃ တွင် ပုဒ်မခွဲ (ဃ) ၏ နောက်၌ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(င) ပြစ်မှုနှင့်သက်ဆိုင်သည့် မှတ်တမ်းများကို ဆက်သွယ်ရေးလုပ်ငန်းများထံမှ ကြည့်ရှုစစ်ဆေးခြင်း၊ မိတ္တူကူးယူခြင်း။"

၁၄။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၄ ၏ နောက်တွင် ပုဒ်မ ၁၄ (က)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"**၁၄(က)။** တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ပြစ်မှုနှင့်သက်ဆိုင်သောသတင်းအချက်အလက် မှတ်တမ်းများနှင့် စပ်လျဉ်း၍ဗဟိုအဖွဲ့ကထုတ်ဆင့်သည့် အမိန့်ရရှိလျှင် ဆက်သွယ်ရေးလုပ်ငန်းများမှ တာဝန်ရှိသူသည် ပြစ်မှုနှင့်သက်ဆိုင်သော မှတ်တမ်းများကိုကြည့်ရှုစစ်ဆေးခြင်း၊ မိတ္တူကူးယူခြင်းတို့ကို ခွင့်ပြုရမည်။"

၁၅။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၅။ ဆေးဝါးသုံးစွဲသူသည် ပုဒ်မ ၉၊ ပုဒ်မခွဲ (ဆ) အရဤကိစ္စ အလို့ငှာ ဖွင့်လှစ်ထားသော ပြုစုပျိုးထောင်ရေးဌာန သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့် ကာလအတွင်း သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးဌာန သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်-

(က) ထိုသူသည် အသက်၁၆ နှစ်ပြည့်ပြီးသူဖြစ်ပါက လူမှုရေးလုပ်ငန်းတစ်ရက် ၂ နာရီဖြင့် **အနည်းဆုံးနာရီ ၁၈၀ မှ အများဆုံး နာရီ ၂၄၀ အထိ** ချမှတ်ရမည်။

(ခ) အသက် ၁၆ နှစ် မပြည့်သေးသူဖြစ်ပါက လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်ပြုပြင်ထိန်းသိမ်းရေးစခန်းသို့ ပို့အပ်ရမည်။"

၁၆။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ တွင် -

(က) ပုဒ်မခွဲ(ခ) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါးသို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကိုထုတ်လုပ်ရာ၌ အသုံးပြုသည့်ပစ္စည်းဖြစ်သည်ဟု ကြေညာထားသည့် ပစ္စည်းကိရိယာများ၊ ဓာတုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊"

(ခ) ပုဒ်မခွဲ (ဂ) တွင် ခြွင်းချက်အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"**ခြွင်းချက်။** ဤပြဋ္ဌာန်းချက်သည် မူးယစ်ဆေးဝါးသုံးစွဲသူကမိမိကိုယ်တိုင်သုံးစွဲရန်သို့မဟုတ် မကျန်းမာသည့် လူနာအတွက် ဆရာဝန်၏ ဆေးစာဖြင့် ဝယ်ယူအသုံးပြုရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကသတ်မှတ်သည့် ပမာဏထက်မပိုသော မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို လက်ဝယ်ထားရှိခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။"

၁၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၇ ၏နောက်တွင် ပုဒ်မ ၁၇ (က) ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၁၇(က)။ ဆက်သွယ်ရေးလုပ်ငန်းများမှ တာဝန်ရှိသူသည် ဗဟိုအဖွဲ့က ထုတ်ဆင့်သည့် အမိန့်ရရှိပြီးနောက် ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများနှင့် စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးခြင်း၊ မိတ္တူကူးယူခြင်းတို့ကို ခွင့်ပြုရန် ငြင်းဆန်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ဗဟိုအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်ပေးခြင်း၊ လွှဲပြောင်းပေးခြင်းပြုလုပ်ပါက ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။"

၁၈။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၃ တွင်ပါရှိသော "ယခင်ကယင်းပြစ်မှုဖြင့်"ဆိုသည့်စကားရပ်ကို "ယခင်ကလည်း ပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိပြဋ္ဌာန်းထားသောပြစ်မှုတစ်ခုခုဖြင့်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၅ တွင် ပုဒ်မခွဲ(က) ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(က) ပုဒ်မ ၁၅ မှအပ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်တတ်သူ သို့မဟုတ် ကျူးလွန်ကြောင်း ကျော်ဇောသတင်းရှိသူအား ၃ နှစ်ထက်မပိုသောကာလအတွင်း ကောင်းမွန်စွာနေထိုင်စေရန် ခံဝန်ချုပ် ချုပ်ဆိုစေရမည်။"

၂၀။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၆ တွင်-(က)ပုဒ်မခွဲ(ဂ) ကိုပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ပုဒ်မခွဲ(က) နှင့် (ခ)တို့ပါ မူးယစ်ဆေးဝါး နှစ်မျိုးပေါင်းသည် သုံးဂရမ်၊"

(ဂ) ပုဒ်မခွဲ(စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ဆေးခြောက် သို့မဟုတ် ဆေးခြောက်အဆီ သို့မဟုတ် ယင်းနှစ်ခုပေါင်း ဖြစ်ပါက တစ်ရာဂရမ်၊"

(ဃ) ပုဒ်မခွဲ (ဇ) ၏နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ-၁) စိတ်ကြွရူးသွပ်ဆေးဖြစ်ပါက သုံးဂရမ်၊

(ဇ-၂) မက်အက်ဖီတမင်းဟိုက်ဒရိုကလိုရိုက် (အိုက်စ်) ဖြစ်ပါက သုံးဂရမ်၊

(ဇ-၃) အက်ဖီဒရင်း (သို့မဟုတ်) ဆူဒိုအက်ဖီဒရင်းဖြစ်ပါက သုံးဂရမ်၊"

၂၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၈ ၏ နောက်တွင် **ပုဒ်မ ၂၈ (က)၊ ၂၈(ခ)၊ ၂၈(ဂ) နှင့် ၂၈(ဃ)** တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**၂၈(က)။** ဗဟိုအဖွဲ့၏ ရုံးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

**၂၈(ခ)။** ဗဟိုအဖွဲ့သည် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် -

(က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေချထားပေးငွေနှင့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်များ လှူဒါန်းသောငွေကြေးများဖြင့် ရန်ပုံငွေထူထောင်နိုင်သည်။

(ခ) နိုင်ငံတော်ကထောက်ပံ့သောပစ္စည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်များလှူဒါန်းသော ပစ္စည်းများကိုလက်ခံ၍ လိုအပ်သလိုစီမံခန့်ခွဲနိုင်သည်။

**၂၈(ဂ) ။** ဗဟိုအဖွဲ့သည် -

(က) ပြည်ထောင်စုဘဏ္ဍာခွင့်ပြုငွေမှအပ ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ စေတနာရှင်များလှူဒါန်းထားသော ပစ္စည်းများစီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း လုပ်ထုံး လုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းသတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ(က) ပါရန်ပုံငွေမှ အရအသုံးဆိုင်ရာစာရင်းဇယားများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုထားရှိပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးခြင်းကိုခံယူရမည်။

**၂၈(ဃ)။** ပုဒ်မ ၂၄ ပုဒ်မခွဲ(က)(ခ)အရ ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် ငွေကြေးများကို ပြည်သူ့ဘဏ္ဍာသိမ်းဆည်းမိန့်ချမှတ်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။ ပေးသွင်းသည့် ဘဏ္ဍာရန်ပုံငွေမှ ၁၀ ရာခိုင်နှုန်းကိုဆုငွေအဖြစ် သတ်မှတ် ပေးရမည်။

၂၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၃၀ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဗဟိုအဖွဲ့သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

## မိဘမဲ့ကလေးများ စောင့်ရှောက်ရေး ဘုန်းတော်ကြီးကျောင်းသို့ အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

**တိုက်ကြီး မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သနပ်ချောင်းအုပ်စု မဟာဗောဓိ မိဘမဲ့ကလေးများ စောင့်ရှောက်ရေးနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (တွဲဖက်) Yellow Generation Wave ကျောင်းတွင် မတ် ၁၆ ရက်က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် စေတနာ့ဝန်ထမ်းများ စုပေါင်းဖွဲ့စည်းထားသော စေတနာ့အလင်းတန်း ပရဟိတအဖွဲ့(ဘုရင့်နောင်)မှ ဆဋ္ဌမအကြိမ်မြောက်အဖြစ် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများအား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါကျောင်းတိုက်ရှိ သံဃာတော်အရှင်သူမြတ်များအား စေတနာအလင်းတန်း ပရဟိတအဖွဲ့မှ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ကလေးများ၏ တစ်နေ့တာ အာဟာရဒါနအတွက် အလှူငွေကျပ် ငါးသိန်း၊ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် လှူဖွယ်ပစ္စည်းများကို အဖွဲ့နာယက ဦးကိုကိုနိုင်နှင့် အလုပ်အမှုဆောင် ဦးမောင်ဝေတို့က ကျောင်းတိုက်ဆရာတော်ထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။ မဟာဗောဓိ မိဘမဲ့ကလေးများ စောင့်ရှောက်ရေးနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ဆင်းရဲနွမ်းပါးကလေးနှင့် မိဘမဲ့ကလေး စုစုပေါင်း ၁၄၂ ဦးတို့အား ပြုစုစောင့်ရှောက် ကျွေးမွေးထားပြီး ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-သန်းဌေး(ဒလ)**

## လုပ်ငန်းခွင်၌ ထိခိုက်ဒဏ်ရာရသူအား လူမှုဖူလုံရေးအဖွဲ့က အကျိုးခံစားခွင့်ပေးအပ်

**ဇီးကုန်း မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ မတော်တဆထိခိုက်ဒဏ်ရာရခဲ့သော အာမခံအလုပ်သမားအား အကျိုးခံစားခွင့် ငွေလုံးငွေရင်းပေးအပ်ပွဲအခမ်းအနားကို မတ်လ ဒုတိယပတ်က မြို့နယ်စည်ပင်သာယာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် လုပ်ငန်းခွင်၌ တာဝန်ထမ်းဆောင်ရင်း မတော်တဆထိခိုက်ဒဏ်ရာရခဲ့သော မြို့နယ်စည်ပင်ဝန်ထမ်း ဦးသန်းဝင်းအား အကျိုးခံစားခွင့် ငွေလုံး ငွေရင်း ငွေကျပ် ၅၇ သိန်း သုံးသောင်းသုံးထောင်ကျော်ကို တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့တာဝန်ခံအရာရှိ ဦးချစ်ကိုကိုနှင့်အဖွဲ့မှပေးအပ်ရာ ကာယကံရှင်ကိုယ်စား ဦးသန်းဝင်း ၏ဇနီး ဒေါ်ဖြူဖြူဝင်းက လက်ခံသည်။ ကာယကံရှင်ဝန်ထမ်းမှာ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမားတစ်ဦးဖြစ်သည်။

ယင်းအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့ တာဝန်ခံအရာရှိ ဦးချစ်ကိုကိုနှင့် D-R မော်ကွန်းမြင့်သူရွှေ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးခိုင်ထွန်း၊ သာယာဝတီခရိုင် NLD အမှုဆောင် ဒေါ်မာမာအေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# ယခု တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဝတ်ရည်မွန် (AMIA)**
**ဓာတ်ပုံ-သိန်**



ပေါ်ဆန်းမွှေး (နယ်စုံ၊ဖျာပုံ၊ဒေးဒရဲ၊ မြောင်းမြ)တို့ဟာ နှစ်ပတ်နီးပါး ဈေးငြိမ်နေပြီး ဒီတစ်ပတ်မှာ ဈေးပြန်တက်လာပါတယ်။မတ်လဒုတိယ အပတ်မှာ ဈေးဆက်တိုက်တက်ခဲ့တဲ့ မတ်ပဲနဲ့ ပဲစင်းငုံဟာ တတိယပတ်မှာတော့ ဈေးက အတက်အကျမတည်ငြိမ် အကျဈေးနဲ့ ရှိနေပါတယ်။ ပဲတီစိမ်းက ဈေးတက်လာသလို ကြက်သွန်နီကလည်း ဈေးအနည်းငယ် တက်လာပါတယ်။

**ပေါ်ဆန်းမွှေးသစ် ဈေးတက်**

ပေါ်ဆန်းမွှေးသစ် (နယ်စုံ၊ ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ နယ်စုံ) ဟာ နှစ်ပတ်ကျော် ကျော်လောက် ဈေးငြိမ်နေရာကနေဒီတစ်ပတ်မှာတစ်အိတ်ကို ငွေကျပ် ၁၀၀၀ ခန့် တက်လာပါတယ်။ ဒီတစ်ပတ် ပေါက်ဈေးက တစ်အိတ်ကို ငွေကျပ် ၂၆၅၀၀ ကနေ ငွေကျပ် ၃၉၀၀၀ အထိပေါက်ဈေးရှိနေပါတယ်။

**မတ်ပဲ (FAQ/RC) နှင့် ပဲစင်းငုံနီ (RC) ဈေးအနည်းငယ်ကျဆင်း**

မတ်လဒုတိယအပတ်မှာ ဈေးဆက်တိုက်တက်ခဲ့တဲ့ မတ်ပဲက တတိယပတ်မှာတော့ အတက်အကျ အနည်းငယ်ပြောင်းလဲခဲ့ပါတယ်။ ဒုတိယအပတ် သောကြာနေ့မှာ တစ်တန်ကို ငွေကျပ် ၁၁၄၂၀၀၀ နဲ့ ဈေးပိတ်ခဲ့ပေမယ့် ဈေးပြန်ဖွင့်တဲ့ တနင်္လာနေ့မှာ ငွေကျပ် ၁၀၉၀၀၀၀ အထိ ကျဆင်းသွားခဲ့ပါတယ်။ ယခုအပတ် သောကြာနေ့မှာတော့ ငွေကျပ် ၁၁၀၁၀၀၀ နဲ့ ဈေးဆက်လက်ကျဆင်းသွားပါတယ်။ ပဲစင်းငုံကလည်း မတ်ပဲ နည်းတူပါပဲ။မတ်လ ဒုတိယအပတ် သောကြာနေ့မှာ ငွေကျပ် ၇၈၉၀၀၀နဲ့ ဈေးပိတ်ခဲ့ပြီး တတိယပတ်ဖြစ်တဲ့ တနင်္လာနေ့မှာ ငွေကျပ် ၇၆၅၀၀၀ အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။ တစ်ပတ်အတွင်းမှာ တစ်တန်ကို အကျဈေးနဲ့ပဲ ရှိနေပြီး သောကြာနေ့မှာတော့ ငွေကျပ် ၇၄၇၀၀၀ နဲ့ ဈေးပိတ်ခဲ့ပါတယ်။

**ပဲတီစိမ်းဈေးအနည်းငယ်တက်**

ပဲတီစိမ်းကတော့ ဈေးဆက်တိုက်တက်နေတာဒီတစ်ပတ်နဲ့ဆို နှစ်ပတ်ဆက်တိုက်ရှိနေပါတယ်။ မတ်လဒုတိယအပတ်မှာတစ်ပိဿာကို ငွေကျပ် ၂၀၀၀ ထိဈေးတက်ခဲ့ပြီး တတိယအပတ်မှာတော့ ငွေကျပ် ၂၀၅၀ အထိဈေးတက်ခဲ့ပါတယ်။

**နှမ်းမျိုးစုံဈေးတက်**

နှမ်းမျိုးစုံထဲမှာ နှမ်းညို၊ နှမ်းနက်တို့ကဈေးဆက်တိုက် တက်လာတာကို တွေ့ရပါတယ်။

**နှမ်းညို**

နှမ်းညိုကလည်းဈေးဆက်တိုက်တက်လာပြီး ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ်သာတက်ခဲ့ပါတယ်။ ဒီတစ်ပတ် ပေါက်ဈေးက တစ်အိတ်ကို ငွေကျပ် ၈၃၀၀၀ ပေါက်ဈေးရှိခဲ့ပြီး လတ်တလော ဈေးငြိမ်နေပါတယ်။

**နှမ်းနက်**

နှမ်းနက်ကတော့ ဒီတစ်ပတ်မှာ တစ်အိတ်ကို ငွေကျပ် ၁၀၀၀၀ ကျော်လောက်အထိ မြင့်တက်လာခဲ့ပါတယ်။ ဆက်တိုက် ဈေးမြင့်တက်နေတာဖြစ်ပြီးတော့ မတ်လတတိယအပတ် သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၁၀၅၀၀၀ အထိ ဈေးမြင့်တက်ခဲ့ပါတယ်။

**နှမ်းနက်(စမုံ)**

နှမ်းနက်(စမုံ)ကလည်း တစ်အိတ်ကို ငွေကျပ် ၅၀၀၀ ခန့်အထိ ဈေးတက်လာပြီး ဒီတစ်ပတ် သောကြာနေ့မှာတော့ ငွေကျပ် ၁၄၀၀၀၀ နဲ့ ဈေးပိတ်ခဲ့ပါတယ်။

**နှမ်းဖြူ**

နှမ်းဖြူကလည်း မတ်လဒုတိယအပတ်က ဈေးအပြောင်းအလဲမရှိခဲ့ပေမယ့် တတိယအပတ် သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၁၀၅၀၀၀နဲ့ ဈေးတက်ခဲ့ပါတယ်။

**ပန်းနှမ်း**

နှမ်းမျိုးစုံက ဈေးတက်ခဲ့ပေမယ့် ပန်းနှမ်းကတော့ ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး ဒီတစ်ပတ်မှာတစ်အိတ်ကို ငွေကျပ် ၇၃၀၀၀ နဲ့ အကျဈေးနဲ့ ဈေးငြိမ်နေပါတယ်။

**ကြက်သွန်နီဈေးအနည်းငယ်တက်**

ကြက်သွန်နီ (ဆိပ်ဖြူ၊ တောင်တွင်း၊ မြင်းခြံ၊ မြစ်သား) တို့က မတ်လဒုတိယအပတ်မှာ ငွေကျပ် ၁၁၀၀ အကျဈေးနဲ့ ဈေးပိတ်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၁၂၀၀ နဲ့ ဈေးပိတ်ခဲ့ပါတယ်။

**ဖရဲသီး ၈၅၅ နှင့် ရွှေသခွားမွှေးသီး ဈေးကျဆင်း**

မူဆယ်ကုန်စည်ဒိုင်မှာ ဖရဲသီး ၈၅၅ နဲ့ ရွှေသခွားမွှေးသီးတို့ဟာ ဒေသတွင်း တိုက်ပွဲတွေကြောင့် ကားတွေပိတ်ပြီး အရည်အသွေးပိုင်း ထိခိုက်တဲ့အတွက် ဈေးကျဆင်းသွားပါတယ်။ ဒီတစ်ပတ်မှာတော့ ဖရဲသီး ၈၅၅ ပေါက်ဈေးက ငွေကျပ်၄၂၂၄၀၀ ကနေ ငွေကျပ် ၄၉၉၂၀၀ အထိ ပေါက်ဈေး ရှိပါတယ်။

ရွှေသခွားမွှေးသီးကလည်း ဒီတစ်ပတ်မှာတစ်တန်ကို ငွေကျပ် ၆၁၄၄၀၀ ကနေ ငွေကျပ် ၆၉၁၂၀၀အထိ ဈေးရှိပြီးတစ်တန်ကို ငွေကျပ် တစ်သိန်းကျော်ခန့် ဈေးကျဆင်းသွားပါတယ်။

**ပဲပုပ် (ဗမာ) ဈေးဆက်တိုက်တက်**

ပဲပုတ်(ဗမာ) အမျိုးအစားဟာလည်း ဒီတစ်ပတ်အတွင်းမှာ ငွေကျပ် ၁၀၀၀၀ ခန့် ဈေးတက်လာပါတယ်။ တနင်္လာနေ့ဈေးစဖွင့်ချိန်မှာ တစ်အိတ်ကိုငွေကျပ် ၆၀၀၀၀ ရှိခဲ့ပြီး သောကြာနေ့မှာတော့ ငွေကျပ် ၇၀၀၀၀ အထိ ဈေးမြင့်တက်ခဲ့ပါတယ်။

## ၂၀၁၆ခုနှစ်တွင် ရေကြီးနစ်မြုပ်သီးနှံများအပေါ် စိုက်ပျိုးရေး ဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်

**သရက် မတ် ၁၉**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ၂၀၁၆ ခုနှစ်တွင် ရေကြီးနစ်မြုပ်သီးနှံများအပေါ် စိုက်ပျိုးရေး ဦးစီးဌာနမှ ထောက်ပံ့ငွေ ပေးအပ်ခြင်းကို မတ် ၁၇ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအောင်က စိုက်ပျိုးသီးနှံများကို အထွက်နှုန်းကောင်းအောင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနများမှ အကြံဉာဏ်ကောင်းများရယူ၍ စိုက်ပျိုးသွားကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးတင်နိုင်ဦးက ၂၀၁၆ ခုနှစ် သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများပျက်စီးမှုအပေါ် စိုက်ပျိုး ရေးဦးစီးဌာနမှ ထောက်ပံ့ငွေများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ရေကြီးနစ်မြုပ်မှုကြောင့် ကျေးရွာအုပ်စု ကိုးအုပ်စုမှ တောင်သူ ၃၆၆ ဦးအား ပဲတီစိမ်းပျက် ဧက ၅၄၁ ဧကအတွက် ထောက်ပံ့ငွေကျပ် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများကပေးအပ်ရာ ကျေးရွာကိုးအုပ်စုမှ တောင်သူများ ကိုယ်စား ကျေးရွာ အုပ်ချုပ်ရေးမှူးများက လက်ခံယူခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## လယ်မြေများအတွက် နစ်နာကြေးပေးအပ်

**ဖြူး မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၁)လက်ထောက်ညွှန်ကြားရေးမှူး(၄)ရုံး ၊ဖြူး ချောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှ လက်ယာတူးမြောင်း ဖောက်လုပ်ရာတွင် ပါဝင်သော လယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်ပွဲအခမ်းအနားကို မတ် ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက အမှာစကားပြောကြားပြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်က နစ်နာကြေးပေးအပ်မှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းသည်။

ထို့နောက် တောင်သူလယ်သမား ရှစ်ဦးတို့အား ၁၄ ဒသမ ၃၄ ဧက အတွက် တစ်ဧကလျှင် နစ်နာကြေး ငွေကျပ်သိန်း ၂၀နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၈၆ သိန်း ရှစ်သောင်းတို့ကို တာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

## မတ်လအတွင်းတွင် ပင်လယ်ရေကြောင်း ပြည်ပဆန်တင်ပို့မှု မြင့်တက်လာ

**ဖြိုးလွင်အောင်(AMIA)**
**ဓာတ်ပုံ-ကေဇူး(AMIA)**

ယခု မတ်လအတွင်း ပြည်ပသို့ ဆန်တန်ချိန် နှစ်သိန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယမန်နှစ် ပြည်ပ ဆန်တင်ပို့မှု စံချိန်ကို မီနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ သိရသည်။

ယခုနှစ်တွင် ရှမ်းပြည်နယ် မြောက်ပိုင်းမှတိုက်ပွဲများကြောင့် မူဆယ် နယ်စပ်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ဆန်တင်ပို့မှု လျော့ကျနေသော်လည်း ပင်လယ်ရေလမ်းကြောင်းမှ အာဖရိကနိုင်ငံ ဈေးကွက်များသို့ ဆန်ပို့မှု တိုးမြှင့်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကပြောသည်။

‘အခု မတ်လထဲမှာ အာဖရိကကို ဆန်တင်ပို့နေတာ တန်ချိန် နှစ်သိန်းလောက်ရှိပြီး မနှစ်ကထက်တောင် ကျော်သွားနိုင်တယ်” ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့်၂၀၁၅ ခုနှစ်က ဥရောပနှင့် အီးယူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ တင်ပို့နေသည့် ဆန်ဈေးကွက်တွင်၂၅ မှတ်တန် ဆန်ကြမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၅ ဒေါ်လာဈေးနှုန်းရရှိခဲ့ပြီး ယခုနှစ်တွင်၂၅ မှတ်တန် ဆန်ကြမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၈၀ မှ ဒေါ်လာ ၃၀၀ သာရရှိပြီး အခြားဆန်ချောတစ်တန်လျှင် အမေရိကန်ဒေါ်လာ၃၇၅ဒေါ်လာခန့်ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း အတွင်းရေးမှူး ဦးအောင်မြင့်က “မနှစ်ကလောက် ဈေးမရပေမယ့် ဒီနှစ်ပြည်တွင်းမှာ ဒေါ်လာဈေးက မြင့်တက်နေတော့ ကုန်သည်တွေလည်း တွက်ခြေကိုက်ကြပါတယ်”ဟုပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်း၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၂ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၈ သန်း တင်ပို့နိုင်ခဲ့ပြီး ပြီးခဲ့သည့်၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။



## လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) များပေးအပ်

**လွိုင်ကော် မတ် ၁၉**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) မရရှိသေးသော ဒေသခံတောင်သူများအား ပုံစံ(၇) ထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဆောင်ရွက်ပေးခဲ့ရာ ကယားပြည်နယ်တစ်ခုလုံးအနေဖြင့် မတ်လအကုန်တွင် တောင်သူပေါင်း ၄၈၉၇၃ ဦး၊ ဦးပိုင်ပေါင်း ၆၄၁၁၃ ၊ ဧရိယာ ၁၅၃၆၇၇ ဧကကို လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လယ်ယာမြေလုပ်ပိုင်ခွင့် (ပုံစံ-၇)ရရှိထားသူများအနေဖြင့် မိမိလုပ်ပိုင်ခွင့်ရ လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း ပေးကမ်းခြင်းစသော အခွင့်အရေးများ ခံစားရရှိမည်ဖြစ်ပြီး အငြင်းပွားမှု အရှုပ်အရှင်းဖြစ်လာလျှင်လည်း တရားဝင် ဖြေရှင်းဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးအတွက် လယ်ယာမြေကို သိမ်းယူခြင်းခံရရင်လည်း နစ်နာကြေးနှင့် လျော်ကြေးငွေများ ခံစားရရှိနိုင်ခြင်း၊ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားနိုင်ခြင်းစသည့် အခွင့်အရေးများခံစားရရှိနိုင်ပြီး မြန်မာ့စီးပွားရေးဘဏ်မှထုတ်ပေးသည့် စိုက်ပျိုးစရိတ်ချေးငွေများလည်း ရရှိလာမည်ဖြစ် ကြောင်း ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းဝင်းက လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ၊ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် အကြောင်းအရာများ၊ မြေယာခွန်ဥပဒေပြဋ္ဌာန်းနိုင်ရေး အဆိုပြုနှုန်းထားများကို ဒေသခံတောင်သူများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ကယားပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူတို့က တောင်သူများလက်ဝယ်အရောက် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်(ပုံစံ-၇)ပေးအပ်ခဲ့သည်။

အဆိုပါ (ပုံစံ-၇)ကို ဒီမော့ဆိုမြို့နယ်တွင် တောင်သူပေါင်း ၁၁၆၆ ဦး၊ ဦးပိုင်ပေါင်း ၂၀၅၁ ၊ ဧရိယာ ၃၆၅၁ ဧကနှင့် ဖရူဆိုမြို့နယ်တွင် တောင်သူပေါင်း ၈၆၀၊ ဦးပိုင်ပေါင်း ၁၁၄၉ ၊ ဧရိယာ ၂၁၈၆ ဧကကို တောင်သူများထံထုတ်ပေးခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

# မူဆယ်သစ်သီးကုန်စည်ဒိုင်သို့ ကုန်ကားအဝင်နည်းလာ

**ဖြိုးလွင်အောင် (AMIA)၊ ဓာတ်ပုံ-ကေဇူး (AMIA)**



တရုတ်- မြန်မာ အဓိကကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် လားရှိုး-မူဆယ်လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာနေသည့် ကုန်ကားများကို မတ် ၁၆ ရက်က ကွတ်ခိုင်မြို့နယ်အနီးမှ မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့များက ဆပ်ကြေးကောက်ခံခဲ့သည့်အတွက် ကုန်ကားများ ပြန်လှည့်လာကြောင်း မူဆယ်သစ်သီးကုန်စည်ဒိုင်မှ သိရသည်။

ကုန်ကားများကို ဆက်ကြေးကောက်ခံနေသည့် လက်နက်ကိုင်တပ်ဖွဲ့များကို တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေး လုပ်ဆောင်နေသော်လည်း မူဆယ်ကုန်စည်ဒိုင်သို့ ကုန်ကား အဝင်နည်းသွားသည့်အတွက် ဖရဲ၊ သခွားစျေးနှုန်းများလည်း မြင့်တက်လာကြောင်း မူဆယ်သစ်သီးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးစိုင်းခင်မောင်ကပြောသည်။

"မနေ့ကတော့ ကုန်ကားတွေကို လက်နက်ကိုင်အဖွဲ့တွေက ဆပ်ကြေးကောက်နေလို့ ကားတွေပြန်လှည့်သွားတယ်။ စစ်ကြောင်းတွေကတော့ ရှင်းနေတာပဲ။ ကုန်ကားကတော့ အဝင်နည်းသွားတယ်"ဟု ၎င်းက ပြောသည်။

တိုက်ပွဲများ မဖြစ်ပွားချိန်က မူဆယ်ကုန်စည်ဒိုင်သို့ နေ့စဉ် ဖရဲ၊ သခွား ကုန်ကား အစီးရေ ၈၀၀ ကျော် အဝင်ရှိရာမှ လက်ရှိတွင် ကုန်ကားအစီးရေ ၄၀၀ ခန့်သာ ဝင်ရောက်လာသည့်အတွက် ယခင်ရက်များက ဖရဲသီး ၈၅ အမျိုးအစား တစ်တန်လျှင် တရုတ်ယွမ်ငွေ ၁၈၀၀ ခန့်မှ လက်ရှိတွင် တစ်တန်လျှင် တရုတ်ယွမ်ငွေ ၂၂၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဖရဲ၊ သခွားရာသီမှာ ကုန်ဆုံးချိန်ဖြစ်သည့်အတွက် စျေးမှာတက်လာကြောင်း ၎င်းကဆက်လက် ပြောပြသည်။

# ကလေးမြို့နယ်အတွင်းရှိ သီးနှံဖျက်ကြွက်နှင့်ခွေးပုရစ်များအားကွင်းဆင်းနှိမ်နင်းပြီးစီး

**နေပြည်တော် မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်အတွင်းရှိ ဆောင်းသီးနှံစိုက်ဧက ၁၈၀၀၀၀ ကျော်တွင် ကြွက်နှင့် ခွေးပုရစ် (ခေါ်) အပင်ဖျက်ပိုးများ၏ အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း မတ် ၃ ရက်တွင် သိရှိခဲ့ရပြီး အဆိုပါနေ့တွင်ပင် ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုကွင်းဝန်ထမ်းများသည် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ ထိုသို့ကွင်းဆင်းစစ်ဆေးတွေ့ရှိမှုများအရ လိုအပ်သည့် ကြွက်သတ်ဆေး၊ ပိုးသတ်ဆေးနှင့်မှိုသတ်ဆေးများ အခမဲ့ဖြန့်ဝေပေး၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးကာ ကြွက်အန္တရာယ် ကာကွယ်နှိမ်နင်းရေး အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများအပါအဝင် သီးနှံဖျက်ပိုးမွှားရောဂါဆိုင်ရာ ပညာပေးဆွေးနွေးခြင်းစသည့် လိုအပ်ချက်များအား ချက်ချင်းတုံ့ပြန်ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ၊ ကျေးရွာအုပ်စုကွင်းဝန်ထမ်းများအဖွဲ့သည် မတ် ၄ ရက်နံနက်က ကလေးမြို့ပြင်သာကျေးရွာသို့ သွားရောက်ကာ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဆောင်းသီးနှံများ အခြေအနေ၊ ပိုးမွှားရောဂါ၊ ကြွက်အန္တရာယ်များနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ပြီး ကြွက်သတ်ဆေးနှင့်လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ပြီးနောက် ကလေးခရိုင်အတွင်း ဆောင်းသီးနှံစိုက်ခင်းများ၌ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဆွေးနွေးခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရေကြီးနစ်မြုပ်မှုကြောင့် ဂေဟစနစ်ပျက်ယွင်းမှုများ ဖြစ်ပေါ်ခဲ့သည့် ကလေးမြို့နယ်အတွင်း ရေဘေးသင့်လယ်မြေများ ပြန်လည်ဖော်ထုတ် စိုက်ပျိုးနိုင်ရေးအတွက် အဘက်ဘက်မှကူညီပံ့ပိုးဖြည့်ဆည်းပေးသကဲ့သို့ တောင်သူဆွေးနွေးပွဲများကျင်းပပြီး စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတများ သီးနှံဖျက်ပိုးမွှားရောဂါဆိုင်ရာ သိမှတ်ဖွယ်ရာများ နည်းပညာပေး ဆွေးနွေးဆောင်ရွက်ပေးနေသည့်နည်းတူ နိုင်ငံနှင့်အဝန်းတွင်လည်း စိုက်ပျိုးရေးဆိုင်ရာ အခက်ခဲပြဿနာများကြုံတွေ့ရပါက အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းကူညီပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# မယ်ဇယ်ပင်သာမြောင်းမှ နွေသီးနှံစိုက်ပျိုးရေပြန်လည်ရရှိ၍ ဒေသခံတောင်သူများအဆင်ပြေ

**မြစ်သား မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပန်းလောင်မြစ်အတွင်း ရေမြင့်အဆောက်အအုံတည်ဆောက်ခဲ့သောကြောင့် ပန်းလောင်မြစ်ရေမှ တိုက်ရိုက်သွယ်ယူထားသော မယ်ဇယ်ပင်သာမြောင်းမှ နွေသီးနှံစိုက်ပျိုးရေ ပြန်လည်ရရှိ၍ ဒေသခံတောင်သူများ အဆင်ပြေခဲ့ကြောင်း မတ် ၁၇ ရက်က မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနထံမှ သိရသည်။

မြစ်သားမြို့နယ်၊ ကူမဲရှေ့တန်းနယ်မြေအတွင်းရှိ မယ်ဇယ်ပင်သာမြောင်းမှာ ပန်းလောင်မြစ်ပေါ်ရှိ တိုက်ရိုက်ရေသောက်မြောင်းဖြစ်ပြီး အလျားလေးမိုင်၊ ရေသောက် ကျေးရွာခုနစ်အုပ်စုရှိကာ သီးနှံစိုက်ပျိုးမှုစာရင်းအရ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ မိုးစပါး ၁၅၈၀ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ပန်းလောင်မြစ်၏ ရေကြောင်းပြောင်းလဲမှုကြောင့် မြစ်၏ကြမ်းခင်းနိမ့်ကျမှုများ ဖြစ်ပေါ်ခဲ့ကာ မယ်ဇယ်ပင်သာမြောင်းအတွင်း ရေဝင်ရောက်မှု နည်းပါးလာကြောင်း၊ ရေအခက်အခဲဖြစ်လာ၍ ရေရရှိရန် ဒေသခံတောင်သူများက တောင်းဆိုခဲ့သောကြောင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ပညာရှင်များ၏ လိုအပ်သော အကြံဉာဏ်များ၊ ဒီဇိုင်းပုံစံများ ရယူကာ ၂၀၁၆-၂၀၁၇ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ပန်းလောင်မြစ်အတွင်း ရေမြင့်အဆောက်အအုံ တည်ဆောက်အကောင်အထည်ဖော်ခဲ့ကြောင်း၊ ယခုအခါ အဆိုပါရေမြင့်အဆောက်အအုံ တည်ဆောက်ပြီးစီး၍ နွေသီးနှံရေပေးဝေမှုကို ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်ပေးဝေခဲ့ရာ ဒေသခံတောင်သူများသည်နွေသီးနှံ ၁၄၇ ဧကစိုက်ပျိုးပြီးကာဧက ၁၁၀ စိုက်ပျိုးရေရရှိအသုံးပြုနိုင်ခဲ့ပြီး ရေယူဧကမှာ ဆက်လက်တိုးနေမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနဦးစီးအရာရှိ ဦးအေးသန်းထိုက် (မြို့ပြ) မြစ်သား(၂) ရုံးက ပြောသည်။

ယခုကဲ့သို့ နွေသီးနှံရေပေးဝေမှု စိုက်ပျိုးရေရရှိမှုအပေါ်တွင် ကျေးရွာအုပ်စုအလိုက် ရေသောက်ဒေသခံတောင်သူများမှာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**



# တောင်သူများနှင့် အကျိုးတူ လယ်ယာစိုက်ပျိုးရေးစနစ်ဖြင့် ပူးပေါင်းလုပ်ကိုင်ရာတွင် နစ်နာမှုများမရှိစေရေး ဥပဒေမူကြမ်းများ ယခုနှစ်အတွင်း ပြဋ္ဌာန်းသွားမည်

**ဖြိုးလွင်အောင် (AMIA)၊ ဓာတ်ပုံ-ကေဇူး (AMIA)**

တောင်သူများနှင့် ကုမ္ပဏီများအကျိုးတူလယ်ယာစိုက်ပျိုးရေးစနစ်ဖြင့် ပူးပေါင်းလုပ်ကိုင်ရာတွင် စနစ်တကျလုပ်ကိုင်နိုင်ရန်အတွက် တိကျသည့် ဥပဒေမူကြမ်းများ ရေးဆွဲနေပြီး ယခုနှစ်အတွင်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) မှ ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

လက်ရှိတွင် အဆိုပါ ဥပဒေမူကြမ်းကို ရေးဆွဲနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးအပါအဝင် အစိုးရတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံစိုက်ပျိုးရေးအသင်းအဖွဲ့ တာဝန်ရှိသူများမှ ဥပဒေတွင် ပါဝင်ထည့်သွင်းသင့်သည့် အချက်အလက်များကို ဆွေးနွေးနေကြောင်း သိရသည်။

"အကျိုးတူ လယ်ယာကန်ထရိုက်စနစ်နဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ကမ်းလှမ်းထားတဲ့ နိုင်ငံလေး၊ ငါးနိုင်ငံလောက်ရှိတယ်။ သူတို့က ဥပဒေတိတိကျကျ မရှိသေးတော့ လာမလုပ်ရဲဘူး ဖြစ်နေတာ။ အခုဥပဒေမူကြမ်းတတိယအဆင့်ထိ ရောက်နေပြီ" ဟု ၎င်းကပြောသည်။

လက်ရှိတောင်သူများနှင့် ပုဂ္ဂလိကစိုက်ပျိုးရေးကုမ္ပဏီများနှစ်ဦးသဘောတူ အကျိုးတူ ပူးပေါင်းလုပ်ကိုင်ရာတွင် ဥပဒေတိတိကျကျမရှိသည့်အတွက် တောင်သူဘက်မှ စာချုပ်ပါ ကတိများကို ဖောက်ဖျက်ခြင်းများ ရှိသလို၊ ကုမ္ပဏီများဘက်ကလည်း တောင်သူများအပေါ်တွင် ကတိဖောက်ဖျက်မှုများ ရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက "တောင်သူနဲ့ လုပ်ငန်းရှင်ရဲ့ကြားထဲမှာ အာမခံမှုတွေ ခိုင်ခိုင်မာမာရှိဖို့၊ နောက်သီးနှံနဲ့ ပတ်သက်လို့လည်း အရည်သွေးကောင်းတွေ တောင်သူဘက်ကရော၊ လုပ်ငန်းရှင်ဘက်ကပါ ဖြစ်အောင်လုပ်ဖို့လိုတယ်။ နောက်သဘာဝဘေးအန္တရာယ်တွေဖြစ်လာတဲ့အခါမှာ တောင်သူဘက်က အာမခံထားမလား လုပ်ငန်းရှင်ဘက်က အာမခံထားမလား အာမခံထားပြီးတော့ ဆုံးရှုံးလို့ မရဘူးဆိုရင် ထောက်ပံ့ပေးတာမျိုးတွေ လုပ်ဖို့လိုတာပေါ့။ အဓိကကတော့ အဲ့သည်အချက်တွေပါပဲ " ဟု ပြောသည်။

ခိုင်မာသည့် ဥပဒေရှိပါက မြန်မာ့လယ်ယာမြေများတွင် တောင်သူများနှင့် အကျိုးတူ လယ်ယာစိုက်ပျိုးရေးစနစ်ဖြင့် ပူးပေါင်းလုပ်ကိုင်ရန်အတွက် ဂျပန်၊ တရုတ်၊ ထိုင်ဝမ်၊ စင်ကာပူ၊ ဘရူနိုင်းတို့မှ ကမ်းလှမ်းထားကြောင်း သိရသည်။

အကျိုးတူ လယ်ယာစိုက်ပျိုးရေးစနစ်ကို ပူးပေါင်းလုပ်ကိုင်ရာတွင် လယ်ယာပိုင်ဆိုင်မှုရှိသည့် တောင်သူများအတွက် လိုအပ်သည့်မျိုးစပါး၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးအပါအဝင် စက်ကိရိယာနည်းပညာများကို အကျိုးတူလုပ်ကိုင်ရန် သဘောတူထားသည့် ကုမ္ပဏီများဘက်မှ ထောက်ပံ့ပေးရပြီး စပါးထွက်ပေါ်လာချိန်တွင် ကုမ္ပဏီများဘက်မှ တောင်သူများတွက်ခြေကိုက်နိုင်သည့် စျေးနှုန်းကို ကြိုတင်သတ်မှတ်ထားပြီး ယင်းစျေးနှုန်းအတိုင်း တောင်သူများမှ ပြန်လည် ရောင်းချရသည့် စနစ်ဖြစ်သည်။



# စိုက်ပျိုးရေးအသိပညာပေးဟောပြော

**ကျောက်ထု မတ် ၁၈**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ လေယာဉ်ကွင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၁၆ ရက်က စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မျိုးစေ့တာဝန်ခံ ဒေါ်မီမီချိုက မျိုးသန့်မျိုးစေ့ အဆင့်ဆင့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မာသန်းက မြေဆီလွှာအကြောင်းနှင့် မြေသြဇာသုံးစွဲနည်းများအကြောင်းကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး သီးနှံတာဝန်ခံ ဒေါ်မော်မော်ဝင်းက သီးနှံကာကွယ်ရေးအကြောင်းကို လည်းကောင်း၊ ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေဆန်းက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် တောင်သူ ၂၄၅ ဦးတို့အား ကျောက်ထုမြို့စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်မင်းနိုင်နှင့်ဝန်ထမ်းများက တောင်သူပညာပေးသိပ္ပံနည်းကျစိုက်ပျိုးရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြကြောင်း သိရသည်။

**(ကျော်သန်းဆွေ)**

# ကျွန်တော်နဲ့ အက်(စ်)ဒီဂျီ



ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

အောက်တိုဘာလ ၂၀၁၅ ခုနှစ် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံဟာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက် ၁၇ချက်ကို လက်ခံသဘောတူခဲ့တယ်။ ဒီရည်မှန်းချက် ၁၇ ချက်ဟာ အဖွဲ့ဝင်နိုင်ငံအားလုံးနဲ့ ပါဝင်ပတ်သက်နေတာဖြစ်တယ်။ ရည်မှန်းချက်အားလုံးကို ခြုံကြည့်တဲ့အခါ နိုင်ငံတစ်နိုင်ငံ တိုးတက် ဖွံ့ဖြိုးလိုရင်စဉ်းစားရမယ့် အချက်အလက်တွေကို ပြည့်စုံ အောင်ဖော်ပြထားပေးတာဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံချင်း အတွက်သာမက တစ်ကမ္ဘာလုံးအတွက်ဒီရည်မှန်းချက်ကို ပြည့်မီခဲ့ရင် ဖွံ့ဖြိုးမှုပန်းတိုင်တွေ ပြည့်စုံမှာသာဖြစ်တယ်။

ဒီ ၁၇ ချက်မှာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးရည်မှန်းချက်တွေသာမက ပတ်ဝန်းကျင်နဲ့ ပတ်သက်တာတွေ၊ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တာတွေ မြို့ပြနေထိုင်ရှင်သန်မှုတွေ ပါဝင်တာတွေ့ရပါတယ်။ ဒီရည်မှန်းချက် ၁၇ ချက်အနက် ဦးစားပေးပြီးရွေးချယ်မှုမဟုတ်ဘဲ တစ်စုံလုံး၊ တစ်ခုလုံးကို ရမီအောင်လုပ်ရမှာသာဖြစ်တယ်။

စဉ်ဆက်မပြတ် ရည်မှန်းချက်များ ဘယ်လိုပေါ်ပေါက်ခဲ့သလဲဆိုတာကို သိဖို့အရေးကြီးတာ။အမှန်တော့စခဲ့တာက ၁၉၉၀ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိကာလဖြစ်တယ်။ ဒီ ၁၀ နှစ်အတွင်း ကုလသမဂ္ဂအဖွဲ့အစည်းရဲ့ ဦးဆောင်မှုနဲ့ ထိပ်သီးအစည်းအဝေးတွေ ကျင်းပခဲ့တယ်။ ၁၉၉၀ ပြည့်နှစ်မှာ ကလေးများနဲ့ ပတ်သက်ပြီးဆွေးနွေးခဲ့သလို ၁၉၉၂ ခုနှစ်မှာတော့ ပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီး ဆွေးနွေးပွဲကျင်းပခဲ့တယ်။ ၁၉၉၅ ခုနှစ်မှာတော့ အမျိုးသမီးများနဲ့ပတ်သက်ပြီးထိပ်သီး ညီလာခံကို ကျင်းပနိုင်ခဲ့တယ်။ အခုလိုနှစ်စဉ် ၁၀ နှစ်တိတိ ခေါင်းစဉ်မျိုးစုံ၊ ဘာသာ ရပ်မျိုးစုံဖော်ထုတ်ခဲ့ပြီး ကုလသမဂ္ဂ အဖွဲ့အစည်းရဲ့တွေ့ရှိချက်တွေကို စုစည်းပြီး ၂၀၀၀ ပြည့်နှစ်မှာ ၂၀၀၀မှ ၂၀၁၅ ခုနှစ်အတွင်းအကျုံးဝင်တဲ့ ထောင်စုနှစ် ရည်မှန်းချက်တွေကို ဖော်ထုတ်နိုင်ခဲ့တယ်။ ရည်မှန်းချက် စုစုပေါင်းရှစ်ချက်ကို ဖော်ထုတ်ခဲ့တယ်။ အခုလို ထောင်စုနှစ် ရည်မှန်းချက်များကို သတ်မှတ်ရာမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ အတွက်သာ အကျုံးဝင်ကြောင်းလက်ခံကြတယ်။ ဒါကြောင့် ထောင်စုနှစ်ရည်မှန်းချက်ဟာ ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ချမ်းသာတဲ့ နိုင်ငံများနဲ့ မပတ်သက်ဘူးလို့ သဘောတူခဲ့ကြတယ်။ ထောင်စုနှစ်ရည်မှန်းချက်တွေကို ၁၅ နှစ်အတွင်း ပြည့်မီရမယ် လို့လည်း သဘောတူခဲ့ကြတယ်။ ၁၅နှစ်အတွင်း မိမိတို့ရဲ့ အောင်မြင်မှုကို နှစ်စဉ်ကုလသမဂ္ဂအဖွဲ့အစည်းကကျင်းပတဲ့ အထွေထွေညီလာခံမှာ သတင်းပို့ခဲ့ကြတယ်။ ၁၅ နှစ်ကာလ အတွင်း အောင်မြင်မှုတွေကို သုံးသပ်ရင်အားရမှု မရှိခဲ့တာ ကို တွေ့ရပါတယ်။ ဒါကြောင့်လည်းနောက် ၁၅ နှစ်အတွက် ဘယ်လိုရည်မှန်းချက်တွေ သတ်မှတ်သင့်သလဲဆိုတာကိုစဉ်း စားကြပြီး ထောင်စုနှစ်ရည်မှန်းချက်တွေကို စဉ်ဆက်မပြတ် စေဖို့ရည်မှန်းချက် ၁၇ ချက်ကို ဖော်ထုတ်ခဲ့တယ်။

စဉ်ဆက်မပြတ်ဆိုတဲ့ဝေါဟာရကို သိနားလည်ဖို့လိုမှာ ဖြစ်တယ်။ စီးပွားရေးအတွေးအခေါ်တွေပါဝင်သလို ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှုဟာလည်း အရေးပါလှတယ်။ စဉ်ဆက်မပြတ်လို့ပြောတဲ့နေရာမှာ သားစဉ်မြေးဆက် မျိုးဆက် စဉ်းစားဖို့လိုတာကို ရည်ညွှန်းတာဖြစ်ပါတယ်။

စစ်မဖြစ်ခင်ကာလက ကျွန်းသစ်ထုတ်လုပ်မှုနဲ့ပတ်သက်လို့ မြန်မာနိုင်ငံက ကျင့်သုံးခဲ့တဲ့ စနစ်ဟာတစ်ကမ္ဘာလုံးက နမူနာယူအားကျရတဲ့ စနစ်ဖြစ်ခဲ့တယ်။ သစ်တစ်ပင်လှဲတော့မယ်ဆိုရင် အစားထိုးစိုက်ပျိုးဖို့ စနစ်တကျ ဆောင်ရွက်ခဲ့တယ်။ ဒီလောက် ကောင်းမွန်လှတဲ့ စနစ်ရှိရက်နဲ့ နောက်ပိုင်းကာလမှာ မိမိ အကျိုးအတွက်သာကြည့်ပြီး ရသမျှယူခဲ့တာမို့ ပတ်ဝန်းကျင် ပျက်စီးခဲ့သလို တစ်ဖက်မှာသစ်တောတွေလည်း ကုန်သလောက်ရှိခဲ့တယ်။ ကိုယ်အသက်ရှင်တုန်း ကိုယ့်အတွက်ပဲ စဉ်းစားပြီး ကိုယ့်အနောက်ကဆက်ခံမယ့်သူတွေကို မျက်ကွယ်ပြုတာမျိုး မဖြစ်သင့်ပါဘူး။ ဒီစဉ်ဆက်မပြတ် ရည်မှန်းချက်များ အနက် ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးပါလှတဲ့ ရည်မှန်းချက်က ရည်မှန်းချက် နံပါတ် ၁၆ ဖြစ်တယ်။ ဒီရည်မှန်းချက်က ငြိမ်းချမ်းရေး ၊ တရားမျှတရေးနဲ့ ခိုင်မာတောင့်တင်းတဲ့အဖွဲ့အစည်းများပေါ်ထွက်ရေး ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလွတ်လပ်ရေးရချိန်ကစပြီး ပဋိပက္ခတွေဖြစ်ပေါ်ခဲ့ တယ်။ မတူညီမှုတွေကို အကြမ်းဖက်တဲ့နည်းနဲ့ ဖြေရှင်းခဲ့ကြ တယ်။ ယုံကြည်မှုတွေ ပျက်ပြားခဲ့ပြီး ပဋိပက္ခတွေဟာအခွန့်ရှည်ခဲ့ တယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရအသစ်က ငြိမ်းချမ်း ရေးကိုပထမဦးစားပေးအနေနဲ့ ဆောင်ရွက်ခဲ့တယ်။ ပထမ အကြိမ် (၂၁) ရာစုပင်လုံ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပြီး ဒုတိယအကြိမ်အတွက် ပြင်ဆင်လျက်ရှိတဲ့ နိုင်ငံတော်အဆင့် နိုင်ငံရေးဆွေးနွေးပွဲ တွေကို ဒေသအလိုက်၊ လူမျိုးအလိုက်နဲ့ခေါင်းစဉ်အလိုက် ရွေးချယ်ပြီး ကျင်းပခဲ့တယ်။ အခုလို အောက်ခြေကိုဦးတည် တဲ့ဆွေးနွေးပွဲများရဲ့ ရလဒ်ကိုဒုတိယပင်လုံငြိမ်းချမ်းရေး ညီလာခံမှာ စုစည်းပြီးဆွေးနွေးကြမှာဖြစ်တယ်။ ငြိမ်းချမ်းရေးရဲ့ အခြေခံဟာ စိတ်ဓာတ်ပဲဖြစ်တယ်။ ပြဿနာတစ်ခုကို ညှိနှိုင်း ဆွေးနွေးပြီး ဖြေရှင်းမှုကို အလေးထားဖို့ လိုအပ်လှတယ်။ ကိုယ်မှန်သူမှားဆိုတာမျိုး မစဉ်းစားဘဲ နှစ်ယောက်လုံးမှန်နိုင် သလို နှစ်ယောက်လုံးမှားနိုင်တယ်ဆိုတာကို လက်ခံဖို့လို အပ်တယ်။

ငြိမ်းချမ်းရေးနဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ခွဲခြား လို့မရနိုင်ဘူး။ တိုင်းပြည်ရဲ့ငြိမ်းချမ်းရေးဟာ ပဓာနကျတဲ့ အရာဖြစ်သလို တစ်ဖက်ကငြိမ်းချမ်းမှုဟာ စီးပွားရေးနဲ့ ပတ်သက်နေတယ်။ ခိုင်မြဲတဲ့၊ စစ်မှန်တဲ့ ငြိမ်းချမ်းရေးအတွက် စီးပွားရေးအခြေခံကောင်းတွေရမှ တောင့်တင်းမယ်။ ဒါကြောင့်လည်း ငြိမ်းချမ်းရေးအသီးအပွင့်ဆိုတဲ့၊ စကားပေါ် ပေါက်လာခဲ့တာ ၁၉၈၉ ခုနှစ်က အနောက်ဂျာမနီဘာလင်မြို့ရဲ့ တံတိုင်းကြီးပြိုကျသွားတဲ့ အချိန်ကစပြီး အရှေ့ အနောက် စစ်အေးကြီးဟာ ချုပ်ငြိမ်းခဲ့တယ်။ အခုလို ကမ္ဘာစစ်အန္တရာယ် လျော့နည်းသွားတာမို့ တစ်ချိန်က စစ်အတွက်အသုံးချ နေတဲ့စရိတ်စကတွေကို ပြည်သူတွေရဲ့ သာယာဝပြောမှုအတွက် အသုံးချနိုင်ပြီမို့ လူ့အဖွဲ့အစည်းတွေအတွက် အကျိုးအမြတ် ဖြစ်မယ့်အကြောင်းကို အမေရိကန်သမ္မတရေဂင်က ပြောကြား ခဲ့တယ်။ စစ်လက်နက်တွေအတွက် အသုံးစရိတ်တွေကို အကျိုးနည်းစေတဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး နယ်ပယ်တွေမှာ အကျိုးရှိရှိနဲ့ အသုံးချနိုင်မယ်လို့ မျှော်လင့်ခဲ့ တယ်။ ငြိမ်းချမ်းရေးအသီးအပွင့်တွေကို ရအောင်ကြိုးစား ကြရမှာသာ ဖြစ်တယ်။

စဉ်ဆက်မပြတ် ရည်မှန်းချက်တွေကို သုံးသပ်ပြီး ကျွန်တော်အလွန်အားရတယ်။ လူသားတိုင်းကြိုးစားရမယ်၊ အားထုတ်ရမယ်၊ အာရုံပြုရမယ့်အရာတွေကို ဖော်ထုတ်ထား တာ သာဖြစ်တယ်။ ရည်မှန်းချက်နံပါတ် ၁၁ က စိတ်ဝင် စားဖို့ကောင်းတယ်။ မညီမျှမှုတွေ လျှော့ချဖို့ဖြစ်တယ်။ လူ့အဖွဲ့ အစည်းတွေမှာ မတူညီမှုတွေ၊ ကွာဟမှုတွေရှိနေမှာသာဖြစ် တယ်။ အားလုံးတူရမယ်ဆိုတာတော့ ဖြစ်နိုင်တဲ့ကိစ္စမဟုတ် ဘူး။ တစ်ချိန်တုန်းက ကွန်မြူနစ်နိုင်ငံတွေမှာ အားလုံးတူညီဖို့ ရည်မှန်းချက် ချမှတ်ခဲ့ပေမယ့် လက်တွေ့မှာတော့ မဖြစ်နိုင်တာ တွေ့ရတယ်။ ကွာဟမှုရှိတာဟာ ပြဿနာ မဟုတ်ပေမယ့် ကွာဟမှုများလွန်းတာက စိန်ခေါ်မှုပဲဖြစ်တယ်။ လူ့အဖွဲ့အစည်း အတွင်း ဆင်းရဲသူ၊ ချမ်းသာသူ၊ ကွာဟမှုများလာရင် နိုင်ငံရေး အန္တရာယ်ကျရောက်နိုင်တယ်။ တစ်ချိန်တုန်းက နိုင်ငံအချင်းချင်း ကူးလူးဆက်သွယ်ဆက်ဆံရင်း အားလုံးအတွက် အဆင်ပြေ မယ်လို့ထင်ခဲ့ပေမယ့် နောက်ပိုင်းမှာ ဒီဆက်ဆံဆက်သွယ်မှု တွေကြောင့် အကျိုးရှိတဲ့သူနည်းပြီး အကျိုးယုတ်တဲ့သူတွေ များလာတာ တွေ့ရတယ်။ ဒါကြောင့်လည်း ၂၀၁၆ ခုနှစ် အမေရိကန်ပြည်ထောင်စုမှာ ဖွံ့ဖြိုးမှုရဲ့အကျိုးကို မခံစားရတဲ့ သူတွေက မကျေနပ်မှုတွေများပြီး ရွေးကောက်ပွဲမှာ လူအများ ကြိုက်တဲ့ စကားတွေကို တွင်တွင်ပြောခဲ့သူကို ရွေးချယ် တင်မြှောက်ခဲ့တယ်။ အနောက်ဥရောပ နိုင်ငံတွေမှာလည်း အခုလို အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဆင်းရဲချမ်းသာမှု လျော့နည်းအောင်ကြိုးစားဖို့ လိုအပ်လှတယ်။ ရည်မှန်းချက် နံပါတ် (၁၂)က တာဝန်ကျေပွန်စွာ စားသုံးမှုနဲ့ထုတ်လုပ်မှု ဖြစ်တယ်။ တာဝန်ကျေပွန်စွာစားသုံးမှုနဲ့ ပတ်သက်ပြီး မျက်မှောက်ခေတ် စားသောက်ဆိုင်တွေမှာ မြင်တွေ့နေရတယ်။ ဘူဖေးဆိုင်တွေမှာ ကိုယ်စားချင် သလောက်ယူခွင့်ရှိတယ်။ လောဘကိုမသပ်နိုင်သူတွေက အစားအသောက်တွေကို အားပါးတရယူကြတယ်။ စားမကုန်တာတွေကို ဒီအတိုင်း ထားခဲ့တာ ညစဉ်ညတိုင်း စားသောက်ဆိုင်တွေမှာ စားမကုန်တဲ့ အစားအစာတွေဟာ အမြောက်အမြားပဲ။ ကုန်သလောက်သာ စားကြရင် သင့်တော်ကြမှာ။ ထုတ်လုပ်မှုနဲ့ ပတ်သက်လာ ရင်လည်း ဒီလိုပဲတွေ့ရတယ်။ လိုတာထက်ပိုပြီး ထုတ်လုပ်မှုတွေ ကြောင့် ဖြုန်းတီးရာရောက်နေကြတာ။

ရည်မှန်းချက် နံပါတ် ၄ က ပညာရေးနဲ့ပတ်သက်တယ်။ ဒါပေမယ့် ပညာရေးသက်သက်မဟုတ်ဘဲ အရည်အသွေးမီ တဲ့ပညာရေးကို ရည်ညွှန်းထားတာ။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးဟာ တစ်ချိန်တုန်းက အလွန်အဆင့်မြင့်ခဲ့တယ်။ စစ်ပြီးကာလ လွတ်လပ်ရေးရပြီး ၁၉၆၀ ပြည့်နှစ်အထိ တက္ကသိုလ်ပညာရေးဟာ အာရှနိုင်ငံတွေက အားကျရတဲ့ အဆင့်မှာရှိခဲ့တယ်။ အိမ်နီးချင်းနိုင်ငံတွေက လာတက်ကြ တယ်။ ဒါပေမယ့် တက္ကသိုလ်ပညာရေးဟာ နိုင်ငံရေးအန္တရာယ် ဖြစ်ကြောင်းယုံကြည်ခဲ့တာမို့ ဖျက်ဆီးခဲ့တယ်။ အလွန်ကောင်း မွန်လှတဲ့စနစ်တစ်ခုကို ပညာရေးပြုပြင်ပြောင်းလဲမှုခေါင်း စဉ်နဲ့ ပြောင်းပစ်ခဲ့တယ်။ နောက်ပိုင်းမှာ တက္ကသိုလ်တွေကို မြို့ပြင်ထုတ်ခဲ့ပြီး နိုင်ငံကာကွယ်ရေးရှုထောင့်က သုံးသပ်ပြီး အညွန့်တုံးအောင်လုပ်ခဲ့တာ ကောင်းမွန်လှတဲ့အသက် မွေးဝမ်းကျောင်းပညာရေးစနစ်ကို လုံးဝပျောက်ပျက်အောင် လုပ်ခဲ့တယ်။ ဒါကြောင့် အရည်အသွေးကို အခြေခံတဲ့ ပညာရေးစနစ် ကို ပြန်လည်ဖန်တီးဖို့ အလွန်အရေးကြီးတယ်။ ဝမ်းနည်းစရာကောင်းတဲ့ အချက်တစ်ခုက ကျွန်တော်တို့ နိုင်ငံမှာမရှိလို့ တည်ဆောက်ရတာမဟုတ်ဘဲ ရှိပြီးသားတွေကို ချိုးဖျက်လိုက်တာမို့ ပြန်လည်တည်ဆောက်ရတဲ့ ဒုက္ခနဲ့ ရင်ဆိုင်နေရတာ။ ဘာပဲဖြစ်ဖြစ် စဉ်ဆက်မပြတ် ရည်မှန်းချက် တွေကို နောင် ၁၅ နှစ်ကာလအတွင်း ပြည့်မီအောင်လုပ်ရမှာမို့ အချိန်တော့ရှိသေးတယ်။ ဒါပေမယ့် အာရုံထားဖို့၊ ဦးစားပေးဖို့ လိုတယ်။ နိုင်ငံရဲ့ဖွံ့ဖြိုးမှုကို စဉ်းစားဆုံးဖြတ်ရာမှာ ဒီရည်မှန်း ချက် ၁၇ ရပ်ကို အာရုံပြုပြီး လုပ်ဆောင်သွားရမှာသာ ဖြစ်ပါ တယ်။

**ငြိမ်းချမ်းရေးရဲ့အခြေခံဟာ စိတ်ဓာတ်ပဲဖြစ်တယ်။ ပြဿနာတစ်ခုကို ညှိနှိုင်းဆွေးနွေးပြီး ဖြေရှင်းမှုကို အလေးထားဖို့လိုအပ်လှတယ်။ ကိုယ်မှန်သူမှားဆိုတာမျိုး မစဉ်းစားဘဲ နှစ်ယောက်လုံးမှန်နိုင်သလို နှစ်ယောက်လုံးမှားနိုင်တယ်ဆိုတာကို လက်ခံဖို့လိုအပ်တယ်။**

## စိန်လုံတောင်တန်းဒေသ၌ ရန်မျိုးစုံအောင်တော်မူ ပြည်လုံးချမ်းသာစေတီတော်မြတ် တည်ထားကိုးကွယ်

**လွယ်ဂျယ် မတ် ၁၉**

ပေငါးထောင်ကျော်မြင့်သော စိန်လုံတောင်တန်းဒေသသည် ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ တည်ရှိပြီး အင်္ဂလိပ်အုပ်စိုးစဉ် ၁၉၀၃ ခုနှစ်တွင် နယ်ပိုင်ဝန်ထောက်မြို့ ဖြစ်ခဲ့သည်။ ယခုအချိန်၌ ယင်းတောင်တန်းဒေသများတွင် ဗုဒ္ဓ ဘာသာဝင်များတိုးပွားလာ



လျက်ရှိရာမတ် ၁၇ ရက်က တည်ထား ပြီးစီးခဲ့သော ရန်မျိုးစုံအောင်တော်မူ ပြည်လုံးချမ်းသာ စေတီတော်မြတ်ကြီးကို ရွှေထီးတော်တင်လှူဒါန်းခြင်းနှင့် ရေစက် ချခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

ယင်းစေတီတော်မြတ်ကြီးအား ခရီးသွားပြည်သူများ ဗန်းမော်၊ မိုးမောက်၊ လွယ်ဂျယ်တို့က အလှူရှင်များနှင့်အတူ ဆရာတော်ကြီးများအား အမှူးထား၍ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်ထွန်း၊ အရာရှိ အရာခံအကြပ်စစ်သည်များနှင့် အလှူရှင်များ စုပေါင်းကောင်းမှုဖြင့် ရွှေထီးတော်တင်လှူခြင်း၊ ဌာပနာပိတ် ခြင်း၊ အနေကဇာတင်ခြင်း၊ တံခွန်တိုင် ရေစက်ချခြင်း အခမ်းအနားများ ကျင်းပ ခဲ့ကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

## မူခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေး

**မင်းကင်း မတ် ၁၉**

ကလေးခရိုင် မင်းကင်းမြို့နယ် ပျဉ်းကိုင်းကျေးရွာအုပ်စု တဲကြီးကျေးရွာဘုန်းတော်ကြီး ကျောင်း၌ မတ် ၁၆ ရက်က မူခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပျဉ်းကိုင်းရဲကင်းမှူး ဒုတိယရဲအုပ် ဇော်မင်းထွန်းက သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေး၊ လူသတ်မှုမဖြစ်ပွားစေရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်အသိပညာပေးရေး၊ မီးဘေးလုံခြုံရေး စသည့်မူခင်းကျဆင်းရေး ဆိုင်ရာ အသိပညာပေးခြင်းများကို ဟောပြောရာ ကျေးလက်ဒေသနေ ပြည်သူ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဂျူနိုင်း**

### မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

(မီးသတ်ဦးစီးဌာန)

## တရားမဝင်ဆေးဝါးများ ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း မတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်၌ သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားရေးအတွက် တရားမဝင်ဆေးဝါးများ ရောင်းချခြင်းမရှိစေရန် မြို့နယ်အစားအသောက်နှင့် ဆေးဝါးများအန္တရာယ်ကင်းရှင်းရေး ကြီးကြပ်မှုကော်မတီက မတ် ၁၇ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲစခန်း၊ မြို့နယ်စည်ပင်သာယာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးများအန္တရာယ်ကင်းရှင်းရေး ကြီးကြပ်မှုကော်မတီဝင်များက မိုင်းယောင်းမြို့နယ်အတွင်းရှိ ဆေးအရောင်းဆိုင်များနှင့် ကွမ်းယာဆိုင်များတွင် မူးယစ်ဆေးဝါးနှင့် စိတ်နိုးကြွစေသည့် တရားမဝင်ဆေးဝါးများ ရောင်းချခြင်းမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရန်ကုန်မြို့(အရှေ့ခြမ်း) မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကြောင့် လယ်ယာမြေသစ်များထွက်ပေါ်

**သတင်းနှင့်ဓာတ်ပုံ- ပိန်းဇလုတ်သိန်းညွန့်**



နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း(၂) ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆)က သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ စိုက်ပျိုးရေရရှိရေးစသည့် မူလရည်ရွယ်ချက်များအပြင် ရန်ကုန်မြို့တော်(အရှေ့ခြမ်း) မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းအရ စိမ်းလန်းမြောင်းမကြီး တည်ဆောက်မှု လုပ်ငန်းများကြောင့် ဒေသခံများအတွက် လယ်ယာမြေသစ်များ ထွက်ပေါ်ခဲ့ပြီး ရေငန်ဝင်ရောက်မှု သက်သာကာ ဒေသခံများအတွက် စိုက်ပျိုးရေများလည်း တိုးမြှင့်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တော် အရှေ့ခြမ်း မိုင် ၃၀ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းအတွက် အဓိက လိုအပ်သော ရေချိုအရင်းအမြစ်ကို ပဲခူးရိုးမတစ်လျှောက် တည်ဆောက်ထားသည့် ရေလှောင်တမံများမှ ပိုလျှံသောရေများကို ရယူစုဆောင်းသုံးစွဲခြင်းဖြစ်ရာ ဘိုင်းဒါး၊ ကောလိယ၊ ဘောနီ ရေလှောင်တမံများမှ ရေရယူကာ နဂါးပေါက်ရေထိန်းတံခါးနှင့် ဥကိုင်တာ ရေတံခါးတို့မှတစ်ဆင့်၊ ပဲခူး-စစ်တောင်းတူးမြောင်းသို့လည်းကောင်း၊ ဝါးကတုတ်ရေလှောင်တမံမှ စီးဝင်ရေများကို မိုးယွန်းကြီးအင်းမှတစ်ဆင့် မိုးယွန်းကြီး ရေတံခါးမှ ပဲခူး-စစ်တောင်း တူးမြောင်းသို့လည်းကောင်း၊ ကိုဒူးကွဲရေလှောင်တမံ၊ စလူရေလှောင်တမံ၊ ရွှေလောင်းရေလှောင်တမံနှင့် ဇောင်းတူရေလွှဲဆည်တို့မှ ပိုလျှံရေများကို ဇောင်းတူရေလွှဲဆည်မှတစ်ဆင့် ပဲခူး-စစ်တောင်း တူးမြောင်းသို့လည်းကောင်း ရယူဖြည့်တင်းပေးလျက်ရှိကြောင်း သိရသည်။

တည်ဆောက်လျက်ရှိသော စိမ်းလန်းတူးမြောင်းမကြီး၏ မြေသားတူးဖော်မှုလုပ်ငန်းမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်၍ ဆက်စပ်အဆောက်အအုံလုပ်ငန်းများ မပြီးစီးသေးသော်လည်း ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး နယ်နိမိတ်အတွင်းရှိ ရေမြုပ်လယ်ယာမြေများကို နှစ်သီးစိုက် လယ်ယာမြေများအဖြစ် စိုက်ပျိုးနိုင်ရန် ဧကသုံးသောင်းကျော် ပေါ်ထွက်ခဲ့ကာ မိုးစပါး၊ နွေစပါးများ စိုက်ပျိုးနေပြီဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

ရန်ကုန်မြို့တော် (အရှေ့ခြမ်း) မိုင်၃၀ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းအတွက် ပဲခူး-စစ်တောင်းတူးမြောင်းသို့ စီးဝင်လာသည့် ရေများကို ပုဂံ-ညောင်ပင် ရေလွှဲပေါက်မှတစ်ဆင့် အလျား ၂၈ ဒသမ ၄ မိုင်ရှိ ဆောင်ရွက်ဆဲ စိမ်းလန်းရေသွယ်မြောင်းမကြီးမှတစ်ဆင့် ခရမ်းချောင်းအတွင်း စီးဝင်စေပြီး ခရမ်းရေထိန်းတံခါးမှ ထိန်းညှိပေးကာ ပုံတောင်ရေသွင်းတံခါး၊ လှုဘီလူးချောင်းရေသွင်းတံခါး၊ ကျုံတုရေသွင်းတံခါးတို့မှ သုံးခွ၊ သန်လျင်နှင့် ကျောက်တန်းမြို့နယ်များသို့ ရေပေးဝေ၍ စိမ်းလန်းစေမည်ဖြစ်သည်။ ဘော့ချောင်း၊ သုံးခွ၊ တကော၊ ကဒပန ရေထိန်းတံခါးများက ပင်လယ်ရေငန်ဝင်ရောက်မှုကို တားဆီးပေးမည့်အပြင် ရေချိုများ မဆုံးရှုံးစေရန် ထိန်းညှိပေးမည်ဖြစ်သည်။

လုပ်ငန်းများအားလုံး ပြီးစီးပါက လယ်ယာမြေဧက ခြောက်သောင်းကျော် ပေါ်ထွက်လာနိုင်မည်ဖြစ်ပြီး မြောင်းမကြီးတစ်လျှောက် ကျေးရွာများတွင် ရေကြီးရေလျှံမှုများကို ကာကွယ်ပေးနိုင်မည်ဖြစ်သည့်အပြင် ရန်ကုန်မြို့တော် (အရှေ့ခြမ်း)မှ သုံးခွ၊ ခရမ်း၊ သန်လျင်နှင့် ကျောက်တန်းမြို့နယ်များကို ရာသီမရွေး စိမ်းလန်းစိုပြည်စေမည်ဖြစ်ကြောင်း သိရသည်။ ။

## သတင်းတိုများ

### ရေတွင်း၊ ရေစင်နှင့် ရေစက်ရုံများ တူးဖော်တည်ဆောက်ပေး

အင်္ဂပူမြို့နယ် ကံဘက်ကျေးရွာအုပ်စု လေးအိမ်တန်း(ရှမ်းစု)ကျေးရွာတွင် ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် စက်ရေတွင်း၊ အမြင့်ရေစင်နှင့် ရေစက်ရုံများ တူးဖော်တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါရေရရှိရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မူလခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀ ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ရေတွင်းတူးဖော်မှုပြီးစီးပြီဖြစ်ကာ အမြင့်ရေစင်နှင့် ရေကန်များ တည်ဆောက်ပြီးပါက ကျေးရွာတွင်းသို့ ပိုက်လိုင်းများသွယ်တန်း၍ ရေပေးဝေမည်ဖြစ်ကြောင်း သိရသည်။ လုပ်ငန်းဆောင်ရွက်မှုများကို အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ မတ် ၁၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

### တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးဝါးကုသပေး

ကော့ကရိတ်မြို့နယ် အံကောင်ကျေးရွာမှ ဒေသခံပြည်သူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်းဆေးဝါးကုသပေးခြင်းများကို ကော့ကရိတ်မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများက ခရိုင်တိုင်းရင်းဆေးဦးစီးမှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် မတ် ၁၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးပညာပေး ဟောပြောရာတွင် ဆေးဖက်ဝင်အပင်များကို အလွယ်တကူ လက်တွေ့အသုံးပြုနိုင်ရန် ပြည်သူများ နားလည်သဘောပေါက်သည်အထိ ဆွေးနွေးဟောပြောခဲ့ပြီး သုံးစွဲရန်မသင့်သော ဆေးဝါးများအကြောင်းကိုလည်း အသိပညာပေးခဲ့ကာ ခါးနာ၊ ဒူးနာ၊ အဆစ်ရောင်၊ ဆီးရောဂါ၊ အရေပြားယားနာနှင့် အခြားထွေထွေရောဂါများကို အခမဲ့ ဆေးဝါးကုသပေးခဲ့ရာ လူနာ ၇၃ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# နှစ်ရှည်သီးနှံ(ရော်ဘာ)ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**တာချီလိတ် မတ် ၁၉**

ရှမ်းပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရေးအတွက် နှစ်ရှည်သီးနှံ(ရော်ဘာ)ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ တာချီလိတ်မြို့ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ မတ် ၁၇ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးချိုနိုင်ထွန်းက မြန်မာ့ရော်ဘာလုပ်ငန်းခေတ်မီရေးနှင့် စဉ်ဆက်မပြတ် တိုးတက်ရှင်သန်နေစေရေးအတွက် ရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်း၊ ပြည်တွင်းရော်ဘာရောင်းဝယ်ခြင်း၊ နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်း၊ ရော်ဘာအမျိုးအစား သတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။




ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ် (နေပြည်တော်) နှစ်ရှည်သီးနှံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မြမြက ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး သဘာဝရော်ဘာ အရည်အသွေးများ စမ်းသပ်စစ်ဆေးခြင်း ဆိုင်ရာများ၊ ရော်ဘာမျိုးစေ့၏ ရှေ့အလားအလာနှင့် မျိုးမှတ်ပုံတင်ခြင်းဆိုင်ရာများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင်ဦးနှင့် တာဝန်ရှိသူများက ဆွေးနွေးပြီး ဒေသတွင်းမှ ရော်ဘာခြံလုပ်ငန်းပိုင်ရှင်များက အုပ်စုအဖွဲ့အလိုက် ဆွေးနွေးရှင်းလင်းသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တာချီလိတ်ခရိုင်၊ ကျိုင်းတုံခရိုင်နှင့် မိုင်းဆတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနများမှ ဦးစီးမှူးများနှင့် မြို့နယ်ဦးစီးမှူးများ၊ ရှမ်းပြည်နယ်အတွင်းမှ ရော်ဘာလုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးကြပြီး မတ် ၁၈ ရက်တွင် ရော်ဘာခြံများသို့ ကွင်းဆင်း၍ အမျိုးအစားခွဲခြားခြင်းနှင့် စိုက်ပျိုးနည်းစနစ်များကို လက်တွေ့ရှင်းလင်းဆွေးနွေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တာချီလိတ်ခရိုင်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ရော်ဘာစိုက်ပျိုးမှုသည် ဧက ၃၅၇၀၀ ကျော်ရှိပြီး အစေးလှီးဧကမှာ ၄၉၉၆ ဧကခန့်ရှိကာ အဆိုပါ အစေးလှီး ဧကများမှ ရော်ဘာ ပေါင် ၂၇၅၀၀၀၀ ကျော် ထွက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူ၏ ရှင်းလင်းချက်အရ သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာမြေသားလမ်းဖောက်လုပ်

**ရေတာရှည် မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းမှ စစ်တောင်းမြစ်ရေတိုက်စား၍ နေရာရွှေ့ပြောင်းခဲ့ရသော အုန်းပင်ကွေ့ကျေးရွာတွင် အရှည်ပေ ၄၀၀၀ ကျော်ရှိ မြေသားလမ်းကို ကျေးရွာနေပြည်သူများ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အုန်းပင်ကွေ့ကျေးရွာတွင် အိမ်ခြေ ၂၅၀ ကျော်ရှိသည့်အနက် အိမ်ခြေ ၅၀ ကျော်မှာ မြစ်ရေတိုက်စားခြင်းကြောင့် ရွှေ့ပြောင်းခဲ့ရပြီး အဆိုပါအိမ်ထောင်စုများမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ပြောင်းရွှေ့သည့်နေရာသစ်တွင် မိုးရာသီကာလရောက်တိုင်း သွားလာရေးအခက်အခဲများစွာ ကြုံတွေ့ကြရသဖြင့် လမ်းသစ်ကို ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"မိုးရာသီဆိုရင် ကလေးတွေအရမ်းကို ဒုက္ခရောက်ကြရတယ်။ လမ်းမှာရှိတဲ့ သစ်သားတံတားဟာလည်း အဘလှူထားတာ အကာတွေပျက်ကုန်တော့ တံတားပေါ်ကပြုတ်ကျလို့ ခြေကျိုးလက်ကျိုးဖြစ်ရတာ ခြောက်ဦးလောက်ရှိသွားပြီ။ အဲဒီတော့ ကိုယ်ထူကိုယ်ထ လမ်းဖောက်ကြမယ်။ တံတားနှစ်စင်းကိုလည်း ပြင်မယ်။ ဘယ်သူ ဘယ်လောက်ထည့်ဆိုပြီး မခွဲပါဘူး။ ကိုယ်တတ်နိုင်သလောက်ပဲ ထည့်ခိုင်းတာ။ အခုတော့ လုပ်ငန်းတွေစနေပါပြီ။ တောသူတွေဆိုတော့ ပဲ၊ နှမ်းရောင်းရငွေလေးတွေနဲ့ ရင်းနှီးမတည်ရတာ။ ထွန်စက်ဂေါ်ထိုးခက တစ်နာရီကို နှစ်သောင်းခွဲကျတယ်။ ဘယ်ကမှလည်း အကူအညီမရတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ ဆက်လုပ်ရမှာပဲ"ဟု လမ်းဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ကျေးရွာမှ ရပ်မိရပ်ဖ ဦးမှုံကြီးက ပြောသည်။

အဆိုပါမြေသားလမ်းဖောက်လုပ်ခြင်းကို မတ် ၁၀ ရက်မှစတင်၍ ထွန်စက်တစ်စီးငှားရမ်းကာ ဆောင်ရွက်လျက်ရှိပြီး တံတားနှစ်စင်း တည်ဆောက်ပြုပြင်ခြင်းအပါအဝင် ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၈၀ ကျော် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# လယ်ယာမြေဧက ၅၀ တွင် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မြန်အောင် မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းရှိ သမဝါယမအသင်းသားများပိုင် လယ်ယာမြေများကို စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာမြေပြုပြင်ခြင်းနှင့် ကေကွက်ဖော်ထုတ်ခြင်း(တတိယတန်းစားမြေပြုပြင်ခြင်း) လုပ်ငန်းများကို မြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ မတ် ၁၈ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်အောင်မြို့နယ် သခွပ်ကွင်းကျေးရွာအုပ်စုနှင့် ဆင်သေကျေးရွာအုပ်စုအတွင်းရှိ သမဝါယမအသင်းသားများပိုင် လယ်ယာမြေ ဧက ၅၀ တွင် ဆောင်ရွက်ခြင်းဖြစ်ပြီး သခွပ်ကွင်း ကျေးရွာအုပ်စုတွင် ဧက ၂၀ နှင့် ဆင်သေကျေးရွာအုပ်စုတွင် ဧက ၃၀ ဖြစ်ကြောင်း သိရသည်။

လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်ရေးအတွက် မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများ ပါဝင်ဖွဲ့စည်းထားသောအဖွဲ့က ကြီးကြပ်ကာ မြန်အောင်မြို့ အောင်ဇေယျာ ဝန်ဆောင်မှုသမဝါယမအသင်းမှ လယ်ထွန်စက်ကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လယ်ယာမြေပြုပြင်အဆင့်မြှင့်တင်ခြင်းအတွက် မြို့နယ်သမဝါယမ ဦးစီးဌာန၏ အစီအစဉ်ဖြင့် တောင်သူများအား တစ်ဧကလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ဧက ၅၀ အတွက် ကျပ်သိန်း ၁၅၀ ထုတ်ချေးပေးကြောင်း၊ ထုတ်ချေးငွေများကို တောင်သူများက သုံးနှစ်အတွင်း ခြောက်ရစ်ခွဲ၍ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း၊ အတိုးနှုန်းမှာ တစ်လလျှင် တစ်ကျပ်ခွဲနှုန်းဖြစ်ကြောင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းများကို မတ်လကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်အောင်မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးသန်းထွန်းထံမှ သိရသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**

# ညောင်လေးပင်မြို့နယ်တွင် မိုးစပါးကြဲခင်းများ စတင်ထွန်ယက်စိုက်ပျိုး

**ညောင်လေးပင် မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ရေကြီးကွင်းလယ်ယာမြေများတွင် နှစ်စဉ် မတ်လလယ်မှစ၍ မိုးစပါးကြဲခင်းစိုက်ပျိုးကြသော တောင်သူလယ်သမားများအနေဖြင့် ယခု မတ်လအတွင်း၌လည်း စပါးမျိုးကြဲကာ မိုးစပါးစိုက်ပျိုးမှုများ စတင်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

တောင်သူများအနေဖြင့် မိုးစပါးကြဲခင်းများကို မတ်လအတွင်း စတင်စိုက်ပျိုးခြင်းမှာ ရေကြီးကွင်းများဖြစ်၍ စောစောစိုက်ပျိုးရခြင်းဖြစ်ပြီး မိုးမကျခင် ထွန်ယက်စိုက်ပျိုးပါမှ ထွန်စက်များ သွားလာရအဆင်ပြေကာ ပျိုးခင်းစိုက်တောင်သူများထက် ကုန်ကျစရိတ်သက်သာ၍ဖြစ်ကြောင်း သိရသည်။ ထို့အတူ ရေအတက်အကျ အခြေအနေအရ စိုက်ပျိုးရခြင်းဖြစ်၍ ရေတက်ချိန်ကြာရှည်ပြီး စပါးပင်များသေခဲ့လျှင် ဆုံးရှုံးမှုနည်းသည့် ကြဲခင်းများသာ အစိုက်များခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ညောင်လေးပင်မြို့နယ် ရေကြီးကွင်းများ၌ မျိုးစပါးကြဲခြင်း၊ ထွန်စက်များဖြင့် ထွန်ယက်ခြင်းလုပ်ငန်းများကို မတ်လလယ်မှစ၍ ဆောင်ရွက်နေကြပြီဖြစ်ကာ ရေကြီးကွင်းတွင် မိုးစပါးစိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် ရေတက်ရေကျပုံမှန်ရှိပါက စပါးဖြစ်ထွန်းပြီး ရေအတက်များကာ ရေကျနှေးလျှင် စပါးများ ပျက်စီးဆုံးရှုံးတတ်ကြောင်း သိရသည်။

**(မြို့နယ် မြန်/ဆက်)**

# ယာဉ်လိုင်စင်သက်တမ်းတိုးနှင့် ဆိုင်ကယ်မောင်းလိုင်စင်များ ကွင်းဆင်းပြုလုပ်ပေး

**ရေး မတ် ၁၉**

ရေးမြို့နယ်အတွင်းရှိ မော်တော်ယာဉ်လိုင်စင်များနှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းနှင့် (က) ဆိုင်ကယ်မောင်းလိုင်စင်များ အသစ်ပြုလုပ်ပေးခြင်းတို့ကို မွန်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မွန်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့်အတူ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းပါဝင်သည့် နယ်လှည့်အထူးအဖွဲ့က ရေးမြို့သို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်သည်။ “မော်တော်ယာဉ်နဲ့ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းတွေက တစ်နှစ်ကို နှစ်ကြိမ်လောက် ပုံမှန်လာရောက်ဆောင်ရွက်ပေးနေပါတယ်။ ဆိုင်ကယ်စီးနင်းသူ များပြားလာနေသော်လည်း လိုင်စင်ဆောင်ရွက်နေသူက နည်းပါတယ်။ နယ်ကလူတွေ မြို့ပေါ်မှာ လာလုပ်တဲ့အခါ အခက်အခဲတွေရှိလို့ (က) ဆိုင်ကယ်မောင်းလိုင်စင်အသစ်ကို အထူးစီမံချက်တစ်ရပ်အနေနဲ့ နယ်အထိ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်”ဟု မွန်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကြူကြူမာဦးက ပြောသည်။

(က)ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များကို ထုတ်ပေးရာတွင် သင်တန်းတက်ရောက်ပြီးမှသာ လိုင်စင်များကို စစ်ဆေးထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူ သွားလာနေသည့်လမ်းများပေါ်တွင် ဆိုင်ကယ်စီးသူများအနေဖြင့် ဥပဒေနှင့်အညီသွားလာကြရန် လိုအပ်နေသလို ယာဉ်မောင်းလိုင်စင်များရှိရန်လည်း လိုအပ်ကြောင်းနှင့် ဥပဒေနှင့်မညီညွတ်ပါက မော်တော်ယာဉ်ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွင်(ရေး)**

# တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

**မြစ်ကြီးနား မတ် ၁၉**

ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် တန်ဖိုးမြင့် စားသောက်ကုန် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံသီးနှံ ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကို မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်ရှိ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းခန်းမ၌ မတ် ၁၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးမြသိန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်မောင်းက ပြည်တွင်းဖြစ်စံချိန်မီ အရည်အသွေးကောင်းမွန်သော စားသောက်ကုန်များ ထွက်ပေါ်လာစေရန်နှင့် ပြည်သူလူထုအနေဖြင့် သန့်ရှင်းလတ်ဆက်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို စားသောက်နိုင်ရန်၊ သွင်းကုန်အစားထိုး စားသောက်ကုန်များ တစ်ပိုင်တစ်နိုင် ထုတ်လုပ်နိုင်ခြင်းဖြင့် ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မှု လျော့နည်းပပျောက်သွားစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသား သင်တန်းသူ ၂၀ အား သင်တန်းနည်းပြတစ်ဦးက သင်တန်းဆင်းလက်မှတ် ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆရာမများက ကွတ်ကီး၊ ကိတ်အမျိုးမျိုး၊ ပန်းသီးကိတ်၊ ငှက်ပျောသီးကိတ်၊ သီးစုံကိတ်၊ ပေါင်မုန့်၊ တောင်ကြီးပဲကြော်၊ ငါးမုန့်အမျိုးမျိုး၊ ရေခဲမုန့်အမျိုးမျိုး စသည့် အစားအသောက်များကို ကျန်းမာရေးနှင့်ညီညွတ်စွာ ထုတ်လုပ်မှုနှင့် စနစ်တကျ ထုပ်ပိုးမှုနည်းပညာများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# တိုင်းဒေသကြီးရန်ပုံငွေဖြင့် မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေ

**မြင်းခြံ မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဆိတ်ညံလျှပ်စစ်မြစ်ရေတင်အနီးတွင် မိုးရာသီကာလအတွင်း မိုးရေတိုက်စားခြင်းကြောင့် ကမ်းပါးပြိုမှုမရှိစေရန် ထိန်းသိမ်းရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဆိတ်ညံလျှပ်စစ်မြစ်ရေတင်အနီး မိုးရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျခြင်းမရှိရန် ထိန်းသိမ်းခြင်းနှင့် ရေကာတာအမှတ်(၄)အနီး ကမ်းပါးပြိုမှုကာကွယ်ခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေသ(၅)က ဆောင်ရွက်နေခြင်းဖြစ်ကာ လုပ်ငန်းဆောင်ရွက်မှုများကို တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဦးစီးမှူး ဦးဝင်းဆန်းနှင့် မြင်းခြံခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်မင်းတို့ မတ် ၁၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများ ပြီးစီးပါက ယခင်နှစ်က ဖြစ်ပေါ်ခဲ့သော ကမ်းပါးပြိုမှုများ အနက် ပေ ၈၅၀ အထိ ကမ်းပြိုကျခြင်းမရှိအောင် ကာကွယ်နိုင်မည်ဖြစ်ပြီး ဆိတ်ညံလျှပ်စစ်မြစ်ရေတင်၏ Control House၊ ထရန်စဖော်မာနှင့် ရှင်းလင်းဆောင်များကို ထိခိုက်မှုမရှိတော့ဘဲ ရေပေးဝေရေးလုပ်ငန်းကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကျေးရွာစက်ရေတွင်းတူးဖော်မှု ရာနှုန်းပြည့်ပြီးစီး

**ဟသ်ာတ မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်အတွင်းမှ နှစ်စဉ် နွေရာသီရေခန်းခြောက်မှု ကြုံတွေ့ရသော ကွမ်းခြံကုန်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အနက် ပေ ၃၈၀၊ ၄ လက်မစက်ရေတွင်း တူးဖော်ခြင်း၊ ရေစက်ရုံနှင့် အမြင့်တင်ရေစင်များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ မတ် ၁၈ ရက်က ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ရေတွင်းနှင့် ရေစင်များ ပြီးစီးခြင်းကြောင့် ကွမ်းခြံကုန်းကျေးရွာနေ အိမ်ထောင်စု ၆၀ ခန့်မှ ဒေသခံပြည်သူ ၂၄၀ ခန့်အတွက် နွေရာသီကာလအတွင်း ရေရှားပါးပြတ်လပ်ခြင်းမရှိတော့ဘဲ သောက်ရေနှင့် သုံးရေ လုံလောက်စွာ ရရှိစေမည်ဖြစ်ကြောင်း ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန့်ဇော်လွင်ထံမှ သိရသည်။

**ကျော်ကျော်(မြန်/ဆက်)**

# ကျေးလက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးအပ်

**မြို့သစ် မတ် ၁၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများအား မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစီအစဉ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပုလင်းကျေးရွာအုပ်စု ပုလင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မတ် ၁၇ ရက်က ကျင်းပသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲတွင် တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က နိုင်ငံသားစိစစ်ရေးကတ်နှင့်ပတ်သက်သည့် သိကောင်းစရာများ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားကိုင်ဆောင်ထားခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများနှင့် နိုင်ငံသားစိစစ်ရေးကတ်မရှိပါက ကြုံတွေ့နိုင်သည့် အခက်အခဲများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အတူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်းတို့က ကျေးလက်နေပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်များ ပေးအပ်ခဲ့ရာ ကိုင်းကျေးရွာအုပ်စုမှ ၉၀၊ စည်သာကျေးရွာအုပ်စုမှ ၆၅ ဦး၊ ပုတီးကုန်းကျေးရွာအုပ်စုမှ ၄၀၊ ဆင်ဖြူချီကျေးရွာအုပ်စုမှ ၇၈ ဦး၊ ငွေးချိုကျေးရွာအုပ်စုမှ ၃၆ ဦး၊ မြို့လုလင်ကျေးရွာအုပ်စုမှ ၅၇ ဦး၊ ဆည်လည်ကျေးရွာအုပ်စုမှ ၉၇ ဦး၊ နွားလုကျေးရွာအုပ်စုမှ ၁၀၃ ဦး၊ ချောက်ကြားကျေးရွာအုပ်စုမှ ၃၁ ဦး၊ ညောင်ကိုင်းကျေးရွာအုပ်စုမှ ၂၇ ဦးနှင့် ပုလင်းကြီးကျေးရွာမှ ၁၄၀ စုစုပေါင်း ၇၆၄ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**




YOMA
STRATEGIC HOLDINGS LTD
CPCL
NEW HOLLAND GENERATORS
powered by FPT
THE SAME LEGENDARY ENGINES POWERING NEW HOLLAND TRACTORS
ARE NOW GENERATING POWER FOR MYANMAR .......!
NEW HOLLAND
Open Generators are also available !
New Holland Tractors
(45 to 180 hp)
Hot Line : 012399009
New Holland Generators
(30 to 500 KVA)
600 ~ 3000 KVA also available.
Convenience Prosperity Co., Ltd
ရန်ကုန် - အမှတ် (၁၁၅၉)၊ ဂိတ် ၂၊ ပဒေသာပင်မြို့တော်၊ ရန်ကုန် - ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၇၇၅၁ ၈၈၈၆၉၊ ၀၉ ၄၂၅၀ ၁၅၄၀၄။
မန္တလေး - အမှတ် (G1-B2)၊ ရန်ကုန် - မန္တလေးအဝေးပြေးလမ်းမကြီး၊ စက်မှုဇုံ (၁)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - ၀၉ ၄၀၂၅ ၂၄၂၂၀၊ ၀၉ ၇၉၇၃ ၅၆၄၅၁။
နေပြည်တော် - ၀၉၄၄၈၅၄၁၄၅၈၊ ပုသိမ် - ၀၉၇၈၄၃၅၀၁၉၇၊ တောင်ကြီး - ၀၉၄၅၇၄၅၅၄၀၉၊ နောင်ချို - ၀၉၄၅၇၄၅၅၄၀၈၊ ပခုက္ကူ - ၀၉၄၅၇၄၅၅၄၁၀၊ မောင်းကုန်း - ၀၉၇၇၁၃၄၃၂၃၈၊
ဟင်္သာတ - ၀၉၄၅၃၂၃၅၈၈၀၊ မအူပင် - ၀၉၇၇၃၈၂၆၅၇၉၊ ပြည် - ၀၉၇၈၃၃၈၈၀၅၇၊ မိတ္ထီလာ - ၀၉၇၇၉၉၇၇၈၂၀၊ မကွေး - ၀၉၇၆၁၀၉၅၀၂၄၊ ရွှေဘို - ၀၉၂၅၄၂၂၃၃၀။


PUN HLAING
ESTATE
BUY A UNIT FOR
YOUR CHANCE TO WIN
A BRAND NEW CAR!
*Terms & Conditions apply*
STAR CITY
UNIT PRICES STARTING FROM USD 90,000
Star City Thanlyin Hotline : 09 7311 9511 / 09 2525 858 74
Pun Hlaing Estate Hotline : 01 687 778/ 01 687 800

# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများကို အောက်ပါဈေးနှုန်းအတိုင်းပို့ဆောင်ပေးပါမည်။ ခရီးစဉ်အားလုံးစားရိတ်ငြိမ်းဖြစ်ပါသည်။

၁၂ ရက်ခရီး-ဟိုတယ်(၃)ည → ဈေးနှုန်း (စရံငွေ ၂သိန်း+ ဒေါ်လာ ၇၀၀)

၁၅ ရက်ခရီး-ဟိုတယ်(၅)ည → ဈေးနှုန်း (စရံငွေ ၂သိန်း+ဒေါ်လာ ၇၅၀)

၁၅ ရက်ခရီး-ကိုလ်းကတ္တားပါဟိုတယ်(၄)ည → (စရံငွေ ၂သိန်း+ ဒေါ်လာ ၈၀၀)
နယူးဒေလီ၊တပ်ချ်မဟာ၊ကိုလ်းကတ္တား၊သိပ္ပံကမ္ဘာ၊ဝိတိုရိယဘုရင်မပြတိုက်၊ Shopping

ထွက်ခွာမည့်ရက်များ- ဧပြီ ၈ -၁၂ ရက်ခရီး * ဧပြီ ၁၂ - ၁၅ ရက်ခရီး

(၁၆)ဦး စုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါသည်။

Hot Line 095120529

ဖုန်း-၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄

ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။

အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံတံဟားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

# ဒီနု ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ

- အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၄ ညအိပ်/၁၅ ရက်) 900 USD + ၅၀၀၀၀ိ/-
  ထွက်ခွာမည့်နေ့ရက်များ - မတ် (၁၂၊ ၁၉၊ ၂၆)၊ ဧပြီ (၂၊ ၉)။
- အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၉ ညအိပ်/၁၀ ရက်) 800 USD + ၅၀၀၀၀ိ/-
  ထွက်ခွာမည့်နေ့ရက်များ - ဧပြီ (၁၀)။
- သီရိလင်္ကာဘုရားဖူးခရီးစဉ် (၆ ညအိပ် / ၇ ရက်) 1250 USD + ၃၀၀၀၀ိ/-

အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ ၃၀၀၀၀ိ/- လျှော့ပေးပါသည်။
(နယူးဒေလီတွင် ဟိုတယ် ၂-ည အိပ် တည်းခိုပြီး၊ အန္တရာယ်ရှိသော ညဖက် ကားမောင်းခရီးသွားခြင်းလုံးဝမရှိပါ။)

ဒီနု ဘုရားဖူးအဖွဲ့ - အမှတ်(၂၅)၊အခန်းအမှတ်(၃၀၃)၊တတိယထပ်၊ဓါတ်လှေကားအမှတ်(၂)၊ယုဇနစီးပွားရေးဇာတ်၊မွေ့ဇေတီလမ်း၊စမ်းချောင်း။ ဖုန်း- 536348 , 537707 , 537708 , 09 500 1763 , 09 501 3727 , 09 256174414 , 09 516 4664

မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ်(၁၃/က)၊ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း - 545215, 545216 , 555173

မန္တလေးရုံးခွဲ - (I-6)၊ရတနာမန္တလေးအိမ်ရာ၊လမ်း၆၀၊၃၁×၃၂ကြား၊ပြည်ကြီးမျက်ရှင်ရပ်၊မန္တလေး။ ဖုန်း - 09 402 64 8989, 09 5300305

# ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

ထမင်းဆိုင်၊ အရောင်းပြခန်း နှင့် ထုန်ထုတ်လုပ်ငန်းများ လုပ်ရန် သင့်တော်သော

## ဆန်စက် နှင့် ခြံရောင်းမည်

ရန်ကုန်-ပုသိမ်လမ်းမပေါ်(ပုသိမ်မြို့အနီး)မြေဧက(၁)ဧကပေါ်ရှိ ဆန်စက် ကောင်းကောင်းရောင်းမည်။

ဈေးနှုန်း - 6,000 (သိန်း)၊ အကျိုးဆောင်ခ -(1)% ပေးမည်။

ဆက်သွယ်ရန် - 09 262 404 964 ရုံးချိန်အတွင်း

# အောင်သရဖူ

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ခန်း၊ရုံးခန်းများပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကားစီစဉ်ပေးသည်။

အမှတ်-၁၈၃၊မြေယမ်းအိမ်ရာ၊လေးထောင့်ကန်လမ်းမ၊

09254009334, 09254009335, 09254009336

## ရောင်းမည်/ငှားမည် (အမြန်)

အသစ်တည်ဆောက်မည့် စီးပွားရေးဇုန် ပဒေါကျက် (၈က ၇၀၀ ခန့်) အနီးရှိ

မင်္ဂလာဒုံ "ရွှယ်တော် city"တွင် "Pool Sight" (ရေကန်) ဖက် သို့ မျက်နှာမူထားသောအခန်း၊

4 လွှာ၊ 5 လွှာ၊ 6 လွှာ၊ 7 လွှာရှိအခန်းများရောင်းမည်/ငှားမည်။

ဆက်သွယ်ရန် - 09 - 799-666-072, 09-788-200-791 (ရုံးချိန်အတွင်းသာ)











**အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2B/9960 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၈ယ/၈၆၉၈၄ Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ Easy Rider Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# နိုင်ငံပိုင်မြေနှင့် အဆောက်အအုံများအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်လက်ဝယ်ရှိ မြေနှင့်အဆောက်အအုံနှင့် မြေကွက် ၁၇ ခုကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ဝယ်ယူလိုသော Lot No တစ်ခုချင်းအလိုက် သီးခြားအဆိုပြုလွှာတစ်စောင်စီ တင်သွင်းရမည်။ သတ်မှတ်စပေါ်ငွေ P.O Cheque (Payment Order Cheque) အား တင်ဒါတင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက် -** ၂၀-၃-၂၀၁၇ ရက်မှ ၁၁-၄-၂၀၁၇ ရက်အထိ

**နေရာ** ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်)
စပေါ်ငွေသွင်းရမည့်တန်ဖိုးကို အဆိုပြုလွှာ ဝယ်ယူသည့်နေရာတွင် ကြော်ငြာထားပါမည်။

၄။ **တင်ဒါတင်သွင်းရမည့်အစီအစဉ်**

**P.O Cheque တင်ပြရမည့်ရက် -** ၂၄-၄-၂၀၁၇ ရက်၊ ၂၅-၄-၂၀၁၇ရက်၊ ၂၆-၄-၂၀၁၇ ရက်

**တင်ဒါတင်သွင်းရမည့်ရက်** - ၂၇-၄-၂၀၁၇ ရက်၊ ၂၈-၄-၂၀၁၇ ရက်
- Lot No (၁)မှ (၉)အထိကို ၂၇-၄-၂၀၁၇ ရက်တွင် နံနက် ၁၀ နာရီမှစ၍ အစဉ်လိုက်လက်ခံပါမည်။
- Lot No (၁၀)မှ (၁၇)အထိကို ၂၈-၄-၂၀၁၇ ရက်တွင် နံနက် ၁၀ နာရီမှစ၍ အစဉ်လိုက်လက်ခံပါမည်။

**နေရာ** - ရုံးအမှတ် ၃၂၊ နေပြည်တော်

၅။ ဝယ်ယူလိုသည့် မြေနှင့်အဆောက်အအုံနှင့် မြေကွက်တို့အား ကြော်ငြာသည့်ရက်မှစ၍ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဝယ်ယူရန် အဆိုပြုလွှာတင်သွင်းသည့်အချိန်တွင် ဝယ်ယူမည့် မြေနှင့်အဆောက်အအုံအား ကြည့်ရှုစစ်ဆေးပြီးဖြစ်ကြောင်း ဝန်ခံချက်ဖြင့် ပူးတွဲတင်ပြရပါမည်။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။ ဖုန်း-၀၆၇-၄၀၆၃၃၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ ဝန်ကြီးဌာန website http:// www.mopf.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| စဉ် | | လုပ်ငန်းအမည် | မြေဧရိယာ (ဧက) |
|---|---|---|---|
| ၁ | | ၂ | ၃ |
| ၁ | | **လုပ်ငန်း(၃)ခု**<br>**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(၃)ခု** | |
| | ၁ | ရှမ်းပြည်နယ်၊ ရွှေညောင်မြို့၊ ဘူတာရုံအနီး သုခချမ်းသာ(၂)ရပ်ကွက်၊ ဘူတာရုံလမ်း၊ စက်သုံးဆီအရောင်းဆိုင်အမှတ် ၀၇၀၁ ဆိုင်ဟောင်း၏ မြေနေရာနှင့်ဆိုင်အဆောက်အအုံ(၁)လုံး | ၀.၀၉၀ |
| | ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ စစ်ကဲကြီးရပ်ကွက်၊ စက်သုံးဆီအရောင်းဆိုင် အမှတ် ၀၆၆၇ဆိုင်ဟောင်း၏ မြေနေရာနှင့် ဂိုဒေါင် ၁ လုံး | ၀.၀၄၇ |
| | ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်စော်ဘွားကြီးရပ်ကွက်၊ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၆၆၇)ဆိုင်ဟောင်း၏မြေနေရာနှင့် ဆိုင်အဆောက်အအုံ(၁)လုံး | ၀.၁၉၅ |
| ၁ | | **မြေနှင့်အဆောက်အအုံ၊ မြေကွက်(၁၄)ခု**<br>**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(၆)ခု** | |
| | ၁ | ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ကင်းမော်ကျေးရွာရှိမြေ (၂.၇၀)ဧကနှင့် သိုလှောင်ရုံ(၆)လုံး (မြ-၃၁၊ ၃၂၊ ၃၃) (မြပ-၁၃၊ ၁၄)(စည့်-၃၂) (မြေနှင့်အဆောက်အအုံ) | ၂.၇၀ |
| | ၂ | ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ကင်းမော်ကျေးရွာရှိမြေ (၀.၇၃)ဧကနှင့် သိုလှောင်ရုံ(၂)လုံး (မြသစ်-၁၊၂)(မြေနှင့်အဆောက်အအုံ) | ၂.၇၀ |
| | ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ညောင်ပင်သာရပ် မြို့မဈေးအရှေ့ဘက်ရှိမြေ ၀.၆၇၆ ဧကနှင့် မြေ(က-၂)၊ မြေ(က-၅) သိုလှောင်ရုံ(၂)လုံး(မြေနှင့်အဆောက်အအုံ) | ၀.၆၇၆ |
| | ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ မြေ (၁.၂၁၃)ဧကနှင့် သိုလှောင်ရုံ(၂)လုံး (မြေ က-၁နှင့် စည့်-၇) (မြေနှင့်အဆောက်အအုံ) | ၁.၂၁၃ |
| | ၅ | မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းရပ်ကွက်၊ မြေကွက်အမှတ် ၆၊ ကွင်းအမှတ် ၁၃ ဆပ်အုံကုံးအနောက်ရပ်မြေ(၀.၅၁၄)ဧကနှင့် သိုလှောင်ရုံ(၁)လုံး (မြ-၁)၊ ဒေသတာဝန်ခံရုံး(၁)ရုံး (မြေနှင့်အဆောက်အအုံ) | ၀.၅၁၄ |
| | ၆ | ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီး ကျေးရွာရှိမြေ(၀.၉၁)ဧကနှင့် ဒိုင်ရုံးခန်းအဆောက်အအုံ(၁)လုံး (မြေနှင့်အဆောက်အအုံ) | ၀.၉၁ |
| ၂ | | **ပြည်ထဲရေးဝန်ကြီးဌာန(၇)ခု** | |
| | ၇ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ် ၅/၂၃(က)၊ မြေ ၀ ဒသမ ၀၆၀ဧကရှိ မြေကွက်(၁)ကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံ(၂)လုံး | ၀.၀၆၀ |
| | ၈ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၄/၈၇၊ မြေ ၀.၀၈၈ဧကရှိ မြေကွက်(၁)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံ ၃ လုံး | ၀.၀၈၈ |
| | ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၁၁)ရှိ မြေနှင့် အဆောက်အအုံ (၅၀'×၅၀')ကားဂိုဒေါင်တွဲလျက် RC (၂)ထပ် တိုက်တစ်လုံး | ၀.၂၅၇ |
| | ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင် ရပ်ကွက်၊ ရွှေဂုံတိုင် ၂ လမ်း၊ အမှတ် ၉ ရှိမြေနှင့် အဆောက်အအုံ RC (၁)ထပ်တိုက်နှင့် အလုပ်သမားတန်းလျားနံကပ် (၂)ထပ် တိုက်(၁)လုံး | ၀.၂၅၈ |
| | ၁၁ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၄/၁၁)၊မြေကွက် | ၀.၀၅၅၁<br>(၄၀'×၆၀') |
| | ၁၂ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၉/၃၄)၊ မြေကွက် | ၀.၀၅၅၁<br>(၄၀'×၆၀') |
| | ၁၃ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၂၀/၈၅၊ မြေကွက် | ၀.၀၅၅၁<br>(၄၀'×၆၀') |
| | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(၁)ခု** | |
| | ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၆၂-က)ရှိမြေနှင့်အဆောက်အအုံ | ၀.၆၀၂ |

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၇ ခုနှစ် မတ် ၂၇ ရက် (တပ်မတော်နေ့) တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့စာပေးစာယူသင်တန်း

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းသားဆရာ/ဆရာမများကိုယ်တိုင် တက်ရောက်သင်ယူရမည့် နွေရာသီ အနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့်စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်တွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| စဉ် | သင်တန်း | သင်တန်းကာလ | စာမေးပွဲကျင်းပမည့်ကာလ |
|---|---|---|---|
| ၁။ | အမှတ်စဉ်(၃၅)<br>ပထမနှစ် | ၂၆-၄-၂၀၁၇<br>မှ | ၂၂-၅-၂၀၁၇<br>မှ |
| ၂။ | အမှတ်စဉ်(၃၄)<br>ဒုတိယနှစ် | ၁၇-၅-၂၀၁၇ | ၂၆-၅-၂၀၁၇ |

**သတင်းပို့ရမည့်ရက် -** ၂၄-၄-၂၀၁၇ ရက် (တနင်္လာနေ့) မှ ၂၅-၄-၂၀၁၇ ရက် (အင်္ဂါနေ့)အထိ

**သင်းသင်းဦး**
**ဌာနခွဲမှူး**
**ပညာရေးဘွဲ့စာပေးစာယူသင်တန်း**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများနှင့် လုပ်ငန်းများအား မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူ၊ လုပ်ငန်းအပ်နှံလိုပါသည်-

(က) ကွန်ကရစ်တိုင်များဝယ်ယူရန်
(ခ) ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများအား Lot အလိုက်ဝယ်ယူရန်
(ဂ) JICA ODA Loan ပိုငွေမှ Additional Work အဖြစ် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအား Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း
(ဃ) JICA ODA Loan ပိုငွေမှ Additional Work အဖြစ် ဆောင်ရွက်မည့် ဒီဇယ်ဓာတ်အားပေးစက်များအတွက် စက်အရန်ပစ္စည်းများအား ဒေသအရောက် Lot အလိုက်ဝယ်ယူရန်

**တင်ဒါဖွင့်မည့်ရက်** - ၂၄-၃-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၅-၄-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax- ၀၆၇-၈၁၀၄၂၄၆**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားစနစ်ဌာနမှ ပင်မဓာတ်အားခွဲရုံကြီးများတွင် အသုံးပြုရန်အတွက် လိုအပ်သော 245kV. 145kV, 72.5kV & 36kV Switch gear & Accessories များကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၃-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၅-၄-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားစနစ်ဌာနမှ အောက်ဖော်ပြပါ Power Transformer များကို (နိုင်ငံခြားငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) **လှိုင်သာယာဓာတ်အားခွဲရုံအတွက်**
230/33/11kV, (155) MVA Three Phase Power Transformer (2) Nos
(ခ) **ဘဲလင်း/အောင်ပင်လယ် ဓာတ်အားခွဲရုံအတွက်**
230/132/11kV, (100) MVA Three Phase Power Transformer (1) No
(ဂ) **အောင်ချမ်းသာနှင့်ငှက်ပျောဒိုင်း ဓာတ်အားခွဲရုံ** အတွက် 132/33/11kV, (50) MVA Three Phase Power Transformer (4) Nos

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၃-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၅-၄-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

## ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

**အင်းစိန်စက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်းရှိ ပင်မနှစ်ထပ်ဆောင် အပါအဝင် စုစုပေါင်းအဆောက်အအုံ (၂၈)လုံးအား အကြီးစားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လိုသည့် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များ၏ စိတ်ပါဝင်စားမှုဖော်ပြချက် Expression Of Interest (EOI) တင်ပြရန် ဖိတ်ခေါ်ခြင်း**

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အင်းစိန်စက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်းတွင် ပင်မနှစ်ထပ်ဆောင် အပါအဝင် စုစုပေါင်းအဆောက်အအုံ (၂၈)လုံးတို့အား စိတ်ပါဝင်စားသည့် လိုင်စင်ရပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် အကြီးစားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြချက်လျှောက်လွှာ Expression Of Interest (EOI) ကို ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရုံးအမှတ်-၂၁)သို့ လိပ်မူ၍ ၂၀၁၇ ခုနှစ် ဧပြီ ၂၅ ရက် ညနေ ၁၅:၀၀ နာရီ (မြန်မာစံတော်ချိန်)အရောက် ပေးပို့ပေးရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်သည့် အချက်အလက်များအား မိမိတို့၏ကုမ္ပဏီဆိုင်ရာအထောက်အထားများ ယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၂၀-၃-၂၀၁၇ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပေးပို့လာသော(EOI)လျှောက်လွှာများအနက် အလားအလာရှိသော လုပ်ငန်းလုပ်ကိုင်လိုသူ ဆောက်လုပ်ရေးကုမ္ပဏီများကို ပဏာမရွေးချယ်၍ တင်ဒါလုပ်ငန်းစဉ်တွင် ဆက်လက်ပါဝင်ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၀၂၀၊ ၀၆၇-၄၀၄၃၈၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချပေးနိုင်မည့်ဈေးနှုန်း ပစ္စည်းနမူနာနှင့်အတူ တင်ဒါလာရောက်ပေးသွင်းနိုင်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ခွင့်ပြုငွေ (ကျပ်သန်း) |
|---|---|---|---|
| ၁ | Trolley (ပစ္စည်းတင်လက်တွန်းလှည်း၊ အလျား ၂.၅ပေ အနံ ၂ပေ) | ၁၀၀ ခု | ၈.၀၀၀ |
| ၂ | Family Kit<br>-စတီးဓားအသွား ၅" ၁ချောင်း<br>-ကျားလုံချည် (အသင့်ချုပ်ပြီး) ၃ထည်<br>-မလုံချည် (အထက်ဆင်ပါချုပ်ပြီး) ၃ထည်<br>-တဘက်(အလျား ၅၄"၊ အနံ ၂၇") ၂ထည်<br>-တဘက်(အလျား ၃၀"၊ အနံ ၁၅") ၂ထည်<br>-တီရှပ် (XL Size) ၂ ထည်<br>-တီရှပ် (၅-၁၀နှစ်) ၂ ထည်<br>-တီရှပ် (၃-၅နှစ်) ၃ထည်<br>-စောင်(ကိုရီးယား) ၃ထည်<br>-စတီးပန်းကန်ပြား ၅ချပ်<br>-စတီးဟင်းခပ်ဇွန်း ၅ ချောင်း<br>-ဆပ်ပြာမွှေး ၂တုံး၊ ဆပ်ပြာကြမ်း ၂တောင့်<br>-ဒန်အိုး (၁၀")၁လုံး<br>-ဒန်အိုး (၈") ၂လုံး<br>-စတီးဇလုံ (၂၂ စီအမ်) ၂လုံး<br>-စတီးသောက်ရေခွက် (အသေး) ၃လုံး<br>-နှစ်ယောက်အိပ်ခြင်ထောင် ၂လုံး<br>-ဇွန်းခွက်ကြီး (၁၂" အရှည်လက်ကိုင်ပါ) ၁ ချောင်း<br>-ပလတ်စတစ်ရေချိုးခွက် ၁ခု<br>-နှစ်ယောက်အိပ်ပလတ်စတစ်ဖျာ ၁ ချပ်<br>-လေးထောင့်ပလတ်စတစ်ပုံး အဖုံးပါ(အကြီး)၁ပုံး (ဘီးမပါ) | ၃၁၇၀စုံ | ၂၈၅.၃၀၀ |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၃-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(ခ) **တင်ဒါပုံစံပိတ်မည့်ရက်** - ၂၄-၃-၂၀၁၇ ရက် ၁၆:၀၀ နာရီ
(ဂ) **တင်ဒါပုံစံ (၁)စောင်ဈေးနှုန်း** - ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)
(ဃ) **တင်ဒါရောင်းချမည့်နေရာ** - ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ် (၂၃)နေပြည်တော်

၃။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်စာရင်းကို ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၀၄၃၆၉၊ ၀၆၇-၄၀၄၃၉၅၊ ၀၆၇-၄၀၄၃၁၇တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးအဖွဲ့**

## ဦးကျော်ကိုကိုဝင်း ၉/အမဇ(နိုင်)၀၁၆၀၃၅ ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာချက်

ကရင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ အမှတ် (၁၆၆)နေ ကျွန်ုပ်၏အမှုသည် ဒေါ်အေးအေးမြင့် ၁၂/ကမတ(နိုင်)၀၄၇၆၄၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်သည်မှာ ကျွန်ုပ်အမှုသည် ဒေါ်အေးအေးမြင့်မှ ဦးကျော်ကိုကိုဝင်း ၉/အမဇ(နိုင်)၀၁၆၀၃၅ အား မြစ်ကြီးနားမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၄-၁၁-၂၀၁၀ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၆၀/၂၀၁၀)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့သော်လည်း ယခုအခါ ဦးကျော်ကိုကိုဝင်းအပေါ် ကိုယ်စားလှယ်လွှဲစာ ဆက်လက်လွှဲအပ်ဆောင်ရွက်လိုခြင်း အလျှင်းမရှိတော့ပါသောကြောင့် ၄င်းအပေါ်လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၀/၂၀၁၀)အား ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းကြောင်း ဦးကျော်ကိုကိုဝင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမောင် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၀၃)**
**ရုံးအမှတ် (၁၆)၊ ပထမထပ် (ယာ)၊ ၁၆၄ လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၉၆၀၅၆၊ ၀၉-၂၅၈၁၃၇၇၅၃**

## ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်ပြုပြင်ရန်အတွက် တင်ဒါခေါ်ယူမည့်အကြောင်းကြေညာချက်

၁။ ရန်ကုန်မြို့ပတ်ရထားလမ်းအားအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ရာ အောက်ဖော်ပြပါ လုပ်ငန်းများကို လာမည့်(၂) နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက် သွားမည် ဖြစ်ပါသည်-

(က) အကြံအုဉာဏ်ဂျင်နီယာလုပ်ငန်းများ
(ခ) ရထားလမ်းတာဘောင်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ
(ဂ) ရထားလမ်းပြုပြင်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ
(ဃ) ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေနုတ်မြောင်းလုပ်ငန်းများ
(င) တံတားပြုပြင်ခြင်းလုပ်ငန်းများ
(စ) ကားလမ်းကူးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ
(ဆ) အချက်ပြနှင့်ဆက်သွယ်ရေးအဆောက်အအုံနှင့်ဂိတ်တဲတည်ဆောက်ခြင်းလုပ်ငန်းများ
(ဇ) ဘူတာနှင့် ပလက်ဖောင်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ
(ဈ) DEMUတွဲဆိုင်းများပြုပြင်ထိန်းသိမ်းခြင်းစက်ရုံအတွက် လိုအပ်သောလုပ်ငန်းများ
(ည) အချက်ပြနှင့်ဆက်သွယ်ရေးလုပ်ငန်းအတွက် လိုအပ်သောလျှပ်စစ်ဓာတ်အားပေးခြင်း လုပ်ငန်းဆိုင်ရာ မြို့ပြအင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများ

၂။ အဆိုပါလုပ်ငန်းများအား ပုဂ္ဂလိက ကုမ္ပဏီများဖြင့် ဆောင်ရွက်နိုင်ရန် တင်ဒါခေါ်ယူခြင်းကို လာမည့် ၂၀၁၇ခုနှစ်၊ ဧပြီလဆန်းတွင် ခေါ်ယူသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် တည်ဆောက်ရေး အတွေ့အကြုံရှိ မြန်မာကုမ္ပဏီများနှင့် နိုင်ငံခြားဖက်စပ်တည်ဆောက်ရေး ကုမ္ပဏီများ၊ မြန်မာနိုင်ငံ တွင် မှတ်ပုံတင်ထားသည့် နိုင်ငံခြားကုမ္ပဏီများ အနေဖြင့် မြန်မာ့မီးရထား ရုံးချုပ်၊ နေပြည်တော် ဘူတာကြီးသို့ လူကိုယ်တိုင်ဖြစ်စေ၊ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ဖြစ်စေ ကြိုတင်လေ့လာစုံစမ်းနိုင်ပါ ကြောင်း အသိပေး ကြေငြာအပ်ပါသည်။

ဖုန်းနံပါတ်၊ ၀၆၇-၇၇၀၂၆၊ ၀၆၇-၇၇၀၃၇၊ ၀၉၇၇၇၁၇၇၄၄၉

မြန်မာ့မီးရထား

## မြန်မာနိုင်ငံဗိသုကာအသင်း ရန်ကင်းမြို့နယ် ရန်ကင်းမြို့မဈေး ဗိသုကာဒီဇိုင်းပြိုင်ပွဲ ခေါ်ယူခြင်း

မြန်မာနိုင်ငံဗိသုကာအသင်းမှ ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်အေးလမ်းနှင့် ရန်ငြိမ်းလမ်းအကြားရှိ ရန်ကင်းမြို့မဈေးနေရာကို အဆင့်မြှင့်ကာ အသစ်ဆောက်လုပ်မည့်ဈေးအတွက် စီမံကိန်းပုံစံ (Master Plan) နှင့် အဆောက်အအုံဒီဇိုင်း (Architectural Conceptual Design) များ ရွေးချယ်နိုင်ရန် ဒီဇိုင်းပြိုင်ပွဲပြုလုပ်မည်ဖြစ်ပါသည်။ ၎င်းဒီဇိုင်းပြိုင်ပွဲကို အကြီးတန်းလိုင်စင်ရ ဗိသုကာ (SLA)(သို့) လိုင်စင်ရဗိသုကာ (LA) တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ SLA တစ်ဦး(သို့) LA တစ်ဦးမှ ဦးဆောင်သောအဖွဲ့တစ်ဖွဲ့အနေဖြင့် သော်လည်းကောင်း ဒီဇိုင်းရေးဆွဲကာ ဝင်ရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါသည်။ ပြိုင်ပွဲဝင်တစ်ဦး (သို့) အဖွဲ့တစ်ဖွဲ့လျှင် ဒီဇိုင်းပုံစံတစ်ခုသာ တင်သွင်းခွင့်ရှိမည် ဖြစ်ပါသည်။

(**မှတ်ချက်**။ ။ LA တစ်ဦး (သို့) LA ဦးဆောင်သော အဖွဲ့တစ်ဖွဲ့၏ ဒီဇိုင်းပုံစံကို ရွေးချယ်ခြင်းခံရပါက ဆက်လက်လုပ်ရမည်ဖြစ်သော လုပ်ငန်းစဉ်များတွင် SLA တစ်ဦး၏ ကြီးကြပ်မှုနှင့်အတူ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်)

ပြိုင်ပွဲဝင်ရန် အသေးစိတ်အချက်အလက်များနှင့် ဒီဇိုင်းအချက်အလက်များကို **၁၅ ရက် မတ်လ ၂၀၁၇** မှစ၍ အောက်ပါရုံးလိပ်စာသို့ ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

ပြိုင်ပွဲဝင်ဒီဇိုင်းပုံများကို **၇ ရက် ဧပြီလ ၂၀၁၇၊ ညနေ ၄ နာရီ** နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံဗိသုကာအသင်း**
**အမှတ် (၂၂၈/၂၃၄)၊ တတိယထပ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာန၊**
**ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ဖုန်း-၀၉-၇၃၁၅၄၄၆၀၊ ၀၉-၉၆၃၄၂၂၅၅၆**

## မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသူ/အသင်းသားများ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အစည်းအဝေးကျင်းပမည့်ရက်** - ၂၆-၃-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
**အစည်းအဝေးကျင်းပမည့်နေရာ** - အသံခန်းမ (ဓာတ်လမ်းရုပ်ရှင်ရုံးခွဲ)
**အစည်းအဝေးကျင်းပမည့်အချိန်** - နံနက် ၁၀း၀၀ နာရီ

**မှတ်ချက်**။ ။ အသင်းသူ အသင်းသားများထံသို့ ဖိတ်စာကြိုတင်ပေးပို့ထားပါသည်။ အသင်းသူ/အသင်းသားများမှ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။
- နှစ်စဉ်ကြေးတစ်ပါတည်း ယူဆောင်လာပါရန်။
- မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း မဝင်ရသေးသူများလည်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## တေးရေးဆရာများသို့ မေတ္တာ ရပ်ခံခြင်း

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ မြေမြှပ်မိုင်းနှင့် စစ်ဘေးသင့် မသန်စွမ်းသူများအတွက် မသန်စွမ်းသုံးအထောက်ကူပြုပစ္စည်းများပေးအပ်လှူဒါန်းရန် ရန်ပုံငွေဂီတဖျော်ဖြေပွဲအား ၂၀၁၇ခုနှစ် ဧပြီလ(၁)ရက်နေ့ တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၎င်းဖျော်ဖြေပွဲတွင်ပါဝင် တီးခတ်သူများနှင့် တေးသံရှင်များမှလည်း မေတ္တာဖြင့် အခမဲ့ ကုသိုလ်ယူလာရောက် ကူညီ ဖြေဖျော်ကြမည် ဖြစ်ပါသည်။

သို့ပါ၍ ယင်းပွဲ၌ သီဆိုသော သီချင်းများ၏ မူရင်းတေးဆရာများမှလည်း အခမဲ့ ကုသိုလ်ယူ အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း)

## တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် မဟာသကြၤန်(၁၀)ရက် အဘိဓမ္မာအထူးတရားစခန်းပွဲ ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာနမဟာနာယက ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီးကိုယ်တိုင်ဦးစီး၍ မဟာသကြၤန်(၁၀)ရက် အဘိဓမ္မာအထူးတရားစခန်းကို ၁၂-၄-၂၀၁၇ရက်မှ ၂၁-၄-၂၀၁၇ရက်အထိ ဟောကြားပြသပေးမည်ဖြစ်ပါ၍ ယောဂီများသည် ၁၁-၄-၂၀၁၇ ရက် ညနေ ၃း၀၀ နာရီ အရောက်လာရပါမည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၂၅၀၃၆၅၁၁၅ သို့ ဆက်သွယ်နိုင်ပါသည်။

## အမည်မှန်နှင့် မွေးသက္ကရာဇ်မှန်

မိုးကောင်းမြို့၊ အထက (၁)၊ နဝမတန်း(G1)မှ မောင်ကောင်းမြတ်၏ အမည်မှန်မှာ မောင်မင်းညိုသွင် ဖြစ်ပြီး သတ္တမတန်း (C) မှ မောင်ထက်မြတ်၏ အမည်မှန်နှင့် မွေးသက္ကရာဇ်မှန်မှာ မောင်တည်ကြည် ၂၀-၁၂-၂၀၀၃ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး ကုန်စိမ်း/ကုန်စုံဆိုင်ခန်းရုံအမှတ် (၂၀)၊ ဆိုင်ခန်းအမှတ် ၂၂၉အား မကွေးမြို့၊ (၇)လမ်း၊ ရန်မျိုးနိုင်ရပ်ကွက်၊ အမှတ် (၁၈၇)နေ ဒေါ်ခင်မမ ၈/မကန(နိုင်)၁၈၈၅၈၇ အမည်ပေါက်ပိုင်ဆိုင်ပြီး ချောက်မြို့၊ အမှတ် (၁၅)နယ်မြေ၊ လမ်းမတော်၊ အမှတ် (၁၇၄၉)နေ ဦးထွန်းဝေ ၈/မလန(နိုင်)၀၀၄၀၃၃ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြည့်စွက်ခေါ်ဆိုပါရန်

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဆန်ဆိုင်းဝန်ထမ်းအိမ်ရာ၊ အမှတ်(အေ/၁၀)နေ မောင်သူရလွင်အောင် ၁၃/တခလ(နိုင်)၀၆၄၁၅၀အား မောင်သူရလွင်အောင်(ခ)မောင်ပြည့်ဟိန်းနိုင်ဟု အမည်ပြည့်စွက်ခေါ်ဆိုပါရန်။ **မောင်သူရလွင်အောင် (ခ) မောင်ပြည့်ဟိန်းနိုင်**

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အထက(၂)မှ မထက်ထက်၊ တက္ကသိုလ်ဝင်တန်း၏ ဖခင်အမည်မှန်မှာ ဦးညွှန့်လှိုင် ၉/ညဥန(နိုင်)၀၂၉၀၂၇ ဖြစ်ပါကြောင်း။ **ဦးညွှန့်လှိုင်**

# ဝင်ငွေခွန်(ကြိုတင်ခွန်)များ အချိန်မီပေးသွင်းကြရန် အသိပေးနှိုးဆော်ခြင်း

ဝင်ငွေနှစ် တစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်ကျသင့်သည့် အခွန်ငွေများကို(ကြိုတင်ခွန်)အဖြစ် သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း တည်ဆဲဝင်ငွေခွန်ဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ပေးသွင်းရန်ပျက်ကွက်ခြင်း၊ လျော့နည်းပေးသွင်းခြင်းများ ပေါ်ပေါက်ခဲ့ပါက ယင်းပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့နည်းငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်ဟု ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-က ပုဒ်မခွဲ(ဂ)တွင် ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)တွင် လက်ရှိအခွန်ထမ်းဆောင်နေကြသည့် ကုမ္ပဏီလုပ်ငန်းများနှင့် လက်ရှိဝင်ငွေနှစ်အတွင်း ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေကြသော ကုမ္ပဏီလုပ်ငန်းများတို့သည် မိမိတစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ကျသင့်ဝင်ငွေခွန်များကို သတ်မှတ်အချိန်ကာလအတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

ယခုအခါ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်ဆုံးရန် လွန်စွာနီးကပ်နေပြီဖြစ်ပါသဖြင့် ၃၁-၃-၂၀၁၇ရက်ထက် နောက်မကျဘဲ မိမိပေးသွင်းရမည့်ဝင်ငွေခွန်များကို တွက်ချက်၍ အချိန်မီပေးသွင်းကြပါရန် ထပ်ဆင့်အသိပေးနှိုးဆော်အပ်ပါသည်။ အကယ်၍ ပေးသွင်းရန်ပျက်ကွက်ခြင်း၊ လျော့နည်းပေးသွင်းခြင်းများပေါ်ပေါက်ပါက ယင်းပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့နည်းပေးသွင်းငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ဒဏ်ငွေများ အပြည့်အဝတပ်ရိုက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

မိမိပေးသွင်းရမည့် အခွန်ငွေများပေးသွင်းမည်ဆိုပါက အောက်တွင် ဖော်ပြပါရှိသည့်လိပ်စာပါ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)တည်ရှိရာသို့ လာရောက်၍ သတ်မှတ်ဘဏ်ငွေသွင်းချလန်များထုတ်ယူပြီး မြန်မာ့စီးပွားရေးဘဏ်(၂) ငွေစာရင်းအမှတ် MD 010145 သို့ ပေးသွင်းရမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ရုံးလိပ်စာ -** အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)
အမှတ် ၅၆/၆၄၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်
လောကနတ်ပန်းချီပြခန်း၏အပေါ်ထပ်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**စုံစမ်းမေးမြန်းနိုင်သည့်ဖုန်းနံပါတ်များ**

- ၀၁-၃၇၀၄၁၀
- ၀၁-၃၇၀၄၁၁
- ၀၉-၂၅၅၈၀၃၇၁၀ [ဒေါ်နွယ်နီမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၁)]
- ၀၉-၄၄၈၅၄၆၉၂၀ [ဒေါ်စောဥမ္မာ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၂)]
- ၀၉-၄၉၃၀၀၀၄၉ [ဦးအောင်ကျော်ထူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၃)]
- ၀၉-၅၀၆၁၇၄၄ [ဒေါ်သက်သက်နွယ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၄)]
- ၀၉-၃၁၁၂၉၉၈၆ [ဒေါ်အေးအေးစိုး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၅)]
- ၀၉-၅၃၁၂၈၈၉ [ဒေါ်မာလာအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၆)]

**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)**
**ပြည်တွင်းအခွန်များဦးစီးဌာန**




အကယ်ဒမီ ရရှိကြသော
အနုပညာရှင်၊ အတတ်ပညာရှင်များအား

SPEED
Energy Drink

မှ အထူးဝမ်းမြောက် ဂုဏ်ယူမိပါသည်။

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ချာချီးယား
ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
မြောက်ပိုင်း၊
ရွှေပြည်သာမြို့နယ်
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862


**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5J/4146 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1F/6200 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**






**ဖခင် အမည်မှန်**

လှိုင်ကော်မြို့၊ အထက (ကုန်းသာ)မှ မောင်ကျော်ဖေ၏ ဖခင်အမည်မှန်မှာ ဦးရှင်လတ် ၂/လကန(နိုင်)၀၃၃၈၅၄ ဖြစ်ပါကြောင်း။ **ဦးရှင်လတ်**

**ဖခင် အမည်မှန်**

လှိုင်ကော်မြို့၊ အထက (နွားလဝိုး) နဝမတန်း(A) မှ မထွန်းမြာ၏ ဖခင်အမည်မှန်မှာ ဦးတရီး ၂/လကန(နိုင်)၀၅၄၇၈၁ ဖြစ်ပါကြောင်း။ **ဦးတရီး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2D/2596, Toyota Landcruiser, SER, KZI 95 PRAD ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်လတ် ၁၂/ဗတထ(နိုင်)၀၀၀၃၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ရုံး(မြစ်ကြီးနား)**

# ကုန်အမှတ်တံဆိပ်သတိပေးချက်

15-1, Kyobashi 1-chome, Chuo-ku, Tokyo, Japan တွင်တည်ရှိပြီး ဂျပန်နိုင်ငံ၏ ဥပဒေများအတိုင်း မှတ်ပုံတင်ဖွဲ့စည်းထားသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် **Ajinomoto Co., Inc.,** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များ၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

**Birdy**

**မှတ်ပုံတင်အမှတ် ၅၈၈၃-၂၀၀၈**
အတန်းအစားအမှတ် (၃၀)တွင် ပါဝင်သော ကော်ဖီ၊ လက်ဖက်ရည်၊ ကိုကို၊ ကော်ဖီအခြေပြု အဖျော်ရည် စသည်ဖြင့်။







**AJI-NO-MOTO**

**မှတ်ပုံတင်အမှတ် ၁၄၁၁-၁၉၅၃**
အတန်းအစားအမှတ် (၃၀)တွင် ပါဝင်သော MSG အဓိက ပါဝင်ပေါင်းစပ်ထားသော ဟင်းခတ်အမွှေးအကြိုင်များ။

**Ajinomoto Co., Inc.** နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများ၏ ကုန်ပစ္စည်းများအပေါ်တွင် အထက်ဖော်ပြပါအမှတ်အသားများကို အောက်တွင်နမူနာဖော်ပြပါရှိသည့်အတိုင်း ကန့်သတ်ချက်မထားရှိပါပဲ အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြထားသော အမှတ်အသားများ၊ အမည်များနှင့် ထုတ်ကုန်များ၏ ကုန်အမှတ်တံဆိပ်၊ ကုန်သွယ်မှုအမည်၊ ကုန်အမှတ်တံဆိပ်အသွင်အပြင်ဖော်ပြချက်နှင့် အခြားသက်ဆိုင်သည့်အသိဉာဏ ပစ္စည်းဆိုင်ရာအခွင့်အရေးများကို **Ajinomoto Co., Inc.** က ပိုင်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။ ကုန်ပစ္စည်းအတုများနှင့် ဆင်တူယိုးမှားတုပပြုလုပ်ထားသော ကုန်ပစ္စည်းများအပါအဝင် ၎င်း၏ အသိ ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်သည့် မည်သည့်အပြုအမူကိုမဆို **Ajinomoto Co., Inc.** က သိရှိပါက ၂၀၁၇ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ နောက်ပိုင်းမှစတင်ကာ **Ajinomoto Co., Inc.** နှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းတို့၏ အသိဉာဏပစ္စည်း သို့မဟုတ် ဥပဒေကြောင်းအရ ရရှိထားသည့် အခြားအခွင့်အရေးများကို ချိုးဖောက်သူ မည်သူကိုမဆို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သက်ဆိုင်ရာဥပဒေများနှင့်အညီ ဥပဒေကြောင်းအရ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကုန်သွယ်ဘက်များနှင့် အများပြည်သူကို အသိပေးကြေညာလိုသည်မှာ Ajinomoto Co., Inc.၏ မိတ်ဖက် အဖွဲ့အစည်းဖြစ်သည့် Ajinomoto Co., (Thailand) Ltd. (ရန်ကုန်ဌာနခွဲ) သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်ပုံတင်အတည်ပြုချက်နှင့်အညီ မြန်မာနိုင်ငံတွင် လုပ်ငန်းများစတင်ဆောင်ရွက်လျက် ရှိပါသည်။

ဒေါ်မေသွယ်လှိုင် LL.B., LL.M., (H.G.P.)
**Ajinomoto Co., Inc. ၏ကိုယ်စား**
**Tilleke & Gibbins Myanmar Ltd.** အမှတ်-၁၆၀၈၊ (၁၆) ထပ်၊ ဆာကူရာတာဝါ၊ အမှတ်(၃၃၉)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ။

## မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲနှင့် စာနယ်ဇင်းဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပပြီးစီး

စာမျက်နှာ - ၅

## မတ်လအတွင်းတွင် ပင်လယ်ရေကြောင်း ပြည်ပဆန်တင်ပို့မှု မြင့်တက်လာ

စာမျက်နှာ - ၁၆

## မူဆယ် သစ်သီး ကုန်စည်ဒိုင်သို့ ကုန်ကား အဝင်နည်းလာ



စာမျက်နှာ - ၁၈

## ရန်ကုန်မြို့(အရှေ့ခြမ်း) မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကြောင့် လယ်ယာမြေ သစ်များထွက်ပေါ်

စာမျက်နှာ - ၁၉

# ငါးနိုင်ငံပါဝင်ယှဉ်ပြိုင်ထိုးသတ်သည့် ရိုးရာလက်ဝှေ့နှင့် မွေထိုင်းအားပြိုင်ပွဲ စောဂေါ်မူဒို(မြန်မာ)နှင့် အိကျူစံ(ထိုင်း)တို့ အရှုံးအနိုင်မပေါ်ခဲ့



စောဂေါ်မူဒို(မြန်မာ)နှင့် အိကျူစံ(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်**

**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး H & S Group နှင့် Phoenix Fight တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် ငါးနိုင်ငံပါဝင်ယှဉ်ပြိုင် ထိုးသတ်ခဲ့သော ရိုးရာလက်ဝှေ့နှင့် မွေထိုင်း အားစမ်းပြိုင်ပွဲကြီးကို မတ် ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ အဓိကတွဲဆိုင်းအဖြစ် ယှဉ်ပြိုင်ထိုးသတ်သည့် စောဂေါ်မူဒို(မြန်မာ)နှင့် အိကျူစံ(ထိုင်း)တို့ အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့် ပြီးဆုံးခဲ့သည်။

ယနေ့ကျင်းပသည့် မြန်မာ၊ ထိုင်း၊ ဂျပန်၊ အင်္ဂလန်နှင့် ဩစတြီးယားတို့ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် Lethwei Fight 2 ပြိုင်ပွဲတွင် လေးချီတွဲဆိုင်း သုံးဆိုင်းနှင့်ငါးချီတွဲဆိုင်း ငါးဆိုင်း စုစုပေါင်း တွဲဆိုင်းရှစ်ဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ လေးချီတွဲဆိုင်းများဖြစ်သည့် ထွန်းမင်းနိုင်(မုဒုံ)နှင့် သိန်းနိုင်ထွန်း(ယူနိုက်တက်)တို့ပွဲတွင် လေးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့်ပြီးဆုံးခဲ့ပြီး ဇာမဏီသွေး(ရေသား)နှင့် သန့်ဇင်ဝင်း (ထွန်းသွင်)တို့ပွဲတွင်လည်း သရေကျခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၅

## MNL ပွဲစဉ်(၆)ရွှေ့ဆိုင်းပွဲစဉ်

# Southern နှင့် မကွေး ယနေ့ ကစားမည်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

**ရန်ကုန် မတ် ၁၉**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆) လက်ကျန်ပွဲဖြစ်သည့် Southern အသင်းနှင့် မကွေးအသင်းတို့ပွဲကို မတ် ၂၀ ရက်(ယနေ့) ညနေ ၃ နာရီခွဲတွင် မော်လမြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပွဲမှာ ဖေဖော်ဝါရီလက ယှဉ်ပြိုင်ရမည့်ပွဲဖြစ်သော်လည်း မကွေးအသင်း၏ AFC Cup ပြိုင်ပွဲ အုပ်စုပထမပွဲကြောင့် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ ယခုပွဲမှာ နှစ်သင်းစလုံးအတွက် အရေးပါလျက်ရှိပြီး မကွေးအသင်းမှာ အဆင့်(၆) နေရာကိုလည်းကောင်း၊ Southern အသင်းမှာ တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရေးအတွက် နိုင်ပွဲရယူနိုင်ရန် လိုအပ်နေသည်။ ယခုပွဲတွင် လက်ရွေးစင်ကစားသမားများ အပါအဝင် လူစုံပါဝင်နိုင်မည်ဖြစ်ပြီး မကွေးအသင်းတွင် ဒဏ်ရာရနေသည့် နန္ဒကျော်၊ တစ်ဦးတည်းသာ လွဲချော်မည်ဖြစ်သည်။ မတ် ၁၄ ရက် ပွဲအပြီး ပြိုင်ပွဲခေတ္တရပ်နားချိန်တွင် မကွေးအသင်းက ရှစ်ပွဲကစား ကိုးမှတ်ဖြင့် အဆင့်(၇)၊ Southern အသင်းက ရှစ်ပွဲကစား ခြောက်မှတ်ဖြင့် အဆင့်(၁၁) နေရာ တွင် ရပ်တည်လျက်ရှိသည်။

Southern နှင့် မကွေးအသင်းသည် ပြီးခဲ့သည့်ရာသီ တွေ့ဆုံစဉ်က ပထမအကျော့တွင် တစ်ဂိုးစီသရေကျထားပြီး ဒုတိယအကျော့တွင် မကွေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၉**

ထူးခြားသည့် နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ (မိုး/၈လ)



အဝေးကွင်းပွဲကစားရမည့် မကွေးအသင်း

